ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ စနေနေ့ (9-11-2013) (၇၆၅၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၇	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၈	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၈	ဒီဂရီစင်တီဂရိတ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဘာသာခွဲများ၊ လူမျိုးများအကြား သဟဇာတရှိရှိနေထိုင်ရေး ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလီးစ်မြို့ရှိ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘာသာခွဲများ၊ လူမျိုးများအကြား သဟဇာတရှိရှိနေထိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလီးစ်မြို့ရှိ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှုမောဖွယ်ရာ သာယာလှပသည့် အသည်းပုံ ရိဒ်ရေကန်

ဖလမ်း နိုဝင်ဘာ ၈

ချင်းပြည်နယ် ဖလမ်းမြို့နယ် အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်ခေါဒါရ်မြို့နယ်ခွဲရှိ ရိဒ်တောင်တန်းပေါ်တွင် ရိဒ်ရေကန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေမြင့်သော တောင်တန်းများအကြားတွင် သဘာဝအလျောက်ထူးဆန်းစွာ ဖြစ်ပေါ်တည်ရှိကာ အသည်းပုံသဏ္ဌာန်သဖွယ်မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်ရှိသမျှ ရေကန်များနှင့်မတူဘဲ တစ်မူထူးခြားစွာ ဆန်းကြယ်လှသည့် ရေကန်ကြီး ဖြစ်သည်။

အဆိုပါ အသည်းပုံ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်တွင် စတင်တွေ့ရှိခဲ့သည်ဟု ခန့်မှန်းရပြီး ရေကန်၏ အကျယ်အဝန်းမှာ ဧရိယာ ၈၃၂ ဧကရှိကာ ရေကန်ပတ်လည်အနားမှာ ၂ ဒသမ ၅ မိုင်ရှည်လျား၍ ပျမ်းမျှအနက်ပေ ၅၀ နှင့် အနက်ဆုံးနေရာတွင် ပေ ၆၀ ခန့်ရှိပြီး ချင်းပြည်နယ်၏ အမျိုးသားဂုဏ်ဆောင် သင်္ကေတ

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဦးအောင်နိုင်
-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
For Series 3/2014
Ph: 01-377 610, 09 730 99 752, 09 730 66 231, 09 515 10 24

ကြေးမုံ စာတည်း ရှုထောင့် — **၉-၁၁-၂၀၁၃၊ စနေနေ့**

ရေအရင်းအမြစ်ထိန်းသိမ်း

ယခုအခါ မုတ်သုံရာသီကုန်ဆုံးပြီဖြစ်၍ သဘာဝမိုးရေ ကွယ်ပျောက်သွားပြီဖြစ်ရာ ရရှိထားသော သဘာဝရေတို့ကို စနစ်တကျစီမံထိန်းသိမ်းခြင်းအားဖြင့် စိုက်ပျိုးရေနှင့် သုံးရေတို့ကို စဉ်ဆက်မပြတ်အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဟူသည့်မြစ်ကြီးလေးသွယ်အပြင် အခြားမြစ်ချောင်းအင်းအိုင်ကန်မြောင်းများလည်း အမြောက်အမြားရှိသည်။ ထိုရေရှိရာနေရာများ မတိမ်ကောဘဲ ပိုမိုအားကောင်းနေမှသာ စိုက်ပျိုးရေ၊ သောက်သုံးရေ ပြည့်စုံလုံလောက်မည်ဖြစ်သည်။

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်သန်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်ရာ ထိုရေကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် စီးပွားရေးစွမ်းဆောင်ရည်ရှိမှု၊ မျှတမှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုဟူသည့် ပင်မဒေါက်တိုင်များဖြစ်စေသည်။

သို့သော် လူတို့အနေဖြင့် ရေကိုရေလိုသာကြည့်ပြီး သူ့သဘာဝအတိုင်း ရှုမြင်တတ်ကြသည်။ ရေကို အသုံးပြုရန်သာမှတ်ယူထားကြပြီး ထိန်းသိမ်းစောင့်ရှောက်ရန် အလေးမမူမိကြ။ ထို့ကြောင့် ရေသည် သဘာဝအခြေအနေအရပ်ရပ်ကြောင့် အဟောသိကံဖြစ်ရပြီး ရေကိုထိထိရောက်ရောက် အကျိုးရှိစွာအသုံးမပြုနိုင်ခဲ့ချေ။

ယခုအခါ တစ်နိုင်ငံလုံး၏ ရေအရင်းအမြစ်ကို ဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန်၊ ရှိပြီးသားရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကိုအခြေပြု၍ မျှတသောရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံးပါဝင်သည့် ပွင့်လင်းမြင်သာမှုရှိသော ဘက်စုံရေစီမံခန့်ခွဲမှုစနစ်တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ထားကြောင်းသိရသည်။

ထိုသို့ဖွဲ့စည်းဆောင်ရွက်ထားသောကြောင့် မြန်မာနိုင်ငံတွင် ပေါများလှသော သဘာဝရေများကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူဖြစ်စေခြင်း၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာမှုကို ကာကွယ်နိုင်ခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်ခြင်း၊ လက်ရှိနှင့် အနာဂတ်လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များအတွက် သင့်တင့်မျှတမှုနှင့် လုံခြုံစိတ်ချမှုကို ရရှိစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပေသည်။

မူလက ရေနှင့်ပတ်သက်၍ အမှုမဲ့အမှတ်မဲ့နေထိုင်တတ်သော ဓလေ့များပပျောက်ပြီး ရေကိုစနစ်တကျစီမံခန့်ခွဲတတ်သော လုပ်ဆောင်မှုများပေါ်ထွန်းလာအောင် နိုင်ငံတော်နှင့် အဖွဲ့အစည်းများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလတွင် ပြည်သူများအနေဖြင့်လည်း တစ်တပ်တစ်အား အသိတရားရှိရှိပါဝင်သင့်ပေသည်။

ရေကိုတန်ဖိုးထားတတ်ရန်၊ ရေကိုချွေတာတတ်ရန်၊ ရေကို ရေရှည်အကျိုးရှိရှိ အသုံးပြုနိုင်ရန်၊ ရေစီမံခန့်ခွဲရေးအတွက် သင့်တော်သော အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန်၊ ရေအရင်းအမြစ်နှင့်ပတ်သက်သည့် သတင်းစုဆောင်းဖြန့်ဝေရန်၊ ရေအရင်းအမြစ်များ ထိန်းသိမ်းရာတွင် လူမှုရေး၊ ယဉ်ကျေးမှုစသည့် လူမှုရှုထောင့်မှ ရှုမြင်တတ်ရန်၊ သင့်တော်သော နည်းပညာများကို အသုံးချတတ်ရန်တို့ လိုအပ်ပါသည်။

လူတို့အနေဖြင့် ရေမလုံလောက်လျှင် ရေလိုပါသည်ဟု ညည်းတွားတတ်ပြီး ရေကိုမည်သို့ ထိန်းသိမ်းရမည်၊ မည်သို့ချွေတာရမည်၊ မည်သို့ဆောင်ရွက်ရမည်တို့ကို သိရှိနားလည်ခြင်း မရှိခဲ့သည့်အခြေအနေမှ ယခုကဲ့သို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်နိုင်မှုကြောင့် အသိအမြင်တိုးပွားလာရုံမက အကျိုးကျေးဇူးများလည်း ကြီးမားစွာရရှိလာမည်ဖြစ်သည်။

သက်ရှိသတ္တဝါတို့နှင့် သဘာဝပတ်ဝန်းကျင်ကို ထိရောက်စွာ အကျိုးပြုမည့် သဘာဝရေအရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့ အသိပေးနှိုးဆော်အပ်ပါသည်။ ။

အရိုးရောဂါပညာအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(ဘီ)၌ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ပွဲကိုလည်းကောင်း၊ သက်ကြီးအရိုး ဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရက်ကန်းနှင့် အထည်ဒီဇိုင်းနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

ဝါး၊ ကြိမ်နှင့် သစ်လက်မှုထည်ပစ္စည်းထုတ်လုပ်နည်းသင်တန်းများ သင်ကြားရန်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သင်တန်းသားများ နှစ်စဉ်စေလွှတ်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ကျွမ်းကျင်ပညာရှင်များ သင်တန်းလာရောက်ပို့ချပေးရေးတို့အတွက် Letter of Intent (LoI) လက်မှတ်ရေးထိုးဆောင်ရွက်ရေး ကိစ္စများ ရက်ကန်းရက်လုပ်ခြင်းနည်းပညာ၊ ဆိုးဆေးနည်းပညာ၊ ဆေးဆိုးပန်းရိုက်နည်းပညာနှင့် အထည်ဒီဇိုင်း နည်းပညာများကို မြန်မာနိုင်ငံရှိ ရက်ကန်းကျောင်းများမှ ဆရာ ဆရာမများကို အိန္ဒိယနိုင်ငံသို့ခေါ်ယူ၍ သင်တန်းများ ပို့ချပေးရေး၊ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်အဆင့်ရှိသူများကို အိန္ဒိယနိုင်ငံသို့ ခေါ်ယူ၍ ချည်မျှင်နှင့်အထည်နည်းပညာရပ်များကို သုံးနှစ်ဒီပလိုမာသင်တန်းကို ပညာသင်ဆုအဖြစ် လက်ခံသင်ကြားပေးရေး၊ မြန်မာနိုင်ငံမှ ဆရာ ဆရာမများကို အိန္ဒိယနိုင်ငံသို့ ခေါ်ယူပြီး စက်ချုပ်သင်တန်းများနှင့် ပတ်သက်၍ Cutting Making and Packaging (CMP) သင်တန်းများ သင်ကြားပေးရေးအတွက် MoU လက်မှတ်ရေးထိုးဆောင်ရွက်ရေးကိစ္စများ၊ ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းကျောင်းများအတွက် စက်ရက်ကန်းများ အထောက်အပံ့ရရှိရေး ကိစ္စများကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Ministry of Textile မှ Joint Secretary Mrs. Monika Grag ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

[illegible]	နိုဝင်ဘာ ၈
[illegible]ဈေး	၆၈၄၄၀၀ -၆၈၅၄၀၀
မန္တလေးရွှေဈေး	၆၈၄၀၀၀ -၆၈၅၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၀၁. ၆
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၀. ၉၇
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၅၈
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၉၀
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၄. ၈၀
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၇၆
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၈၉. ၃၁
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၄၁၄
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၇. ၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　နိုဝင်ဘာ　၈

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အပြည်ပြည်ဆိုင်ရာလွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းဆိုင်ရာစက်ပစ္စည်းပြပွဲဖွင့်

ရန်ကုန်　နိုဝင်ဘာ　၈

ဒုတိယအကြိမ်မြောက် မြန်မာ့အပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် MCCခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယခုကုန်စည်ပြပွဲ ကျင်းပသည့်ကာလ၌ ပြည်တွင်းနှင့်နိုင်ငံတကာမှလာရောက်ပြသကြသည့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံများ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများရှာဖွေပြုလုပ်နိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများလွှဲပြောင်းရရှိနိုင်ခြင်းတို့အပြင် ပို့ကုန်/သွင်းကုန်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းစသည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်းနှင့် ပြည်တွင်းပြည်ပ စက်မှုလုပ်ငန်းရှင်များအတွက် အပြန်အလှန်အကျိုးရှိသော ပြပွဲကြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ UMFCCI ဒုတိယဥက္ကဋ္ဌနှင့် Yorkers Trade &Marketing Service Co.,Ltd.မှ Management Director တို့က စက်ပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ပြပွဲတွင်ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများကို ပြည်တွင်း ပြည်ပကုမ္ပဏီ ၁၂၀ မှပြခန်းပေါင်း ၃၀၀ ဖြင့် နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ရွှေ့ဖုံးမှ**

တစ်ခုအဖြစ် တန်ဖိုးထားသတ်မှတ်သော ရေကန်ကြီးတစ်ခုဖြစ်သည်။

ရိဒ်ရေကန်၏ အံ့သြဖွယ် ထူးခြားမှုများမှာ စတင်တွေ့ရှိသည့်အချိန်မှ ယခုအချိန်အထိ ရေကန်၏ ရေအတိမ်အနက်၊ အကျယ်အဝန်းများ ပြောင်းလဲခြင်းမရှိဘဲ ပကတိအတိုင်း တည်ရှိနေခြင်း၊ ခြောက်သွေ့မြင့်မားသော တောင်တန်းများကြားတွင် ရေကန်ကြီး ဖြစ်ပေါ်လာခြင်း၊ ချောင်းရေမြောင်းရေ စီးမဝင်ဘဲ မိုးရာသီတွင် ကန်ရေပြင်ကြည်လင်၍ ဆောင်းနှင်းထန်သည့် အချိန်တွင် ကန်ရေပြင်ရဲရဲနီပြီး ရေနောက်မှုမရှိဘဲ နှစ်စဉ် နှစ်တိုင်း ဒီဇင်ဘာလကုန်ပိုင်း အအေးဆုံးကာလတွင် ခုနစ်ရက်မှ ၁၀ရက်ခန့်အထိ ရေကန်မှရေများ နောက်ကျိသည့် အချိန်ရှိခြင်းတို့ကြောင့် ထူးဆန်းသည့်ရေကန်ကြီးအဖြစ် ထင်ရှားလျက်ရှိသည်။

ယင်းအပြင် သဘာဝအလျောက်ပေါက်ရောက်သည့် ကြာဖြူ ကြာနီပန်းများ၊ ဗေဒါပန်းများ၊ မိုးမခပင်များနှင့် မိုးမခပင်ပေါ်မှ သဘာဝအလျောက်ပေါက်သည့် ရှားပါးသစ်ခွပန်းအလှမျိုးစုံတို့က အသည်းပုံ ရိဒ်ရေကန်ကြီးကို အလွန်သာယာလှပစေပြီး ရှုမောစဖွယ်ဖြစ်အောင် အလှတန်ဆာဆင်ထားသည့်အတွက် စိတ်ဝင်စားဖွယ် ထူးဆန်းလှပသည့် ရိဒ်ရေကန်ကြီးဆီသို့ အရောက်လှမ်းစေရန်အထိ အလွန်ဆွဲဆောင်မှုရှိလှသော ရေကန်ကြီးလည်းဖြစ်သည်။

ယင်းသို့ဖြင့် ရိဒ်ရေကန်ကြီးသည် ထူးခြားဆန်းကြယ်လှပပြီး အလွန်ရှားပါးသော ရေကန်ကြီးတစ်ခုဖြစ်သည်နှင့်အညီ ရေကန်အတွင်းရှိ သားငါးများ မျိုးမပြုန်းတီးစေရေးအတွက် ကာကွယ်ခြင်း၊ ရေကန်ဘေးပတ်လည် စိမ်းလန်းစိုပြည်သာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ခြင်း၊ သဘာဝအလှပန်းပင်များနှင့် သစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ဆန္ဒပြုရေးသားလိုက်ပါသည်။

(ဂျိုးနက်)

လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

နေပြည်တော်　နိုဝင်ဘာ　၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၃၅၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၂၃၀ နှင့် နော်ဝေနိုင်ငံ Fritt Ord. Foundation မှအဖွဲ့ဝင် ကိုးဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ပြေးဆွဲနေသော RBE အဆင့်မြင့် အဲကွန်းရထား လှည်းတန်းဘူတာ၌ ရပ်တန့်ပေးပြီ

နေပြည်တော်　နိုဝင်ဘာ　၈

မြန်မာ့မီးရထားသည် ရန်ကုန်မြို့တော်နေ ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းတွင် RBE အဆင့်မြင့် Air Con ရထားအား အောက်တိုဘာ ၅ ရက်မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် ခရီးသွားပြည်သူများ၏ တင်ပြချက်အရ လှည်းတန်းဘူတာ၌ ရပ်တန့်ပေးနေပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့မီးရထား)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် ဓာတ်အားခပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန်　နိုဝင်ဘာ　၈

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် **(အပေါ်ပုံ)**သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဓာတ်အားခတိုးမြှင့်ရခြင်း၏ အခြေခံအကြောင်းရင်းများဖြစ်သော လျှပ်စစ်စွမ်းအားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ၊ လက်ရှိလျှပ်စစ်ဓာတ်အားကဏ္ဍ၏ ဘဏ္ဍာရေးအခြေအနေ၊ အခြေခံလူတန်းစားများနှင့် အသေးစား/အလတ်စား စက်မှုစီးပွားရေးလုပ်ငန်းများအပေါ် အခြေခံသက်ညှာမှု၊နိုင်ငံတကာဓာတ်အားခနှုန်းထားများ၊ လျှပ်စစ်ဓာတ်အားကဏ္ဍဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲထိ လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လှိုင်သာယာစက်မှုဇုန်ကော်မတီတာဝန်ရှိသူများ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ပြည်သူအင်အား ၂၂၀ ခန့်အား လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီထိ သယ်န်းကျွန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးစုဝေးခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူအင်အား ၂၀၀ခန့်အားလည်းကောင်း၊ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီ ခွဲမှ ၁၁ နာရီ ၁၅ မိနစ်ထိ ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်း အထက(၁) ရွှေပြည်ရတနာခန်းမ၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လုပ်ငန်းရှင်များနှင့် ပြည်သူ ၁၉၀ ခန့်အားလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်ခန်းမ၌ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၂ နာရီ မိနစ်၂၀ ထိ မင်္ဂလာဒုံ-ထောက်ကြန့်မြို့နယ်အတွင်းရှိ ကျေးရွာမီးလင်းရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ စက်မှုဇုန်ကော်မတီဝင်များ အင်အား ၁၃၀ ခန့်နှင့် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ညနေ ၃ နာရီ ၁၅ မိနစ်မှ ညနေ ၄ နာရီ ၅ မိနစ်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူအင်အား ၁၄၅ ဦးခန့်တို့အား လည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အင်အားအပြင်းထန်ဆုံး တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန် ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်၊ လေးဦးသေဆုံး

မနီလာ နိုဝင်ဘာ ၈

ကမ္ဘာပေါ်တွင် တိုက်ခတ်ခဲ့ဖူးသမျှ တိုင်ဖွန်းမုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံး တိုင်ဖွန်းမုန်တိုင်းအဖြစ် သတ်မှတ်ခံရသော ဟိုင်ယန်အမည်ရှိ စူပါတိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ရာ ဒေသအများအပြား၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ပြီး လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေးဦးသေဆုံးသည်ဟု သတင်းများရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဟိုင်ယန်မုန်တိုင်းသည် ကမ်းရိုးတန်းဒေသကို ဖြတ်သန်းကာ အင်အား ပြင်းထန်စွာဖြင့် ဝင်ရောက်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းကို မုန်တိုင်းဖြတ်ကျော်ချိန်တွင် လေတိုက်ခတ်နှုန်း တစ်နာရီလျှင် ၃၁၅ ကီလိုမီတာ(တစ်နာရီလျှင် ၁၉၅မိုင်) နှုန်းရှိသည်။

ဝင်ရောက်

ကုန်းတွင်းပိုင်းသို့ မုန်တိုင်းစတင်ဝင်ရောက်သည့် နေရာမှာ ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ အရှေ့တောင်ဘက် ၄၀၅ မိုင်အကွာတွင်ဖြစ်သည်။ ဆာမားကျွန်း၏ တောင်ဘက်စွန်းမှ စတင်ဝင်ရောက်လာခဲ့ပြီး လိတ်ကျွန်းကို ဆက်လက်ဖြတ်သန်းကာ အခြားသော ကျွန်းများပေါ်သို့ မုန်တိုင်းဝင်ရောက်လာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်ပြီး လူဦးရေ ၂ ဒသမ ၅သန်းနေထိုင်ရာ စီဘူးမြို့အပါအဝင် စီဘူးကျွန်း၏ မြောက်ဘက်ဖျားဒေသတွင်လည်း မုန်တိုင်းဒဏ်ကို တွေ့ကြုံခံစားခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိသည်။ ပြည်နယ်ပေါင်း ၂၀ တွင် နေထိုင်သော ပြည်သူသန်းပေါင်းများစွာတို့မှာ ဘေးလွတ်ရာသို့ ထွက်ခွာကာ ခိုလှုံခဲ့ကြရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားကြသည်။

စီအင်န်အင်န်။

ဖိလစ်ပိုင်နိုင်ငံ ကိုတာဘာတိုပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုနေသည်ကို တွေ့ရစဉ်။

ပါတီရုံးအပြင်ဘက် ဗုံးပေါက်ကွဲမှုများအတွက် သံသယရှိသူတစ်ဦးကို ဖမ်းဆီး

ပေကျင်း နိုဝင်ဘာ ၈

တရုတ်နိုင်ငံ ရှန်းစီးပြည်နယ် တိုက်ယွမ်မြို့ရှိ ကွန်မြူနစ်ပါတီရုံး အဆောက်အအုံ အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ သံသယရှိသူတစ်ဦးကို ရဲတပ်ဖွဲ့က နိုဝင်ဘာ ၈ ရက်၌ ဖမ်းဆီးလိုက်သည်။

နိုဝင်ဘာ ၆ရက်က ဗုံးပေါက်ကွဲသံ ခုနစ်ကြိမ်မျှ ပေါ်ထွက်ခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုများကြောင့် တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။ တိုက်ယွမ်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ အဖမ်းခံရသူမှာ ဖန်းကျီယွန်းဆိုသူဖြစ်ပြီး အသက် ၄၁နှစ်ရှိကာ ခိုးမှုဖြင့် ထောင်ကိုးနှစ် ကျခံခဲ့ဖူးသူဖြစ်သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုများကို မည်သည့် စေ့ဆော်မှုအရ လုပ်ဆောင်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

အေပီ။

ကွန်ဂို အမ် ၂၃ သူပုန်ခေါင်းဆောင် လက်နက်ချ



ကမ်ပါလာ(ယူဂန္ဓာ) နိုဝင်ဘာ ၈

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ထကြွနေသည့် အမ် ၂၃ သူပုန်အုပ်စု၏ ခေါင်းဆောင်(ယာပုံ)သည် ယူဂန္ဓာနိုင်ငံတွင် လက်နက်ချခဲ့ကြောင်း ဘီဘီစီသို့ သတင်းပေးခဲ့သည်ဟု ကြာသပတေးနေ့တွင် ဖော်ပြသည်။

နောက်လိုက်နောက်ပါ အမ် ၂၃ တိုက်ခိုက်ရေးသမား ရာပေါင်းများစွာနှင့်အတူ ဆူလ်တာနီမာကင်ဂါသည် ယူဂန္ဓာနိုင်ငံ မဂါဟင်းဂါ အမျိုးသားဥယျာဉ်သို့ လာရောက်၍ သူကိုယ်တိုင် လက်နက်အပ်နှံခဲ့သည်ဟု ဆိုသည်။

ယခုသီတင်းပတ်စောစောပိုင်းက ကွန်ဂိုအစိုးရသည်သူပုန်များကို နှိမ်နင်းရာ၌အောင်မြင်မှုရရှိကြောင်း ကြေညာပြီးသည့်နောက် အမ် ၂၃ သူပုန်အဖွဲ့က ၎င်းတို့သည် လက်နက်ကိုင် သောင်းကျန်းမှုများကို စွန့်လွှတ်တော့မည်ဟု ပြောကြားခဲ့သည်။

ဗိုလ်မှူးကြီးမာတင်ဂါနှင့် သူပုန်တိုက်ခိုက်ရေးသမား ၁၇၀၀ ခန့်ကို လက်နက်ဖြုတ်သိမ်း၍ လျှို့ဝှက်နေရာတစ်နေရာ၌ ထားရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

မာတင်ဂါနှင့် နောက်လိုက်သူပုန်များကို ကွန်ဂိုနိုင်ငံသို့ လွှဲပြောင်းပေးမည်မဟုတ်ကြောင်း ယူဂန္ဓာကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားခဲ့သည်။

၎င်းတို့သည် အကျဉ်းသားများမဟုတ်ကြောင်း၊ စစ်မြေပြင်မှ ထွက်ပြေးလာကြသော စစ်သားများဖြစ်ကြောင်း၊ လက်ခံ၍ အကူအညီပေးရန် တာဝန်ရှိကြောင်း ဗိုလ်မှူးကြီးပက်ဒီအန်ကွန်ဒါက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုနှစ်စောစောပိုင်းကလည်း ကွန်ဂိုအမျိုးသားတပ်မတော်မှ ထွက်ပြေးလာကြသော စစ်သားများကို ယူဂန္ဓာက ကြိုဆိုခဲ့သည်ဟု ထပ်လောင်းပြောကြားသည်။

လွန်ခဲ့သည့် ၁၈လမှစတင် ဖွဲ့စည်းခဲ့သည့် အမ်၂၃ သူပုန်အဖွဲ့ကို ရဝမ်ဒါနှင့် ယူဂန္ဓာနိုင်ငံတို့က ထောက်ခံအားပေးကြသည်ဟု ကွန်ဂိုက စွပ်စွဲသည်။

၎င်းတို့ကို ကွန်ဂိုနိုင်ငံသို့ လွှဲပြောင်းပေးမည်မဟုတ်ကြောင်း ငြိမ်းချမ်းရေးသဘောတူညီချက်က အမ် ၂၃ သူပုန်တို့၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ယူဂန္ဓာက ကြားဝင်ညှိနှိုင်းပေးလျက်ရှိသည့် ကွန်ဂိုအစိုးရနှင့် အမ် ၂၃ သူပုန်အဖွဲ့တို့အကြား သဘောတူညီမှုကို ရည်ညွှန်း၍ အန်ကွန်ဒါက ပြောကြားခဲ့သည်။

ကွန်ဂိုတပ်က သူပုန်တို့ကို အနိုင်ရရှိပြီဖြစ်ကြောင်း မကြေညာမီကတည်းက ယူဂန္ဓာကနှစ်ဖက်အကြား သဘောတူညီမှုရရှိရန် ညှိနှိုင်းလျက်ရှိသည်။

ဘီဘီစီ၊အေအက်ဖ်ပီ။

ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ် ဓမ္မတာအတိုင်း သေဆုံးခဲ့ခြင်းမဟုတ်ဟုဆို

ရာမာလာ နိုဝင်ဘာ ၈

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) ခေါင်းဆောင် ယာဆာအာရာဖတ်သည် ဓမ္မတာအတိုင်း သေဆုံးခဲ့ခြင်းမဟုတ်ကြောင်း နိုဝင်ဘာ ၈ရက်တွင် ရာမာလာ၌ ကျင်းပသည့် ပါလက်စတိုင်း စုံစမ်းစစ်ဆေးသူများ၏ အစည်းအဝေးအပြီးတွင် ထုတ်ဖော်ပြောကြားသည်။

ရုရှားနှင့် ဆွစ်ကျွမ်းကျင်သူပညာရှင်များအဖွဲ့က ထုတ်ပြန်သော နောက်ဆုံးတောက်ချက်များအရ ယာဆာအာရာဖတ်သည် အဆိပ်သင့်မှုကြောင့် သေဆုံးခဲ့ရသည်ဟု သိရကြောင်း ပါလက်စတိုင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင်က ပြောကြားသည်။

ပါလက်စတိုင်းခေါင်းဆောင်ဟောင်း ယာဆာအာရာဖတ် ပြင်သစ်နိုင်ငံ ပါရီမြို့အနီးရှိ ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် နောက်ဆုံးရက်များအတွင်း ၎င်း၏ အောက်ခံအဝတ်အစားများနှင့် ခရီးဆောင်သေတ္တာတို့ကို ဆွစ်ကျွမ်းကျင်သူများက စစ်ဆေးလေ့လာခဲ့သည်။

ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်သည် ရေဒီယိုသတ္တိကြွ ပိုလိုနီယမ်အဆိပ်ဓာတ်သင့်မှုများ တွေ့ရှိကြောင်း စုံစမ်းရေးမှူးများက ပြောကြားသည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်သည် ၂၀၀၄ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ပါလက်စတိုင်း အာဏာပိုင်များက ၎င်းသေဆုံးမှုအတွက် အစ္စရေးကို အပြစ်ဖို့ခဲ့သည်။ **ဘီဘီစီ။**



မိန်းကလေးများ အပျိုဖော်ဝင်ချိန် စောလာ

မိန်းကလေးငယ်များ၏ အပျိုဖော်ဝင်ချိန်သည် လွန်ခဲ့သည့် ဆယ်စုနှစ်များကထက် ပိုမိုစောလာကြောင်းနှင့် အဆိုပါပြောင်းလဲလာမှု၏ အဓိက အကြောင်းရင်းမှာ အဝလွန်မှုနှင့် ဆက်နွှယ်နေမည်ဟု ယူဆရကြောင်း လေ့လာမှုအသစ်တစ်ခုတွင်ရေးသား ဖော်ပြသည်။

အဆိုပါလေ့လာမှုကို သုတေသနပညာရှင်များက အမေရိကန်နိုင်ငံ ဆန်ဖရန်စ္စစကို ဧရိယာ၊ စင်စင်နတီဧရိယာနှင့် နယူးယောက်မြို့ရှိ အသက်ခြောက်နှစ်မှ ရှစ်နှစ်အရွယ် မိန်းကလေး ၁၂၀၀ ကျော်ကို ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကြိမ်ကြိမ် လေ့လာဆန်းစစ်ခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဖော်ပြပါ အသက်အရွယ်များတွင် အပျိုဖော်ဝင်လာကြောင်း သိသာထင်ရှားသည့် လက္ခဏာမှာ ရင်သားများဖွံ့ဖြိုးလာခြင်းပင် ဖြစ်သည်ဟု ဆိုသည်။

လေ့လာမှုရလဒ်များအရ လူဖြူမိန်းကလေးများသည် ပျမ်းမျှအသက် ၉ ဒသမ ၇ နှစ်တွင် အပျိုဖော်ဝင်လာပြီး ၁၉၉၇ ခုနှစ်က လေ့လာခဲ့သည့် ပျမ်းမျှအသက်ထက် သုံးလေးလငယ်လာကြောင်းနှင့် ၁၉၆၀ ခုနှစ်များက လေ့လာခဲ့သည့် အချက်အလက်များထက် အသက်အရွယ် ပိုငယ်လာသည်ဟု သိရသည်။

လူမည်း မိန်းကလေးများသည် ပျမ်းမျှအသက် ၈ ဒသမ ၈ နှစ်တွင် အပျိုဖော်စတင်ဝင်လာပြီး ယခင် လေ့လာထားသည့် ရလဒ်များနှင့် ခြားနားမှုမရှိဟုသိရသည်။ လက်တင်အမေရိကမှ မိန်းကလေးများသည် အသက် ၉ ဒသမ ၃ နှစ်တွင် အပျိုဖော်ဝင်လာပြီး အာရှသူများမှာ အသက် ၉ ဒသမ ၇ နှစ်တွင် အပျိုဖော်ဝင်သည်ဟုလေ့လာမှုတွင်ဖော်ပြသည်။

ယခင်လေ့လာမှုများနှင့် ထူးမခြားနားသည့်အချက်မှာ မိန်းကလေးများ အပျိုဖော်ဝင်ချိန် စောရသည့် အကြောင်းမှာ အဝလွန်မှုနှင့် အဓိက ဆက်စပ်နေကြောင်း၊ မိန်းကလေးများ၏ body mass index (BMI) ခန္ဓာကိုယ်အလေးချိန် အညွှန်းကိန်း မြင့်တက်လာမှုသည့် အသက်ငယ်ငယ်နှင့် အပျိုဖော်ဝင်စေသည့် အကြောင်းရင်းဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက်ထုတ် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ **(အေဝမ်းစိုး)**

နိုဝင်ဘာ ၈ ရက်က ကမ္ဘောဒီးယားနိုင်ငံ၏ အကြိမ်(၆၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sieng Bunvuth နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များကို ဆက်တိုက်ပြုလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အာဆီယံလူငယ်ချန်ပီယံရှစ်အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းမှာ တတိယဆုရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အာရှကလပ် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ ၂၀၁၃ ခုနှစ် ဇွန်လတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဖလားအမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အာရှဇုန် လက်ရည်စစ်ပွဲ၊ ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အာရှအကြီးတန်းအမျိုးသမီးဘော်လီဘောပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ဧပြီလမှ မေလအထိ တရုတ်နိုင်ငံတွင် တစ်လကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး ထိုင်းနိုင်ငံတွင်လည်း နှစ်ကြိမ်တိုင် ကာလတိုသွားရောက်လေ့ကျင့်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် မြန်မာအမျိုးသမီးအသင်းမှာ စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံ၌ ဩစတြေးလျကလပ် Nor Wood Bears အသင်းနှင့် လက်ရည်စမ်းကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ ယင်းလက်ရည်စမ်းပွဲပြီးကတည်းက နေပြည်တော်တွင် စခန်းဝင် လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ ဦးလွှမ်းမိုး၊ နည်းပြချုပ် ဘန်တန်း (ထိုင်း)၊ လက်ထောက်နည်းပြ ဦးသိန်းဆွေ၊ လေ့ကျင့်ရေးမှူး ဦးကျော်စိုးအောင်၊ ကစားသမားများအဖြစ် နီလာအေး၊ ရီရီလွင်၊ မိုးမိုးမြင့်၊ မိုးမိုးစန်း၊ ချိုချိုဝင်း၊ သီသီအောင်၊ အေးနန္ဒာမြင့်၊ ခင်သက်ဝေ၊ ဖြူသွယ်စိုး၊ ခိုင်ယမင်းစိုး၊ အိနန္ဒာ၊ အေးနန္ဒာကျော်၊ စန်းစန်းဌေး၊ ဥမ္မာသန်း၊ ဖြူဖြူဝေ၊ ထက်ထက်လင်းနှင့် ဇာဇာလှိုင်တို့ ပါဝင်ကြသည်။

❍ မြန်မာအမျိုးသားမှ

နောက်ဆုံးအကြိမ် လာရောက်ကစားဖူးခဲ့ကြောင်း သိရသည်။ မြန်မာအမျိုးသား ဘတ်စကက်ဘောအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်ကစားသမား ၁၅ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် မလေးရှားနိုင်ငံတွင် သွားရောက်လေ့ကျင့်ထားသည်။

မြန်မာအမျိုးသားဘတ်စကက်ဘောအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ၂၀၁၂ ခုနှစ်ကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ အမျိုးသမီးအသင်းမှာလည်း ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၁၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

သတင်း
စိုင်းညီလေး
ဓာတ်ပုံ
ရှိုင်းထက်ဇော်

တောင်ကိုရီးယား သူလျှို ဖမ်းမိဟုမြောက်ကိုရီးယား ပြောကြား

ပြုံယမ်း နိုဝင်ဘာ ၈

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားသူလျှိုတစ်ဦးသည် အစိုးရအင်အားပြိုကွဲအောင် စည်းရုံးလှုံ့ဆော်မှုကြောင့် ပြုံယမ်းမြို့တွင် ဖမ်းမိထားသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

တောင်ကိုရီးယား ထောက်လှမ်းရေး တာဝန်ရှိသူများက မြောက်ကိုရီးယားနိုင်ငံ၏ ပြောကြားချက်သည် အခြေအမြစ်မရှိဟု နိုဝင်ဘာ ၇ ရက်တွင် ချက်ချင်းတုံ့ပြန်လိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ၎င်း၏ လျှို့ဝှက်ချက်များနှင့် အာဏာရှင်စနစ်အပေါ် ထောက်လှမ်းလေ့လာမှုများပြုလုပ်နေသည်ဟု အမြဲတမ်းစွပ်စွဲနေသော်လည်း မည်သည့်သူလျှိုများဖမ်းမိထားသည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ တိတိကျကျ ပြောကြားခြင်းမရှိပေ။

မြောက်ကိုရီးယားနိုင်ငံ လုံခြုံရေးဝန်ကြီးဌာန၏ အမည်မသိ ပြောရေးဆိုခွင့်ရှိသူ၏ အသေးစိတ်ဖော်ပြထားချက်များသည်လည်း အတည်ပြုနိုင်ခြင်းမရှိဘဲ မည်သည့်အဖွဲ့အစည်းမှဖြစ်သည်ဆိုသည့် အချက်နှင့် သူလျှို၏အခြေအနေကို ဖော်ပြထားခြင်းမရှိဟုသိရသည်။

မြောက်ကိုရီးယားနိုင်ငံက ဖမ်းမိထားသော တောင်ကိုရီးယားနိုင်ငံသူလျှိုသည် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဘာသာရေးကို ခုတုံးလုပ်ကာ သူလျှိုလုပ်ငန်းများကို ခြောက်နှစ်ကြာ လုပ်ကိုင်နေခဲ့သည်ဟု ပြောကြားသည်။ **အေပီ။**

ဆင်းရဲခြင်း လွတ်ကင်းအောင်

မောင်အောင်(မွေး/ကု)

"အေး၊ ပြောစမ်းပါဦးကွ၊ မောင်အောင်ရဲ၊ မင်းတို့ဝန်ကြီးဌာနက မွေးမြူရေးနှင့် ရေလုပ်ငန်းသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးပါ ပေါင်းလိုက်တယ်ဆိုတော့ ဘာတွေလုပ်မှာမို့လို့ ပေါင်းလိုက်တာလဲ"

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ခရီးရောက်မဆိုက် ဦးကြီးက မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဝန်ကြီးဌာနက မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ကို အခြေခံလူတန်းစားတွေနေတဲ့ တောရွာတွေကို ဆင်းပြီးစည်းရုံးတယ်။ နွားတွေပေးတယ်။ ဝက်တွေပေးတယ်။ ကြက်တွေပေးတယ်။ တစ်နိုင်ငါးမွေးမြူရေးတွေလုပ်ဖို့ စည်းရုံးတယ်။ အဲဒီတော့ ကျေးလက်တောရွာတွေနဲ့ ဆက်စပ်မှုရှိတယ်။ တောသူတောင်သားတွေနဲ့ ထိတွေ့တယ်။ ဒီအတွက်ကြောင့် နိုင်ငံတော်သမ္မတကြီးကလည်း စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးမှာ နိုင်ငံတော်ရဲ့ ဆင်းရဲမှုရာခိုင်နှုန်းကို ၂၆ ရာခိုင်နှုန်းကနေ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချဖို့ အများစုဖြစ်တဲ့ ကျေးလက်ဒေသကလူတွေ ဆင်းရဲမှုလျှော့ချနိုင်အောင် ဒီလုပ်ငန်းကို ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး လုပ်တဲ့အခါမှာ ပိုပြီးထိရောက်မှုရှိအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို ကျွန်တော်တို့ ဝန်ကြီးဌာနထဲထည့်ပြီး ဖွဲ့စည်းပေးခဲ့တာပဲ ဦးကြီးရဲ့"။

ကျွန်တော် အရှည်ကြီးရှင်းပြလိုက်ရသဖြင့် ရေနွေးကြမ်းတစ်ခွက်ကိုယူ၍ သောက်ဖြစ်လိုက်သည်။ မင်းတို့ အဖွဲ့တွေဖွဲ့၊ အစည်းအဝေးတွေ လုပ်နေကြတာကို သတင်းစာထဲ၊ ရုပ်မြင်သံကြားထဲမှာ တွေ့ပါတယ်။ ဒါပေမယ့် အလုပ်တွေလည်း ထိထိရောက်ရောက် လုပ်ဖို့လိုမယ်ထင်တယ်။

ဦးကြီးကား အာဂဦးကြီးပင်။ ကျွန်တော်တို့တစ်တွေ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ အတွက် ဒုတိယဝန်ကြီးများ ဦးစီး၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအဖွဲ့များဖွဲ့စည်းပြီး အစည်းအဝေးလုပ်နေသည်များကို ရည်ညွှန်းပြောဆိုပုံရသည်။

"ဟုတ်ပါတယ် ဦးကြီး။ ဒီလ ၃၀ အတွင်းမှာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒုတိယဝန်ကြီးများဦးစီးတဲ့ လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ၂၆ ဖွဲ့ ဖွဲ့စည်းထားပါတယ်။ ဦးကြီးမေးမှာမို့လို့ တစ်ဆက်တည်းရှင်းပြရရင် ဒီလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တွေက လုပ်ငန်းရှင်တွေနဲ့ တွေ့မယ်။ ပတ်သက်တဲ့ ဌာနဆိုင်ရာတွေကို ခေါ်မယ်။ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးမယ်။ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေနဲ့ တစ်ခါတည်းညှိနှိုင်းပေးမယ်။ ကြိုးနီစနစ်လို့ပြောပြောနေကြတဲ့ လုပ်ငန်းတစ်ခုလုပ်ဆောင်ရာမှာဖြတ်သန်းရတဲ့ ကြားခံစနစ်တွေ အနည်းဆုံးဖြစ်အောင် မလိုအပ်တဲ့ အဆင့်တွေ ဖြုတ်ပစ်မယ်။ လျှော့ချမယ်"။

"အထူးသဖြင့် ပြီးခဲ့တဲ့အပတ်ထဲက ကျွန်တော်တက်ခဲ့တဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အစည်းအဝေးမှာဆိုရင် လက်ရှိလုပ်နေတဲ့ လက်ခစားစနစ်ကနေ နိုင်ငံခြားကို တင်ပို့ရောင်းချတဲ့စနစ်ကို ပြောင်းလဲရေးအထိပါ ဆွေးနွေးကြတယ်။ အဲဒီမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ ဖြတ်သန်းရမယ့် ကြားခံစနစ်ကို ဘယ်လိုဖြတ်သန်းကြမယ်ဆိုတာ ဆွေးနွေးကြတယ်။ အဲဒီအစည်းအဝေးကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ဌာနဆိုင်ရာမှ တာဝန်ရှိသူတွေ၊ အဆုံးအဖြတ်ပေးနိုင်တဲ့သူတွေ တစ်ထိုင်တည်း ဆွေးနွေးတာဖြစ်တာကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် သိပ်ပြီးအကျိုးရှိပါတယ်။ အချိန်တိုအတွင်း သူတို့ရဲ့လိုအပ်ချက် မရှင်းလင်းတဲ့ အချက်ကို ဖြေရှင်းပေးတဲ့အတွက် သိပ်ပြီးအကျိုးရှိပါတယ်။ အဲဒီနေ့ကဆိုရင် ကုန်သွယ်မှုနဲ့ပတ်သက်ပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အကောက်ခွန်ဦးစီးဌာန ဗဟိုဘဏ်နဲ့ လုပ်ငန်းရှင်တွေ အပြန်အလှန်ဆွေးနွေးမေးမြန်းပြီး အဖြေရှာခဲ့နိုင်တာကြောင့် အချိန်တိုတိုနဲ့ ထိရောက်တဲ့ညှိနှိုင်းဆွေးနွေးမှုလို့ပြောလို့ရပါတယ်။"

"တော်စမ်းပါကွာ၊ မင်းကရန်ကုန်လာပြီး အစည်းအဝေးတက်ရလို့ မင်းတို့အစည်းအဝေးအကျိုးရှိကြောင်း ပြောချင်နေတာမဟုတ်လား။"

ဦးကြီးက သူ့တူကို ချစ်စနိုးစလိုက်ခြင်းဖြစ်သည်။

"အေး အဲဒီတော့ မင်းဆိုလိုချင်တာက ဒီတိုက်ရိုက်အကောင်အထည်ဖော်ရေးအဖွဲ့တွေ ဖွဲ့စည်း၊ အဲဒီဖွဲ့ထားတဲ့အဖွဲ့တွေ၊ အဖွဲ့လိုက်ပေးအပ်ထားတဲ့ လုပ်ငန်းတွေကို ကွင်းဆင်းညှိနှိုင်းအဖြေရှာပြီး လုပ်ကြ။ အဲဒီတော့ တိုင်းပြည်စီးပွားရေးလည်းဖွံ့ဖြိုးတိုးတက်၊ ဆင်းရဲမှုလည်းလျှော့ချပြီးဖြစ်။ ကျေးလက်ဒေသလည်းဖွံ့ဖြိုး၊ မင်း အဲဒီလိုပြောချင်တာလား။ အဲဒီလိုပြောရုံနဲ့တော့ တို့ကျေးလက်တွေကဖွံ့ဖြိုးမှာမဟုတ်ဘူး။ အရေးကြီးတာကအလုပ်ကွ။ တို့ရွာတွေမှာ အလုပ်ရှိဖို့လိုတယ်။ အလုပ်ရှိမှဝင်ငွေရှိမှာ။ အခုဖြစ်နေတာက တို့ရွာတွေမှာ တို့ကလေးတွေအလုပ်မရှိဘူး။ ပုံမှန်ဝင်ငွေရမယ့်အလုပ်မျိုးမရှိဘူး။ ကုန်ထုတ်တဲ့စက်ရုံ၊ အလုပ်ရုံမရှိဘူး။ ဒီတော့ မင်းညီတွေ၊ မင်းတူတွေ တီဗွီကလာတဲ့ နိုင်ငံခြားဘောလုံးပွဲကြည့်တယ်။ ကိုရီးယားကားကြည့်တယ်။ အားတဲ့အချိန်ဇယ်တောက်တယ်။ ဘိလိယက်ထိုးတယ်။ ညနေစောင်းတော့ တချို့ကောင်က အရက်ကလေးတမြမြ လုပ်ချင်တယ်။ ဒီလိုလုပ်နေလို့ ကျေးလက်တွေ၊ တို့ရွာတွေ ဘယ်လိုလုပ်ချမ်းသာမလဲ။ ဘယ်လိုလုပ် ဖွံ့ဖြိုးတိုးတက်မလဲ။"

ဦးကြီးက ရွာကလူငယ်များ လက်ရှိဖြစ်ပျက်နေသည့် အခြေအနေကို တွေးတွေးဆဆဖြင့် ပြောလာသည်။ ကျွန်တော်တို့စကားဝိုင်းတွင် ငြိမ်၍နားထောင်နေကြသည့် အောင်ဘုတို့၊ သိန်းမောင်တို့ကလည်း ကျွန်တော့်မျက်နှာကိုလှမ်းကြည့်ရင်း ကျွန်တော်ဘာပြောမည်ကို နားစွင့်နေကြသည်။

"ဒါတော့ ဦးကြီး စက်ရုံ၊ အလုပ်ရုံရှိမှ၊ လခစားလုပ်မှ အလုပ်ရှိတယ်၊ အလုပ်လုပ်တယ်လို့ ကျွန်တော်တို့ ကလေးတွေထင်ရင် မှားတယ်ဦးကြီး။ ကျွန်တော်တို့ရွာမှာ မြေရှိတယ်၊ ရေရှိတယ်၊ မြေနဲ့ရေရှိရင် စိုက်လို့ပျိုးလို့ ရတယ်။ ကျွန်တော်တို့ ရွာသားတွေအားလုံးသိတာပဲ။ ငှက်ပျောပင်စိုက်ရင် တစ်နှစ်ကြာရင်သီးတာပဲ။ မိသားစုတစ်စုမှာ ငှက်ပျောပင် ၁၀၀ စိုက်ထား တစ်နှစ်ပြည့်ရင် ငှက်ပျောပင်ခိုင် ၁၀၀ ရမယ်။ ငှက်ပျောတစ်ဖီးကို ၃၀၀၊ ၄၀၀ ပဲထား။ ငှက်ပျောတစ်ခိုင်ဆိုရင် ၁၅၀၀၊ ၂၀၀၀ ရမယ်။ ငှက်ပျောခိုင် ၁၀၀ ဆိုရင် တစ်သိန်းခွဲ၊ နှစ်သိန်းအနည်းဆုံးပေါ့။ အဲဒီလိုပဲ သဘော်စိုက်မယ်၊ သရက်စိုက်မယ်၊ ဒန့်သလွန် စိုက်မယ်ဆိုရင် အဲဒီက ဘက်စုံဝင်ငွေရမှာပဲ။

ကျွန်တော်တို့ ကျိုင်းတုံတပ်ထဲမှာနေတုန်းက အခုသမ္မတကြီးက ကျွန်တော်တို့စစ်တိုင်းမှူး၊ ကျိုင်းတုံကယိုးဒယားနဲ့နီးတော့ အဲဒီမှာသွားပြီး အလုပ်လုပ်ကြတာတွေရှိတော့ စိုက်တာ၊ ပျိုးတာနည်းတယ်။ အစားအသောက်ဈေးကြီးတယ်။ ဟင်းသီးဟင်းရွက် အသီးအနှံရှားတယ်။ အဲဒီတော့ တိုင်းမှူးက ကျွန်တော်တို့တပ်တွေကို ငှက်ပျော ၁၀၀၀၊ သဘော်ပင် ၁၀၀၀ စိုက်ခိုင်းတယ်။ ရဲဘော်တစ်ယောက်ကို ငှက်ပျောငါးပင်၊ သဘော်ငါးပင်စိုက်ခိုင်းတယ်။ လူ ၂၀၀ ဆိုရင် ငှက်ပျောပင် ၁၀၀၀၊ သဘော်ပင် ၁၀၀၀ ပဲ။ စိုက်စက ရဲဘော်တွေနည်းနည်း ပင်ပန်းတယ်လို့ထင်ကြတယ်။ အဲ တစ်နှစ်လောက်ကြာတဲ့အခါမှာ ငှက်ပျောပင်တွေ၊ သဘော်ပင်တွေသီးလာပြီ။ အဲဒီကျတော့ ရင့်တဲ့ငှက်ပျောခိုင်၊ သဘော်သီးခူးပြီး တပ်ခွဲလိုက်၊ တပ်စုလိုက်ဝေပေးလိုက်တယ်။ ရဲဘော်တွေက ပျော်မှ ပျော်ပဲ။ နောက်ပိုင်းပိုတဲ့ သဘော်သီး၊ ငှက်ပျောသီးဈေးမှာ ရောင်းတော့ ပိုက်ဆံလည်းရ၊ တပ်ရန်ပုံငွေလည်းတိုး၊ ရဲဘော်တွေလည်းပျော်။

ဒါတင်မကဘူး။ ချဉ်ပေါင်တို့၊ ကန်စွန်းတို့ကို ဇကလိုက်ကိုစိုက်လိုက်တာ။ ချဉ်ပေါင်ခင်း၊ ကန်စွန်းခင်းက တကယ့်ကိုဖြစ်တာ။ တံစဉ်နဲ့ရိတ်ပြီး ရဲဘော်တွေကိုဝေ၊ ထောက်ပို့တပ်ကိုအချိန်နဲ့သွင်း။ ကျွန်တော်တို့ ဝန်တင်တပ်ရင်းက အသီးအနှံက ကျိုင်းတုံတစ်မြို့လုံး မပြည့်လျှံတောင်မှ တစ်စိတ်တစ်ပိုင်း အများကြီးအထောက်အကူပြုခဲ့တာ။ ခိုင်းခါစက သိပ်ပြီးမကျေလည်ကြပေမယ့် သီးနှံထွက်တော့မှ အားလုံးဝိုင်းပြီး ကျေးဇူးတင်ကြတာ။

ပြီးတော့ ကြက်ကလေး၊ ဘဲကလေး၊ ကြက်မ ၁၀ ကောင်မွေးထားရင် တစ်နေ့ကြက်ဥခုနစ်လုံးလောက် ဥမယ်။ ဘဲ ၁၀ ကောင်လောက်မွေးထားရင် ဘဲဥလည်းရမယ်။ နို့စားနွားမမွေးထားရင် နို့အနည်းဆုံး သုံး၊ လေး ပိဿာရမယ်။ နွားကလေးပွားမယ်။ ကျွန်တော် မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနရောက်ပြီး မိတ္ထီလာဘက်ကို ကျွန်တော်တို့ဝန်ကြီးနဲ့ရောက်တယ်။ ပြုပြင်ထိန်းသိမ်းရေးလေတပ်ရောက်တော့ ဝန်ကြီးကသူ့တပည့်တပ်ကြပ်ကြီးတစ်ယောက်နဲ့တွေ့တော့ သားသမီးတွေအခြေအနေမေးတယ်။ အဲဒီဆရာကြီးက သားသမီးငါးယောက်ရှိတာမှာ နှစ်ယောက်က တက္ကသိုလ်တက်နေတယ်။ တစ်ယောက်က အဲဒီနှစ်မှာ ၁၀ တန်းအောင်တယ်။ ကျန်တဲ့နှစ်ယောက်က ရှစ်တန်းနဲ့ ခြောက်တန်း။ အဲဒီတော့ ဝန်ကြီးက "မင်းကလေး ၁၀ တန်းအောင်တာဟုတ်ပါပြီ၊ ကျောင်းထားဖို့ အဆင်ပြေပါ့မလား" လို့မေတ္တာနဲ့မေးလိုက်တယ်။ အဲဒီတော့ အဲဒီတပ်ကြပ်ကြီးက ဒီကလေး ၁၀ တန်းအောင်လို့ ကျောင်းစရိတ်ဘာမှပြဿနာမရှိဘူးဝန်ကြီး၊ နို့စားနွားမတစ်ကောင်တိုးပြီး မွေးလိုက်ရုံပဲလို့ပြောတယ်။ အဲဒီဆရာကြီးမှာ နို့စားနွားမ ခြောက်ကောင်လောက်ရှိနေတယ်။ ကလေးတစ်ယောက်တက္ကသိုလ်တက်ရင် နို့စားနွားမတစ်ကောင်ထပ်ပြီးမွေးလိုက်ရုံပဲ။ အသေးစိတ်သူတွက်ပြတယ်။ ဒီဆရာကြီးက လက်တွေ့သမားမို့ ကျွန်တော်တို့အားလုံး လက်ခံရတယ်။

ပြီးတော့ ကျွန်တော် မွေးမြူရေးဇုန်ဖော်ထုတ်ရင်း ရမည်းသင်းမြို့နယ်ထဲက နဘူးကျင်းဆိုတဲ့ရွာကိုရောက်တယ်။ အဲဒီရွာရဲ့ရွာနီးချုပ်စပ်က ကျောက်စရစ်ကုန်းများတယ်။ ဆီးပင်နဲ့ သနပ်ခါးပင်တွေပဲ ပေါက်တယ်။ ယာလေးနည်းနည်းပါးပါးပဲရှိတယ်။ အဲဒီမှာ ကိုသာအေးဆိုတဲ့လူက ဆိတ်အကောင် ၃၀ လောက်မွေးထားတယ် ။ သူတို့ရွာက အလုပ်ရှားပါးပြီး မြေကမကောင်း၊ ရေကရှား၊ ရာသီဥတုကလည်းမမှန်တော့ ရွာကတစ်ယောက်တလေ မလေးရှားသွားပြီးအလုပ်လုပ်တယ်ကြားလို့ ကျွန်တော်က ကိုသာအေးကို ခင်ဗျား မလေးရှားမသွားဘူးလားလို့မေးတာ။ ကိုသာအေးက ဘာပြောတယ်မှတ်သလဲ။ "မလေးရှားလောက်တော့ ပျင်းတောင်ပျင်းသေးတယ်" ပြောပြီး သူ့ဆိတ်မွေးမြူရေးက ရတဲ့ဝင်ငွေပြောပြတယ်။ တွက်ပြတယ်။ အဲဒီနဘူးကျင်းမှာ ကိုသာအေးက လှည်းနဲ့၊ နွားနဲ့ မယားနဲ့တီဗွီနဲ့။ သူ့စကားနဲ့ ပြောရင်' အိုကေမှာစိုပြည်လို့"။

"ကဲ အဲဒီတော့ မင်းဆိုလိုတာက တို့ရွာက ကလေးတွေ စိုက်ရေးပျိုးရေးလုပ်ပေါ့။ မွေးမြူရေးတွေလုပ်ကြပေါ့။ ဒါကိုဆိုလိုတာပဲ မဟုတ်လား"။

စကားအရှည်ကြီး ပြောလိုက်ရသဖြင့် အမောပြေနားနေသည့် ကျွန်တော့်ကို ဦးကြီးက အားမလို အားမရ မေးလာခြင်းဖြစ်ပါသည်။

"ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော်ဆိုလိုတာက အလုပ်ဆိုတာ လခစားအလုပ်မှ၊ သူများဆီမှာလုပ်မှ အလုပ်မဟုတ်ပါဘူး။ ကိုယ့်ဘာသာ တစ်နိုင်မွေးမြူရေးလုပ်မယ်။ စိုက်ပျိုးရေးလုပ်မယ်၊ ပြီးတော့ စီးပွားဖြစ်တိုးချဲ့ပြီး မွေးမယ်။ စိုက်မယ်။ အဲဒါ ကိုယ်ပိုင်အလုပ်၊ ကိုယ့်စီးပွားဖြစ်တဲ့အလုပ်ပါ"။

"ပြီးတော့ ကျွန်တော်တို့ လူငယ်တွေ အားတဲ့အချိန်ကို စနစ်တကျ အသုံးချတတ်ဖို့ လိုပါတယ်။"

"အရက်သောက်တာကိုလည်း ရှောင်ရှားဖို့လိုပါတယ်။ အရက်ကြောင့် သွေးဆူပြီး ထစ်ခနဲရှိ ရိုက်ကြ၊ နှက်ကြတာ၊ သတ်ကြ၊ ဖြတ်ကြတာ၊ ခိုးမှုတွေ၊ လုယက်မှုတွေ၊ မုဒိမ်းမှုတွေ ကျူးလွန်ကြတာ။ ဒီတော့ အရက်ရောင်းတာ၊ အရက်သောက်ကြတာ၊ ဆင်ခြင်ဖို့ လိုတယ်။ နားလည်ကြဖို့လိုတယ်။ အသိတရားနဲ့ သတိထားပြီး လုပ်ကြဖို့လိုတယ်။ တချို့နိုင်ငံတွေမှာ အရွယ်မရောက်တဲ့ ကလေးတွေ၊ အရက်၊ ဆေးလိပ်ဝယ်လို့မရဘူး။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီမိုကရေစီအပြည့်၊ ငါ့သား ငါခိုင်းတာ မင်းတို့ ဘာပြောချင်သေးလဲဆိုပြီး (၁၀)နှစ်ကလေးကို အရက်ဝယ်ခိုင်းတတ်ကြတယ်။ အဲဒီကလေးက အရက်ဝယ်ရင်း ဆေးလိပ်တို့၊ အရက်တို့ သောက်တတ်သွားတယ်။"

"ပြီးတော့ လောင်းကစား၊ အချိန်ကုန်ပြီး အကျိုးမရှိတဲ့အလုပ်၊ နှစ်လုံးထီ၊ သုံးလုံးထီကစပြီး ကြက်တိုက်တာ၊ ဖဲရိုက်တာ၊ ကျန်းမာရေးထိခိုက်တဲ့အပြင် အချောင်ရလိုစိတ်တွေပဲ တိုးပွားစေတာ။ ကျွန်တော့်ကို လူကြီးတစ်ယောက်ပြောဖူးတယ်။ သူ့ကိုလည်း သူ့ဆရာတော်က သွန်သင်ဆုံးမခဲ့တာတဲ့။ "သူများပစ္စည်း အလကား မလိုချင်နဲ့တဲ့။" အဲဒီလူကြီးကဆိုရင် လမ်းမှာတွေ့တဲ့ ပိုက်ဆံတောင် မကောက်ယူဘူး။ သူ့လုပ်အား၊ သူ့ကြိုးစားမှုနဲ့ ရတဲ့ငွေကိုမှ အလေးထားတာ။ အဲဒီလူကြီးဆိုရင် ရိုးသား၊ ကြိုးစားလို့ သားသမီးခြောက်ယောက်လုံး ဘွဲ့ရအောင် ပညာသင်ပေးနိုင်တဲ့အပြင် နို့စားနွားအကောင် ၅၀၀ လောက်၊ နို့မှုန့်စက်ရုံနဲ့ စားသောက်ဆိုင် ၁၀ ဆိုင်လောက်တောင် ပိုင်နေတာ"။

"နောက်တစ်ခုက မူးယစ်ဆေးဝါး။ ကျွန်တော်တို့ လူငယ်တွေ သက်တမ်းစေ့မနေချင်ရင်၊ အသက်တိုချင်ရင် မူးယစ်ဆေးဝါးကို စမ်းသပ်ကြ၊ သုံးစွဲကြလို့ ဆောင်ပုဒ်ရေးရမလိုဖြစ်နေတယ်။ ဒါကို လူတိုင်းသိလျက်သားနဲ့ မလိုက်နာကြတာ။ အခုနိုင်ငံတော်က ကြက်မွေးချင်ရင် ကြက်၊ ဝက်မွေးချင်ရင် ဝက်၊ နွားမွေးချင်ရင် နွားပေးနေတယ်။ တစ်ဖက်က ချေးငွေအထောက်အပံ့လေးတွေလည်း ပေးဖို့ရှိတယ်။ အဲဒါတွေရနေတာတောင်မှ ကိုယ်ကိုယ်တိုင်က ခါးချီးပြီးအလုပ်မလုပ်ရင် ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူး။ "ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်နေချိန်မှာ ကျွန်တော်တို့အားလုံး အလုပ်လုပ်ကြဖို့လိုတယ်"။

"အေး မောင်အောင်ပြောတာ ဟုတ်တယ်ဟေ့။ ဆင်းရဲခြင်းလွတ်ကင်းအောင် တို့ရွာသားတွေ စိုက်ပျိုးမွေးမြူရေး တိုးပြီးလုပ်၊ အရက်၊ လောင်းကစားနဲ့ မူးယစ်ဆေးဝါးကိုရှောင်၊ အိုတောင်မှ မဆင်းရဲဘူး"ကွ။

ဦးကြီး၏ ကြုံးဝါးသံက အားမာန်အပြည့်ရှိလှသည်။

ကျောင်းခေါင်မိုးသွပ်ပြား တွဲလောင်းပြုတ်ကျ

မြိတ် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သန်းဖိုရပ်ကွက် ပုလဲလမ်းရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းခေါင်မိုးသွပ်ပြားများ ဆွေးမြည့်ကာတွဲလောင်းပြုတ်ကျနေသည်ကို နိုဝင်ဘာ ၆ ရက် နံနက် ၉နာရီကတွေ့ရသည်။**(ယာပုံ)** အဆိုပါ ပုလဲလမ်းတစ်လျှောက်သည် အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများသို့ နေ့စဉ်ကျောင်းသွား ကျောင်းပြန်နေကြသော ကျောင်းသားကျောင်းသူများရှိသည့်အပြင် တက္ကစီမော်တော်ဆိုင်ကယ်များ အဝင်အထွက်များပြားပြီး လမ်းသွားလမ်းလာစည်ကားသော မြို့တွင်းသွားလာရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါကျောင်းခေါင်မိုးမှ တွဲလောင်းပြုတ်ကျနေသော သွပ်ပြားသည် အချိန်အခါမရွေး လမ်းမပေါ်သို့ပြုတ်ကျနိုင်ပြီး လမ်းသွားလမ်းလာ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများအတွက် မလိုလားအပ်သော အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

(မိုးဟိန်း-မြိတ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

❖ ပြည်ထောင်စုလွှတ်တော်မှ

ပြည်ထောင်စုလွှတ်တော်အတွက်လည်းကောင်း တာဝန်ကျေအဆင်ပြေနိုင်ရန်အတွက် ကော်မရှင် သို့မဟုတ် ကော်မတီကို ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပြီး ဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဟု ထင်မြင်ပါကြောင်း၊ အချို့သက်ဆိုင်သောပုဂ္ဂိုလ်များကို ခေါ်ယူဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ လိုအပ်လျှင် ကော်မတီဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက ပိုမိုအဆင်ပြေနိုင်သည်ဟူသည့် ဆွေးနွေးချက်ရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ခံယူထားရမည်မှာ နိုင်ငံအတွင်းတွင် ဖြစ်ပေါ်နေသော ကိစ္စအားလုံးသည် အုပ်ချုပ်ရေးအဖွဲ့၌သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများ၏ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များတွင်လည်း ဖြစ်ပေါ်လာသည့်ကိစ္စများကို ကောင်းမွန်မှန်ကန်မျှတစွာ ဖြေရှင်းပေးရန် အဓိကတာဝန်ရှိသည်ဟု ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့ကို ၎င်းတို့တွင်သာ တာဝန်ရှိသည်ဟု လက်ညှိုးထိုးပြီး မိမိတို့နှင့်မဆိုင်သကဲ့သို့ အနေအထားမျိုးသည် ပြောင်းလဲလာသောစနစ်၊ ခေတ်တွင် ရှိရန်မလိုတော့ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့တွင်သာ တာဝန်ရှိသည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်က ဤသို့ခံယူထားမည်ဆိုပါက မိမိတို့တာဝန်မကျေရာရောက်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့ကို ကူညီရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ပြည်သူများ၏ဘဝ၊ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ အကျိုးစီးပွားအတွက်လည်း မိမိတို့ကြည့်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ယမန်နေ့ကဆွေးနွေးခဲ့သော **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍** ပြည်သူ့ငွေစာရင်း **ပူးပေါင်းကော်မတီ၏အစီရင်ခံစာ(၇/၂၀၁၃)** အပေါ် သက်ဆိုင်ရာပြည်ထောင်စု အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စာရင်းရှင်းလင်းရန်ကျန်ရှိသော ဝန်ဆောင်စရိတ်များနှင့် ပုဂ္ဂလိကထံမှ ရရန်ရှိဝန်ဆောင်ခများကို စာရင်းရှင်းလင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလွဲသုံးစားမှုကြောင့်ဖြစ်ပေါ်သော မျိုးမြန်မာကုမ္ပဏီထံမှ ရရန်ရှိ ယာဉ်ယန္တရားငှားရမ်းခနှင့် CNG ပြောင်းလဲတပ်ဆင်ခများ အလွဲသုံးစားမှုပြုသည့်ကိစ္စရပ်များကို တရားဥပဒေကြောင်းအရ တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကြိုတင်ပေးဆောင်ခဲ့သော ဝင်ငွေခွန်များမှ ပြန်လည်ရရှိရန် ဝင်ငွေခွန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့အကြွေးစနစ်ဖြင့် ရောင်းချခဲ့သော ရရန်ရှိ ဓာတ်မြေသြဇာဖိုးကြွေးကျန်များနှင့် စာရင်းရှင်းလင်းရန် ကျန်ရှိသောစရိတ်များ ပေးသွင်းထားခြင်းဖြစ်ပါကြောင်း၊ စာရင်းရှင်းလင်းရန် ကျန်ရှိသောစရိတ်များကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အချို့ရှင်းလင်းခဲ့ပြီး ကျန်ရှိသောကြွေးကျန်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး နာဂစ်မုန်တိုင်းဒဏ်သင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အကြွေးစနစ်ဖြင့် ရောင်းချခဲ့သော စက်သုံးဆီဖိုးကြွေးကျန်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စာရင်းမှပယ်ဖျက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ကျန်ရှိသည့်ကြွေးကျန်များမှာ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့်အသင်းအဖွဲ့များက ပေးရမည့်ကြွေးကျန်များ ဖြစ်ပါကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ကြွေးကျန်များကိုကောက်ခံ၍ နိုင်ငံတော်သို့ ဆက်လက်ပေးသွင်းလျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ စာရင်းရှင်းလင်းရန် ကျန်ရှိငွေများအား သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့်ညှိနှိုင်း၍ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ပညာရေးဝန်ကြီးဌာန၏ နိုင်ငံတော်သို့ ပေးသွင်းရန်ကြွေးကျန်မှာ ကျပ်(၁၅၁ ဒသမ ၃၉၄)သန်းဖြစ်ပါကြောင်း၊ အဆိုပါကြွေးကျန်မှာ အခြေခံပညာကျောင်းများ ဆောက်လုပ်ရာတွင် အချိန်မီမပြီးစီးသည့်အတွက် ရက်လွန်ဒဏ်ကြေး ကျပ် (၆ ဒသမ ၄၅၂)သန်းနှင့် ဝေးလံခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ နွေရာသီအိမ်ပြန်ခရီးစရိတ်ထုတ်ပေးငွေ

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကျပ်(၁၄၄ ဒသမ ၉၄၂)သန်း နှစ်ခုပေါင်း၏ကြွေးကျန်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများဆောက်လုပ်ရာမှ ရက်လွန်ဒဏ်ကြေး ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ရက်လွန်ဒဏ်ကြေးကိစ္စနှင့်ပတ်သက်၍ ရက်လွန်ဒဏ်ကြေး ပေးသွင်းရန်မလိုကြောင်း မွန်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ အကြောင်းကြားစာကို ရရှိပြီးဖြစ်ပါကြောင်း၊ ကြွေးကျန် ကျပ်(၁၄၄ ဒသမ ၉၄၂) သန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ၂၀၁၃ ခုနှစ် ဩဂုတ်(၂၀)ရက်ထိ စာရင်းစစ်ဆေးချိန်တွင် ပေးရန်ရွှေစင်(၃၁၇၈၁ ဒသမ ၆၉)ကျပ်သားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်အထိ ကုမ္ပဏီများမှ ရွှေကြွေးကျန်များပေးသွင်းခဲ့ရာ ရွှေစင်(၈၃၉ ဒသမ ၄၅)ကျပ်သား ပေးသွင်းနိုင်ခဲ့ပြီး ရွှေစင်(၃၀၉၄၂ ဒသမ ၂၄)ကျပ်သား ပေးသွင်းရန် ကျန်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ အသေးစားလုပ်ကွက်တစ်ကွက်လျှင် နှစ်စဉ်ရွှေစင်(၂၄)ကျပ်သား ကြိုတင်ပေးသွင်းစေသည့်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ကုမ္ပဏီများ၏အမှန်တကယ်ထုတ်လုပ်မှုပမာဏကို သိရှိနိုင်ရန်ခက်ခဲခြင်း၊ မိမိဌာန၏ ဝန်ထမ်းအင်အားအခြေအနေအရ စောင့်ကြပ်ကြည့်ရှုမည့်တာဝန်ပေးအပ်ရန် အခက်အခဲရှိခြင်းနှင့် ကြွေးကျန်များပေါ်ပေါက်နေခြင်းတို့ကြောင့် နိုင်ငံတော်၏ အကျိုးကိုမျှော်ကိုးပြီး ထိုသို့ပြောင်းလဲပြင်ဆင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ရွှေသတ္တုအသေးစားလုပ်ကွက်များ လုပ်ကိုင်ရာတွင် ရွှေထွက်ရှိမှုမရှိပါက လုပ်ငန်းပိတ်သိမ်းပြီး ပြန်လည်အပ်နှံရန်ခွင့်ပြုပေးထားသော်လည်း ကုမ္ပဏီအများစုသည် ပြန်လည်အပ်နှံမှုမရှိကြဘဲ သက်တမ်းတိုးဆောင်ရွက်ခွင့်များတောင်းခံကာ ဆက်လက်ဆောင်ရွက်နေကြပါကြောင်း၊ ယနေ့အထိ ကုမ္ပဏီ(၂၂၇)ခုမှ ရွှေသတ္တုအသေးစားလုပ်ကွက် (၄၈၆)ကွက် ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ရရန်ကျန်ကြွေးအဖြစ် စာရင်းစစ်ကန့်ကွက်ချက် ဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ ရွှေကြွေးကျန်များရရှိရေး နည်းလမ်း(၄)သွယ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာနက ဆောင်ရွက်မည့်နည်းလမ်း (၄)သွယ်မှာ နယ်မြေမငြိမ်းချမ်းရာဒေသများတွင် ရွှေကြွေးကျန်ဖြစ်ပေါ်နေသောကုမ္ပဏီများအား ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး နယ်မြေမငြိမ်းချမ်းမှုအတွက် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်း၊ ဌာနနှင့်ဆက်သွယ်၍မရရှိသော ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းအတည်ပြု၍ ယင်းကုမ္ပဏီများ၏ ရွှေကြွေးကျန်များအား စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်း၊ ရွှေပေးသွင်းရန်ကျန် ကုမ္ပဏီအချို့မှ အချို့တစ်ဝက်ပေးသွင်းထားသော ကုမ္ပဏီများက ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကျေပေးသွင်းရန် တောင်းခံသွားမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိသောကုမ္ပဏီများအား သက်ဆိုင်ရာ တရားရုံးများတွင် အမှုဖွင့်အရေးယူဆောင်ရွက်ခြင်း၊ လုံးဝပေးသွင်းခြင်းမရှိသောကုမ္ပဏီများ၏ ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး ကုမ္ပဏီများအား သက်ဆိုင်ရာ တရားရုံးများတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်ရှိ ပေးသွင်းရန်ကျန်ငွေမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ငွေကျပ်သန်း(၁၅၀၀)၊ နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ်(၂၀၉၉၅ ဒသမ ၃၃၀)သန်း စုစုပေါင်း ငွေကျပ်(၂၂၄၉၅ ဒသမ ၃၃၉)သန်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကများကို အကြောင်းကြားစာ ထုတ်ပြန်တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က အစီရင်ခံစာပါစာရင်းများအရ မြန်မာ့မီးရထားအနေဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ ရက်အထိ ကြွေးကျန် ကျပ်သန်းပေါင်း(၆၃၀၉ ဒသမ ၉၀၉)နှင့် သံချောင်းလုံး(၅ ဒသမ ၃၆၂)တန် ရရှိရန်ကျန်နေကြောင်း ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ယနေ့အထိ စစ်ဆေးချက်အရ အဆိုပါကြွေးကျန်များအနက်မှ ငွေသားကျပ်(၈ ဒသမ ၄၇၂) သန်းနှင့်သံချောင်းလုံး(၅ ဒသမ ၃၆၂)တန် ပြန်လည်ပေးသွင်းရရှိပြီဖြစ်သဖြင့် ကြွေးကျန်အဖြစ် ကျပ်သန်းပေါင်း(၆၃၀၁ ဒသမ ၄၃၇)ကျန်ရှိနေသည်ကိုတွေ့ရပါကြောင်း၊ ကျန်ရှိနေသောကြွေးကျန်များအား ၂၀၁၄ ခုနှစ် မတ်လ(၁၅)ရက်မတိုင်မီ အပြီးပေးသွင်းရေး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ဝန်ကြီးဌာန၏ကြွေးကျန်များအနက် နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် ဟိုတယ်(၇)လုံး၏ ကြွေးကျန်မှာ (၂၂ ဒသမ ၈၉၀) ဘီလီယံဖြစ်ပါကြောင်း၊ ယခုအခါ ကြွေးကျန်ဟိုတယ်(၇)လုံးအနက် (၅)လုံးသာကျန်ရှိသည့်အတွက် (၂ ဒသမ ၄၀၆)ဘီလီယံသာကျန်ရှိပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ တင်ပြချက်တွင် အကြံပြုထားသည့်အတိုင်း ဝန်ကြီးဌာနအနေဖြင့် အကြွေးကင်းရှင်းရေးနှင့် ဟိုတယ်လုပ်ငန်းများ ပွင့်လင်းမြင်သာစွာ တိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များမတိုင်မီ ကျန်ရှိသောကြွေးကျန်များအားလုံးကို အပြီးရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးနုက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူလက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ အစီရင်ခံစာတွင်ပါရှိသည့် သတ္တုတွင်းဝန်ကြီးဌာန၏ ပစ္စည်းကြွေးကျန်ရွှေစင်ကိစ္စများသည် စာရင်းဇယားပျက်ကွက်မှု သက်သက်မဟုတ်ပါသဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ကန်ထရိုက်တာပြည်သူတို့အကြား ပြည်ထောင်စုအစိုးရက ကျယ်ပြန့်စွာဝင်ရောက်ဆွေးနွေးစဉ်းစားပေးရန် ဤအစီရင်ခံစာအား မှတ်တမ်းတင်ရင်း ပြည်ထောင်စုအစိုးရအား တစ်ပါတည်းတိုက်တွန်းအပ်ပါကြောင်း** အဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးအေးမောင်က **ပြည်သူအများစုလိုလားသောဆန္ဒကို ဖြည့်ဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများမှ ပြည်သူမကျေနပ်သော၊ ပြည်သူ့ဆန္ဒနှင့်မကိုက်ညီသော၊ ပြည်သူအများစုအတွက် အခက်အခဲဖြစ်ပေါ်စေသော လျှပ်စစ်တစ်ယူနစ်အပေါ် ဈေးနှုန်း(၂)ဆခန့် တိုးမြှင့်သည့် ပြဿနာနှင့်အိမ်သုံးယူနစ်(၁၀၀)အစား ယူနစ်(၂၀၀)မှ(၃၀၀)အတွင်းသို့ တိုးမြှင့်ရန်လည်းကောင်း၊ ယူနစ်(၂၀၀)မှအထက်အား ဈေးနှုန်းတစ်ဆခွဲမှ နှစ်ဆတိုးမြှင့်ခြင်းအား အထက်တင်ပြပါအတိုင်း သုံးသပ်၍ ပြန်လည်လျှော့ချရန်လည်းကောင်း သုံးသပ်စဉ်ကာလအတွင်း တိုးမြှင့်ကောက်ခံမှုအား ရပ်ဆိုင်းပေးထားပါရန်၊ ဆောင်ရွက်မှုအခြေအနေအား ပြည်ထောင်စုအစိုးရမှ အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာ ပြန်လည်တင်ပြရန်** အရေးကြီးအဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးကထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်ပတ်သက်၍ **ဒုတိယဝန်ကြီး ဦးအောင်သန်းဦး**က ပြည်သူများ ကျေနပ်စေမည့်ဈေးနှုန်း ဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရသို့ ပြန်လည်တင်ပြသုံးသပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့ပြီး လွှတ်တော်က အဆိုကို အတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုတင်သွင်းရာတွင် **အဆိုရှင် ဦးအေးမောင်**က "လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ယူနစ်(၁၀၀)ထိအား (၃၅)ကျပ်နှုန်းသတ်မှတ်သည့်အပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သုံးသပ်သင့်သည့်အကြောင်းအရင်းမှာ အိမ်ထောင်စုများတွင် အများအားဖြင့် ပျမ်းမျှယူနစ်(၂၀၀)မှ (၃၀၀)ခန့်အတွင်း သုံးစွဲကြသည်ဖြစ်ရာ အိမ်သုံးတစ်ယူနစ်(၃၅)ကျပ်နှုန်းထားဖြင့် ယူနစ်(၂၀၀)မှ(၃၀၀) အတွင်းအား တိုးမြှင့်၍ ပြန်လည်စဉ်းစားသင့်ပါကြောင်း၊ ယူနစ်(၁၀၀)ထိသတ်မှတ်မှုမှာ လေ့လာဆောင်ရွက်သည်ဆိုသော်လည်း လျှပ်စစ်သုံးစွဲမှုသိပ်သည်းသည့် နေရာများတွင် လေ့လာဆောင်ရွက်ခြင်းမဟုတ်ဟု ယူဆပါကြောင်း၊ ယူနစ်(၃၀၀)အထက် သုံးစွဲသည့်ဈေးနှုန်းများကို သင့်တင့်သည့်ဈေးနှုန်း (၄၀)ကျပ် သို့မဟုတ် (၅၀)ကျပ်စသည်ဖြင့်ပြန်လည်ဆောင်ရွက်သင့်ပါကြောင်း၊ ယနေ့လျှပ်စစ်ဖြန့်ဖြူးမှုများကိုကြည့်လျှင် ပြည်နယ်များ၌ (၁၁)ရာခိုင်နှုန်းခန့်နှင့်တိုင်းဒေသကြီးများ၌ (၈၉)ရာခိုင်နှုန်းခန့် သုံးစွဲနေသည်ကိုတွေ့ရသဖြင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ တတ်နိုင်သမျှ မျှတအောင် ဖြန့်ဖြူးပေးရန်လည်း အဆိုပြုအပ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အရှုံးပေါ်သဖြင့် ဈေးနှုန်းတိုးမြှင့်မည့်အစား လက်ရှိဆောင်ရွက်နေသည့် အခြေအနေကို ပြန်လည်စိစစ်လေ့လာသုံးသပ်သင့်ပါကြောင်း၊ နည်းပညာပိုင်း၊ အုပ်ချုပ်မှုအပိုင်း၊ စက်စွမ်းအားအပြည့်လည်ပတ်နိုင်မှု ရှိ၊ မရှိ၊ ရင်းနှီးမြှုပ်နှံမှုများတွင် အလေအလွင့်မရှိစေရေးနှင့် စိစိစစ်စစ်ဆောင်ရွက်နိုင်မှု၊ အလေအလွင့်များထိန်းသိမ်းနိုင်မှုတို့ကို သေချာစွာအဖွဲ့များဖွဲ့၍ လေ့လာဆောင်ရွက်သွားပါက အရှုံးပေါ်မှုများအမှန်တကယ်ရှိခဲ့လျှင် ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် မလိုလားအပ်သော အသုံးစရိတ်များကို စိစစ်သင့်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ထို့အတူ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်တွင် အစီရင်ခံစာအပိုင်း(၁၊ ၂၊ ၃)တင်သွင်းပြီးနောက်ပိုင်း ဆက်လက်ရောက်ရှိလာသည့်အစီရင်ခံစာအပိုင်း(၁၊၂၊၃)နှင့်စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရသို့ ပေးပို့သည့် တိုင်ကြားစာများအပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများသို့တင်ပြသည့် အခြားတင်ပြစာများကိုလည်း အလျင်အမြန်အရေးယူ ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က တိုင်ကြားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းဆောင်ရွက်စေလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစွာတိုးတက်ဖြစ်ထွန်းစေမည်

နေပြည်တော် နိုဝင်ဘာ ၈

ယခုကျင်းပသည့် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးများနှင့် သေနတ်ပစ်ပြိုင်ပွဲတို့သည် မြန်မာနိုင်ငံက တာဝန်ခံဆောင်ရွက်သည့် အာဆီယံလုပ်ငန်းစဉ်များအနက် ပထမဦးဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အာဆီယံတပ်မတော်များ၏ စစ်သည်အဆင့်မှသည် အဆင့်မြင့်ခေါင်းဆောင်များအထိ ထိတွေ့ဆက်ဆံမှု၊ ဆွေးနွေးညှိနှိုင်းမှုများမှ အာဆီယံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများရရှိစေပြီး အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစွာ တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ **အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာခြင်းသည် အာဆီယံနိုင်ငံများအကြား ချစ်ကြည်စည်းလုံးမှုအတွက် များစွာအထောက်အကူဖြစ်စေကာ တစ်ခုတည်းသော အာဆီယံ အသိုက်အဝန်းထူထောင်မှုကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း၊** မိမိတို့ တပ်မတော်များအနေဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဖော်ဆောင်မှုတွင် အဓိကပါဝင် လုပ်ဆောင်နေကြရခြင်းဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် စီးပွားရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် သက်ရောက်မှုရှိနေသည့်အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရာတွင်လည်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုအယူအဆများကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ **အာဆီယံ တပ်မတော်များအနေဖြင့် လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်လုံခြုံရေးမှသည် ဒေသတွင်းလုံခြုံရေးများ ခိုင်မာစွာဖြစ်ပေါ်စေရန် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊** သမားရိုးကျ လုံခြုံရေးဆိုင်ရာများသာမက သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ကာကွယ်ရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လေ့ကျင့်မှုလုပ်ငန်းစဉ်များတွင်ပါ အာဆီယံနိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကမ္ဘာ့ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ကောင်းမွန်သည့်သက်ရောက်မှုများရှိသလို ရင်ဆိုင်ကြုံတွေ့ကြရသည့် စိန်ခေါ်မှုများလည်း များစွာရှိပါကြောင်း၊ ၎င်းတို့သည် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအပေါ်တွင်လည်း ရိုက်ခတ်မှုများစွာ ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသော (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး 14th ASEAN Chiefs of Army Multilateral Meeting (14th ACAMM) တွင် ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ မြန်မာ့တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် အစည်းအဝေး တက်ရောက်လာကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဆီးဂိမ်းပြိုင်မည့် မလေးရှား ယူ-၂၃ ကို မြန်မာ ယူ-၁၉ အသင်း အနိုင်ယူပြီး ဗိုလ်လုပွဲတက်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် BIDC Cup 2013 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက မလေးရှား ယူ-၂၃ အသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ အိုလံပစ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

မလေးရှား ယူ-၂၃ အသင်းသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ကစားမည့်အသင်းဖြစ်ပြီး မြန်မာ ယူ-၁၉ နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဒဏ်ရာရကစားသမားများမှအပ ကျန်အဓိက ကစားသမားများအား လူစုံထုတ်ကစားသွားခဲ့သည်။ ဂျာမန်နည်းပြ ဂဲတ်ဆီဖီ၏ မြန်မာယူ-၁၉ အသင်းမှ ငယ်ရွယ်နုပျိုသောကစားသမားများပီပီ မလေးရှားအသင်းအား မိနစ် ၉၀ အပြည့် ကစားအားမကျဆင်းဘဲ မာမာထန်ထန်ယှဉ်ပြိုင်ကစားသွားခဲ့သည်။ မြန်မာအသင်းအတွက် ပွဲကစားချိန် မိနစ် ၂၀ တွင် ရှိုင်းသူရက တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ပထမပိုင်း ပြီးဆုံးသည်အထိ မလေးရှား ယူ-၂၃ အသင်းကို ခြေအသာ၊ ဂိုးအသာဖြင့် ဦးဆောင်ထားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၁ မိနစ်တွင် မောင်မောင်စိုး အနီကတ်ပြ ထုတ်ပယ်ခံရ၍ ၁၀ ယောက်တည်းဖြင့် မလေးရှားအသင်းအား ယှဉ်ကစားခဲ့ရသည်။ ယနေ့ပွဲစဉ်တွင် မလေးရှား ယူ-၂၃ အသင်း အပိုင်ကန်သွင်းချက်များကို မြန်မာဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့ပြီး ကွင်းလယ်နှင့်နောက်တန်း အချိတ်အဆက်မိမှုများကြောင့်လည်း မလေးရှား ယူ-၂၃ အသင်း ထိထိရောက်ရောက် လှုပ်ရှားခွင့်မရခဲ့ပေ။ မိနစ် ၉၀ ကျော်လွန်ပြီးနောက် နာကျင်အချိန်ပို ငါးမိနစ်အထိပေးထားသော်လည်း မလေးရှားအသင်း ဂိုးသွင်းခွင့်မရခဲ့ဘဲ မြန်မာယူ-၁၉ အသင်းကသာ ဒုတိယဂိုးရရှိရန်ပင် ပို၍ နီးစပ်ခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲစဉ်တွင် ထိုင်းယူ-၂၃ အသင်းနှင့် အိမ်ရှင် ကမ္ဘောဒီးယား ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သာမန်ပွဲကစားချိန်အတွင်း ၁-၁ ဂိုးစီ သရေကျနေခဲ့ပြီး အချိန်ပို မိနစ် ၃၀ ဆက်ကစားခဲ့ရသည်။ အချိန်ပို ၁၁၂ မိနစ်တွင် ထိုင်းက ဆာဆတ်၏ သွင်းဂိုးဖြင့် ၂-၁ ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်သွားခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် လာမည့် နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် ထိုင်း ယူ-၂၃ နှင့် BIDC Cup 2013 ဗိုလ်လုပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မောင်မောင်ဇော်)

(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး ကျင်းပ
အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်လက်ခံကျင်းပသည့်(၁၄)ကြိမ်မြောက်အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး 14th ASEAN Chiefs of Army Multilateral Meeting(14th ACAMM) ကိုယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက 14th ACAMM အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်စဉ်။ (မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Brigadier General Dato Seri Pahlawan Haji Yussof Bin Haji Abd Rahman၊ ကမ္ဘောဒီးယားနိုင်ငံကြည်းတပ်ဦးစီးချုပ် General Lleas Sophea၊ အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Budiman၊ လာအိုနိုင်ငံ ဒုတိယစစ်ဦးစီးအရာရှိချုပ် Brigadier General Chanthong Soneta AT၊ မလေးရှားနိုင်ငံကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor၊ ဖိလစ်ပိုင်နိုင်ငံကြည်းတပ်ဦးစီးချုပ် Lieutenant General Noel A. Coballes၊ စင်ကာပူနိုင်ငံ ကြည်း တပ်ဦးစီးချုပ် Major General Ravinder Singh၊ ထိုင်းနိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ် General Udomdej Sitabutr နှင့် ဗီယက်နမ်နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ် Meutenant General Nguyen Quoc Khanh နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေးဖွင့်ပွဲမိန့်ခွန်းပြောကြား၍ အစည်းအဝေးအား ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက 14th ACAMM အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က " Enhancing ASEAN Armies Unity Towards the 2015 ASEAN Community" ခေါင်းစဉ်အား ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားတက်ရောက်သူများသည် နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးနေစဉ်အတွင်း ဆွေးနွေးသည့် အကြောင်းအရာအနှစ်ချုပ်များအား (၁၄)ကြိမ်မြောက်အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည်ဝင်းက ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့နောက် အလွတ်သဘောဆွေးနွေးမှုဆောင်ရွက်ခဲ့ပြီး (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးပူးတွဲထုတ်ပြန်ချက် 14th ACAMM Joint Statement ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံပွဲများ (Bilateral Meetings) ကို ကျင်းပသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ လာအိုနိုင်ငံ ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ စင်ကာပူနိုင်ငံကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်နိုင်ငံကြည်းတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံ ဒုတိယကြည်း တပ်ဦးစီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်နှင့် မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့အား သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အလားတူ စင်ကာပူနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်တို့သည်လည်းကောင်း၊ မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင် နိုင်ငံကြည်းတပ်ဦးစီးချုပ်၊ စင်ကာပူနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့သည် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်တို့သည် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံကြည်း တပ်ဦးစီးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံဒုတိယကြည်းတပ်ဦးစီးချုပ်၊ ဗီယက်နမ်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့သည် လည်းကောင်း အသီးသီးတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် အာဆီယံနိုင်ငံ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများသည် မန္တလေးတောင်သို့ရောက်ရှိပြီး ညနေနေဝင်ဆည်းဆာအလှ ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဩစတြေးလျ မနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဩစတြေးလျ မနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော်ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ နိုင်ငံသံအမတ်ကြီးနှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မယ်စကြဝဠာပြိုင်ပွဲကြီး နောက်ဆုံးအဆင့်ရွေးချယ်ပွဲ ယနေ့ ကျင်းပမည်

ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၈၇ နိုင်ငံမှ အလှမယ်များက မိမိတို့၏နိုင်ငံကိုယ်စီကို ကိုယ်စားပြုကာ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကြသည့် Miss Universe 2013 ပြိုင်ပွဲကြီး၏ နောက်ဆုံးနေ့ပွဲစဉ်ကို နိုဝင်ဘာ ၉ ရက် (ယနေ့)တွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Crocus မြို့တော်ခန်းမ၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ နှစ်ပေါင်း ၅၀ ကျော်ကြာပြီးမှ ပထမဆုံးအကြိမ်အနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် မိုးစက်ဝိုင်သည် အင်တာနက်မှတစ်ဆင့် မဲပေးနိုင်သည့် ဆုအမျိုးအစားများတွင်လည်း အခြားအလှမယ်များထက် မဲအရေအတွက် ပိုမိုရရှိကာအားသာလျက်ရှိနေသည်။ ထို့အပြင် မိုးစက်ဝိုင်သည် Missology People Choice ဆုတွင် အမှတ်အများဆုံးရရှိနေပြီး လူကြိုက်အများဆုံးအလှမယ်တစ်ဦးဖြစ်ကြောင်းနှင့် Miss Universe Title ရရှိရန် အလားအလာရှိသူတစ်ဦးအဖြစ် International Bussiness Times အင်တာနက် သတင်းစာတစ်စောင်က ခန့်မှန်းရေးသားထားကြောင်းလည်း သိရသည်။

ထို့အပြင် မိုးစက်ဝိုင်သည် နိုဝင်ဘာ ၅ ရက်က Crocus မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် ရေကူးဝတ်စုံနှင့် ညနေခင်းဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်သည့်ပွဲတွင်လည်း ညနေခင်းဝတ်စုံအလှမယ်ထိပ်ဆုံးငါးဦးစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။ ယခုနှစ် MissUniverse 2013 ပြိုင်ပွဲကြီးမှာ ဖိလစ်ပိုင်အလှမယ် ရေပန်းစားလျက်ရှိပြီး ၎င်းသည် ရေကူးဝတ်စုံဖြင့်အလှဆုံးသုံးဦးစာရင်းတွင်လည်း ထပ်မံအရွေးချယ်ခံထားရကြောင်း သိရသည်။ **ကြယ်စင်လင်း**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Korea Rural Community Corporation တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၈

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ ဆင်းရဲမှုလျှော့ချနိုင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ မြင့်မားလာစေရန်နှင့် စီးပွားရေးမြင့်တင်လာစေရန် ရည်ရွယ်ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Korea Rural Community Corporation တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တစ်တိုင်းတစ်ပြည်လုံး အတိုင်းအတာအရ လိုအပ်ချက်များပြားသည်နှင့်အညီ ဖွံ့ဖြိုးရေးလိုအပ်ချက် အများဆုံးနေရာဒေသရှိ ဆင်းရဲနွမ်းပါးသူများကို ဦးတည်ဆောင်ရွက်ခြင်း၊ ခံစားခွင့်အကျိုးအများဆုံးရရှိနိုင်သည့် နေရာဒေသများကို ဦးစားပေးရွေးချယ်ခြင်း၊ အမှန်တကယ်လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်စွမ်းရှိရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများအတွင်း မျှတစွာ ခံစားနိုင်ရေး၊ ဆင့်ကဲဖွံ့ဖြိုးရေးဖြစ်စဉ်အတွက် မြင်သာနိုင်မှုရရေး စသည့် ဦးစားပေးအစီအစဉ်များကို ရွေးချယ်ပြီး လူအင်အား၊ ငွေကြေးအင်အား၊ ပစ္စည်းအင်အားအရင်းအမြစ်များကို ထိရောက်စွာ အကျိုးရှိရှိအသုံးချနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး အခြေခံကောင်းများရရှိပြီး ဆင်းရဲမှုလျှော့ချသွားနိုင်မည့် မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်အတွက် Korea Rural Community Corporation နှင့် ပူးပေါင်းပြီး မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများ၊ ရေနှင့်ရေထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဘဏ္ဍာရေး၊ ငွေကြေးဆိုင်ရာ အထောက်အပံ့များ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီရရှိရေးလုပ်ငန်းများနှင့် တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Korea Rural Community Corporation ဥက္ကဋ္ဌ Mr.Lee Sang Me က မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသည့် သယံဇာတအရင်းအမြစ်များကို အသုံးပြုပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ယခုလို ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အချိန်တိုအတွင်း တိုးတက်အောင်မြင်စေမည်ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ ပညာရှင်များနှင့်ပါ ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တက္ကသိုလ်အချင်းချင်း ပူးပေါင်း၍ ကိုရီးယားနိုင်ငံ ဆိုလ်းမြို့ရှိ အမျိုးသားတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဘာသာရပ်များကို သင်ကြားခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Korea Rural Community Corporation တို့ နှစ်ဖက်နားလည်မှုစာချွန်လွှာများကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

တရားမဝင် ဘီယာ၊ ဝိုင်ပုလင်း တစ်သောင်းသုံးထောင်ကျော်နှင့် ကုန်ပစ္စည်းအမျိုးပေါင်း ၈၄ မျိုး ရန်ကုန်မြို့တွင် သိမ်းဆည်းရမိ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ Quarto Product ကုမ္ပဏီလီမိတက် ရုံးဝင်းအတွင်းရှိ အအေးခန်းသိုလှောင်ရုံများအတွင်းမှ တရားမဝင်တင်သွင်းလာသော ဝိုင်၊ အရက်၊ ဘီယာပုလင်းစုစုပေါင်း တစ်သောင်းသုံးထောင်ကျော်နှင့် ကုန်ပစ္စည်းအမျိုး ၈၄ မျိုး စုစုပေါင်းငွေကျပ် ၆၄၄ သိန်းကျော်သိမ်းဆည်းရမိခဲ့ကြောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီထံသို့ သတင်းပေးတိုင်ကြားချက်ကြောင့် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းသွယ် (၁)ခြံအမှတ် ၅ (B-D) ရှိ ယင်းကုမ္ပဏီအား အောက်တိုဘာ ၂၈ ရက်တွင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်မပြုသော ဘီယာအမှတ်တံဆိပ် သုံးမျိုးမှဘီယာပုလင်း စုစုပေါင်း ၈၉၂၄ ပုလင်း၊ ထုတ်လုပ်သည့်နိုင်ငံမတူသည့် ဝိုင်အမျိုးအစား ကိုးမျိုးမှ ဝိုင်ပုလင်းပေါင်း ၄၂၆၂ ပုလင်းကို တွေ့ရှိခဲ့ကြောင်း၊ ထို့ပြင် အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် (ကုန်စည်ပြပွဲတွင် ပြသရန်တင်သွင်းထားရှိသည်ဟုဆိုသော) ကုန်ပစ္စည်းစုစုပေါင်း ၇၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး၊ သွင်းကုန်ကြော်ငြာလွှာထက်ပိုမိုနေသည့် ပစ္စည်းနှစ်မျိုးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမှ ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ပြောကြားသည်။

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် ဓာတ်ပုံ-ဖိုးခေါင်

" ကျွန်တော်တို့အဖွဲ့ဆီကို အောက်တိုဘာ ၂၆ ရက်မှာ သတင်းပေးတိုင်ကြားချက်ရတယ်။ ၂၇ ရက်မှာ ဒီသတင်းဟာမှန်ကန်မှုရှိ၊ မရှိစုံစမ်းပြီး အောက်တိုဘာ ၂၈ ရက်မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးမှုနဲ့ အတည်ပြုချက်အဆင့်ဆင့်ပြုလုပ်ပြီး နိုဝင်ဘာ ၆ ရက်မှာ ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ(၈)နဲ့ Quarto Product Company ရဲ့ မန်နေဂျင်းဒါရိုက်တာကို တရားစွဲဆိုခဲ့ပါတယ် ” ဟု၎င်းကဆက်လက်ပြောကြားသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် Mobile Team လုပ်ငန်းများ စတင်ဆောင်ရွက်သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ တစ်နှစ်ကျော်ကာလအတွင်း တရားမဝင်သိမ်းဆည်းရမိသည့် အမှုအရေအတွက် ၁၈၇၄ မှုရှိပြီး ငွေကျပ်သန်းပေါင်း ခြောက်ထောင့်ရှစ်ရာ သုံးဆယ်ကျော်ဖိုး သိမ်းဆည်းခဲ့ကြောင်း အဆိုပါ ကော်မတီမှ သိရသည်။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှ အရေးယူသိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများကို သက်ဆိုင်ရာဌာနအသီးသီးသို့ လွှဲပြောင်းပေးအပ်ပြီး ဖျက်ဆီးရန်လိုအပ်သော ပစ္စည်းများအား ဖျက်ဆီးကြောင်း၊ သက်ဆိုင်ရာဌာနမှ သီးခြားသတ်မှတ်၍မရသော ပစ္စည်းများကို အကောက်ခွန်ဌာနသို့ လွှဲပြောင်းပေးအပ်ပြီး လေလံစည်းကမ်းနှင့် ကိုက်ညီသော ကုန်ပစ္စည်းများအား လေလံတင်ရောင်းချခြင်းများ ဆက်လက်ပြုလုပ်ကြောင်း ယင်းကော်မတီမှ သိရသည်။

ပြည်တွင်းရေးရာ

မန္တလေးမြို့မှ နာမည်ကြီးဇာတ်သဘင်အဖွဲ့များ မြန်မာ့ယဉ်ကျေးမှုဇာတ်သဘင်ကို သမားစဉ်မပျက် ဗွီစီဒီရိုက်ကူးမှုများ ဆောင်ရွက်လာ

နန္ဒာမင်းလွင်

မန္တလေး နိုဝင်ဘာ ၈

မန္တလေးမြို့အခြေစိုက် မြန်မာ့ဇာတ်သဘင်များ အနေဖြင့် မြန်မာ့ယဉ်ကျေးမှုဇာတ်သဘင်အနုပညာရပ်များကို ရှေးရိုးသမားစဉ်နည်းအတိုင်း ကပြဖြေဖျော်တင်ဆက်မှုများကို ဇာတ်သဘင်ချစ်မြတ်နိုးကြသည့် ပြည်သူများ ကြည့်ရှုနားဆင်ခံစားနိုင်ကြရန်နှင့် ဇာတ်သဘင်ဈေးကွက် ပိုမိုကျယ်ပြန့်လာစေရန် ဗွီစီဒီရိုက်ကူးဖြန့်ချိမှုများကို အပြိုင်အဆိုင် လုပ်ကိုင်ဆောင်ရွက်လာကြကြောင်း သိရသည်။ ယနေ့ဇာတ်သဘင်လောကတွင် ဇာတ်ပွဲများ ကပြတင်ဆက်ကြရာတွင် ရှေးဇာတ်သဘင်ပညာသမားစဉ်များကို ကျင့်သုံးမှုမရှိတော့ဘဲ စီးပွားရေးကို ငဲ့ကွက်ကြရာ လူငယ်ပရိသတ်အကြိုက်ကို လိုက်၍ ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်မှု(စတိတ်ရှိုး) အစီအစဉ်များကိုသာ အသားပေးပြီး ကပြတင်ဆက်လာကြကြောင်း၊ နောက်ပိုင်းဇာတ်တော်ကြီးများကို ကပြတင်ဆက်ခြင်းမပြုကြတော့ဘဲ နှစ်ပါးသွားကပြပြီး ပွဲသိမ်းလေ့ရှိနေကြကြောင်း သိရသည်။ ဇာတ်သဘင်ပညာသမားစဉ်အတိုင်း ပရိသတ်ရှေ့မှောက်တွင် ကပြတင်ဆက်ရန် အခက်အခဲရှိနေသောကြောင့် မန္တလေးမြို့အခြေစိုက် နာမည်ကျော်ဇာတ်ကြီးများသည် ဇာတ်သဘင်ပညာသမားစဉ်များ မပျောက်ပျက်ရန်နှင့် ဇာတ်သဘင်ချစ်ပရိသတ်များ ကြည့်ရှုခံစားနားဆင်နိုင်ရန် ဗွီစီဒီများ ရိုက်ကူးကာ ဇာတ်ပွဲကပြသည့်ဒေသများမှ ပရိသတ်များအား မေတ္တာလက်ဆောင် ဝေငှပေးကြကြောင်း သိရသည်။

မန္တလေးမြို့အခြေစိုက် နာမည်ကျော်ဇာတ်သဘင်အဖွဲ့ကြီးဖြစ်သည့် ပန်တျာမြန်မာ့ဇာတ်သဘင်အဖွဲ့မှ ဇာတ်မင်းသား လှိုင်ဘွားအောင်က "အခု ကျွန်တော်တို့ လှိုင်ဘွားအောင် ဇာတ်ခုံ ရွှေနန်းဘုံဆိုတဲ့ နှစ်ပါးသွား ဗွီစီဒီရိုက်ကူးနေပါတယ်။ ရိုက်ကူးရာမှာ မြန်မာ့ဇာတ်သဘင်ပညာ အငွေ့အသက်တွေကို ပရိသတ်တွေ ကြည့်ရှုခံစားနိုင်အောင် ဇာတ်သဘင်ပညာစစ်စစ် သမားစဉ်အတိုင်း ရိုက်ကူးတာပါ။ ဘုရားကန်တော့ခန်း၊ အပျိုတော်အော်ပရာ၊ မင်းသား၊ မင်းသမီးယိမ်းနဲ့ နှစ်ပါးသွား ကပြမှုတွေ ရိုက်ကူးတင်ဆက်ထားတာပါ။ ဇန်နဝါရီလပိုင်းမှာ ရုပ်မြင်သံကြားသဘင် Channel အတွက် ဇာတ်သဘင်ပညာ သမားစဉ်အတိုင်း ဗွီစီဒီထပ်မံရိုက်ကူးသွားဖို့ စီစဉ်ထားပါတယ်။ ဇာတ်သဘင်သမားစဉ်အတိုင်း ဘုရားကန်တော့ခန်းကနေ နောက်ပိုင်းဇာတ်တော်ကြီးအထိ ကပြရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ဇာတ်သဘင်ပညာသမားစဉ်မှာ မပါတဲ့ စတိတ်ရှိုးအစီအစဉ်ကို လုံးဝမထည့်ပါဘူး။ ဒီနေ့ဇာတ်သဘင်လောကရဲ့ တကယ့်လက်တွေ့ဇာတ်ခုံပေါ်မှာ စီးပွားရေးကို ငဲ့ကွက်နေရပြီး လူငယ်ပရိသတ်အကြိုက် စတိတ်ရှိုးအစီအစဉ်တွေကို ထည့်ပေးနေရပါတယ်။ အချို့ဇာတ်သဘင်တွေဆိုရင် စတိတ်ရှိုးကို အသားပေးပြီး နောက်ပိုင်းဇာတ်တော်ကြီးတွေ ကပြမှုမရှိတော့တာကို ဝမ်းနည်းဖွယ်တွေ့နေရပါတယ်။ နောက်ပိုင်းဇာတ်တော်တွေကို ကြည့်ရှုကြမယ့်သူမရှိတော့လို့ မကပြရတာမဟုတ်ပါဘူး။ သူ့ပရိသတ်နဲ့သူ ကြည့်မယ့်သူတွေ ရှိနေဆဲပါ။ ကျွန်တော်တို့ဇာတ်ကတော့ နှစ်ပါးသွားကပြီး မိုးလင်းတာမျိုး မလုပ်ပါဘူး။ တတ်နိုင်သမျှ သဘင်ပညာကို ထိန်းသိမ်းတဲ့အနေနဲ့ နောက်ပိုင်းဇာတ်တော်ကြီးတွေ ကပြပေးပါတယ်။ အခု ဗွီစီဒီကလည်း အခြေအနေအရ ဇာတ်ခုံပေါ်မှာ ဇာတ်သဘင်သမားစဉ်စစ်စစ်ကို သီးသန့်ကပြပေးဖို့ အခက်အခဲရှိတဲ့အတွက် ဇာတ်သဘင်အနုပညာအငွေ့အသက်တွေ ခံစားခွင့်ရရှိကြအောင် ရိုက်ကူးထားတာဖြစ်ပါတယ်"ဟု ပြောပြသည်။

မြန်မာသဘင်ပညာစစ်စစ်၏ အငွေ့အသက်များကို ဇာတ်သဘင်ချစ်မြတ်နိုးသူများ ကြည့်ရှုခံစားနိုင်စေရန် မင်းသားသက် (၁၅)နှစ်ပြည့်အဖြစ် လှိုင်ဘွားအောင်ဇာတ်ခုံ ရွှေနန်းဘုံနှစ်ပါးသွားဗွီစီဒီကို ရိုက်ကူးခြင်းဖြစ်ကြောင်း၊ ယင်းဗွီစီဒီအခွေများအား ဆင်ပေါင်ဝဲမြို့ မဟာပိန္နဲဘုရားပွဲနှင့် မိုးမိတ် မဘိန်းပွဲတော်မှစတင်၍ ပွဲကသည့်နေရာတိုင်းတွင် ဇာတ်သဘင်ချစ်ပရိသတ်များအား မေတ္တာလက်ဆောင်အဖြစ် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပလက်ဖောင်းပျိုးခင်း စာသင်ဝိုင်း သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ သင်ကြား

မန္တလေး နိုဝင်ဘာ ၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း၊ လမ်း(၃၀)နှင့် (၃၁)လမ်းကြား မီးရထားတိုက်ခန်းများရှေ့၌ ညစဉ် ၇ နာရီမှ ၉ နာရီအထိ စေတနာ့ဝန်ထမ်းများက ချို့တဲ့ကလေးငယ်များအား ပညာသင်ကြားပေးလျက်ရှိသည်။ ပလက်ဖောင်းပျိုးခင်းဟု အမည်ပေးထားသော စာသင်ဝိုင်းတွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးနေပြီး ကလေးများ၏ ကျောင်းစရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများပါ ထောက်ပံ့ပေးသည်။ ကလေးများအား ကျောင်းသင်ခန်းစာအပြင် ယဉ်ကျေးလိမ္မာစွာ ပြုမူနေထိုင်နည်းကိုပါ သင်ကြားပေးသည်။

ပလက်ဖောင်းပျိုးခင်း စာသင်ဝိုင်းကို ရထားရဲတပ်ဖွဲ့ဝင်တစ်ဦးက ဦးဆောင်ကာ ဘူတာကြီးတစ်ဝိုက် လေလွင့်ကလေးများ၊ ကျောင်းမနေနိုင်သော ကလေးများအား ခေါ်ယူသင်ကြားပေးခဲ့ရာမှ ကျောင်းသားကျောင်းသူ ၃၃ ဦးရှိပြီး တက္ကသိုလ်ဝင်တန်းတစ်ဦး၊ နဝမတန်း နှစ်ဦး၊ မူလတန်း၊ အလယ်တန်းများမှဆင်းရဲချို့တဲ့ ကလေးများအား သင်ကြားပေးလျက်ရှိကြောင်း၊ အလှူခံခြင်းမရှိကြောင်း၊ လာရောက်လှူဒါန်းမှုများကို သာ လက်ခံကြောင်း သင်ကြားပေးသည့် ဆရာတော် အရှင်ကုမာရက မိန့်ကြားသည်။

မန္တလေး ဘူတာကြီးဝန်းကျင်၌ နေထိုင်သော ဆင်းရဲချို့တဲ့ကလေးများ၊ မိဘမဲ့ကလေးများ၊ လေလွင့်ကလေးငယ်များအား စုစည်းကာ ရထားတိုက်တန်း ပလက်ဖောင်းပေါ် ပလတ်စတစ်ဖျာများခင်း၍ ပညာသင်ကြားရင်း ယဉ်ကျေးလိမ္မာပြီး စာရိတ္တကောင်းမွန်သော လူငယ်လေးများ ဖြစ်စေရန် ရည်ရွယ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

လယ်ယာသုံးစက်ကိရိယာရေစုပ်စက်ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ထီးချိုင့် နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ လယ်ယာထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့ထောက်ပံ့သည့် လယ်ယာသုံးစက်ကိရိယာရေစုပ်စက် ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြဝင်းက ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်၊ အသုံးပြုရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြန်လည်တင်ပြရမည့် ဆောင်ရွက်ချက်များကို တက်ရောက်လာကြသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီများနှင့် အတွင်းရေးမှူးများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်စု အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများသို့ စက်ကိရိယာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထီးချိုင့်မြို့နယ်အတွက် ထောက်ပံ့သော လယ်ယာသုံးစက်ကိရိယာရေစုပ်စက်ငါးလုံးအား တည်တောကျေးရွာ အုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ ကန်ပေါက်ကျေးရွာအုပ်စု၊ အလယ်တောကျေးရွာအုပ်စုနှင့် ဆင်ဖြူဆိပ်ကျေးရွာအုပ်စုများသို့ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ်-(၉၁၇)၊ မြေကွက်တည်နေရာ အမှတ်(၉၁၇)၊ ဘရဏီ (၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးကြီးမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်နှင့်ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ဌေး[၁၂/ဥကတ(နိုင်)၀၂၁၀၆၅]၊ ဒေါ်အေးအေးမြင့် [၁၂/ဥကတ(နိုင်)၀၂၀၇၅၃]တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊မြေကွက်အမှတ်-(၇၂)၊ မြေကွက်တည်နေရာအမှတ်(၇၂)၊ မင်းရဲကျော်စွာ(၈)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်လှရှင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှရှင်နှင့် ခင်ပွန်း ဦးမောင်သန်း ကွယ်လွန်သဖြင့် ဦးတင်ရွှေ[၁၂/ဥကမ(နိုင်)၁၀၉၁၁၈]၊ ဦးအောင်သိန်း[၁၂/ဥကတ(နိုင်)၀၁၉၁၆၉]၊ ဒေါ်ခင်ခင်ဝေ[၁၂/ဥကတ(နိုင်)၁၂၀၆၈၅]၊ ဦးအောင်တင်မြင့် [၁၂/ဥကတ(နိုင်)၁၃၁၆၂၀]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၉၇၂(၄-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးအောင်သိန်း[၁၂/ဥကတ(နိုင်)၀၁၉၁၆၉]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၉၂၃(၂၈-၁၀-၁၃)ကိုတင်ပြ၍ မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံ၏ဆီးဂိမ်းဆိုင်ရာ အချက်အလက်နှင့် နံပါတ်များ (FACTS & FIGURE NUMBERS)

ဝင်းထွဋ်ဦး

၄၄ မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ်၊ ၁၉၆၉ ခုနှစ်တွင် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ယခု ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို တတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးနောက် (၄၄)နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပမည့်ပြိုင်ပွဲဖြစ်သည်။

၂ မြန်မာနိုင်ငံသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်နှင့် ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ နှစ်ရပ်တွင် နှစ်ကြိမ်စလုံး နိုင်ငံအလိုက် ဗိုလ်စွဲခဲ့သည်။

၂၆ မြန်မာနိုင်ငံသည် ကျင်းပပြီးစီးခဲ့သည့် ဆီးဂိမ်း (ကျွန်းဆွယ်ပြိုင်ပွဲအပါအဝင်) ပြိုင်ပွဲ ၂၆ ကြိမ် စလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကျွန်းဆွယ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပစဉ် ရှစ်ကြိမ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) အမည်ပြောင်းလဲပြီးနောက်ပိုင်း (ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုဆီးဂိမ်းအထိ) တွင် ၁၈ ကြိမ် စုစုပေါင်း ၂၆ ကြိမ်ဖြစ်သည်။

၄၄၇ မြန်မာနိုင်ငံသည် ကျင်းပပြီးစီးခဲ့သည့် ဆီးဂိမ်း(ကျွန်းဆွယ်ပြိုင်ပွဲအပါအဝင်) ပြိုင်ပွဲ (၂၆)ကြိမ်တွင် အကြိမ်တိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၂၆ ကြိမ်စလုံး ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ ရွှေတံဆိပ်ဆု လက်လွတ်ဆုံးရှုံးခဲ့သည့်ပြိုင်ပွဲ တစ်ကြိမ်မှ မရှိခဲ့။ မြန်မာအားကစားအဖွဲ့အနေဖြင့် ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမဆုံးအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲမှ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ၂၆ ကြိမ်မြောက် အင်ဒိုဆီးဂိမ်းအထိ ရွှေတံဆိပ် စုစုပေါင်း ၄၄၇ ဆု ရယူနိုင်ခဲ့သည်။

၅၇ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက် ရွှေတံဆိပ်ဆု အများဆုံး ဆွတ်ခူးရယူနိုင်ခဲ့သည်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင်ဖြစ်သည်။ ယင်းနှစ်တွင် ရရှိသည့် ရွှေတံဆိပ်ဆု အရေအတွက်မှာ ၅၇ ခုဖြစ်သည်။

၁၆/၃၂ မြန်မာအားကစားအဖွဲ့သည် ၁၉၇၉ ခုနှစ် (၁၀)ကြိမ်မြောက် အင်ဒိုဆီးဂိမ်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ၂၆ ခု ရရှိပြီး နောက်ပိုင်း ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၂၀ ပြည့်မီအောင် ဆွတ်ခူးရယူနိုင်ခဲ့ခြင်းမရှိခဲ့။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အင်ဒိုဆီးဂိမ်းအထိ ပြိုင်ပွဲ (၁၆)ကြိမ်နှင့် ၃၂ နှစ်တာ ကာလကြာခဲ့ပြီဖြစ်သည်။

၃ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ (၂၆) ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆု အနည်းဆုံး ဆွတ်ခူးသည့် ပြိုင်ပွဲမှာ ၁၉၉၉ ခုနှစ် အကြိမ် (၂၀)မြောက် ဘရူနိုင်းဆီးဂိမ်းဖြစ်သည်။ ထိုပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခုသာ ရရှိခဲ့သည်။

၈ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) အမည်သစ်ဖြင့် စတင်ကျင်းပခဲ့သည့် ၁၉၇၇ မလေးရှားဆီးဂိမ်းမှ ၂၀၁၁ အင်ဒိုဆီးဂိမ်းအထိ ပြိုင်ပွဲ(၁၈)ကြိမ်တွင် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် အမြင့်ဆုံးရရှိသည်မှာ အဆင့်သုံးဖြစ်သည်။ ၁၉၇၉ (၁၀)ကြိမ်မြောက် အင်ဒိုဆီးဂိမ်းတွင်ရရှိခြင်းဖြစ်သည်။ အဆင့်လေး တစ်ကြိမ်၊ အဆင့်ငါး နှစ်ကြိမ်၊ အဆင့်ခြောက်လေးကြိမ် ရခဲ့သည်။ အကြိမ်အများဆုံးရပ်တည်ခဲ့ရသည့် အဆင့်မှာ (၇)ဖြစ်ပြီး (၈)ကြိမ်ထိ ရှိခဲ့သည်။ အဆင့်(၇)ရရှိသည့် နှစ်များမှာ ၁၉၉၃၊ ၁၉၉၅၊ ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇ နှင့် ၂၀၁၁ တို့ဖြစ်သည်။

၇ မြန်မာအားကစားအဖွဲ့သည် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အင်ဒိုဆီးဂိမ်းတွင် အားကစားနည်းအမျိုးအစား ၃၀ အား အားကစားသမား ၄၇၀ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ ခုအပါအဝင် ဆုတံဆိပ် ၈၀ ရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်(၇)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

၆ ၂၀၁၁ အင်ဒိုဆီးဂိမ်းတွင် မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် ၁၆ ခု ဆွတ်ခူးရရှိခဲ့ရာ ရိုးရာလေ့လော့မှ ကိုးခု၊ မြားပစ်မှ သုံးခု၊ ဂျူဒို၊ ဝူရှူး၊ အနောက်တိုင်းလှေလှော်နှင့် ပိုက်ကျော်ခြင်းတို့မှ တစ်ခုစီ စုစုပေါင်းအားကစားနည်း ခြောက်မျိုးမှ ရရှိခဲ့ခြင်းဖြစ်သည်။

၁၀ ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုဆီးဂိမ်းတွင် မြန်မာအားကစားအဖွဲ့ရရှိသည့် ရွှေဆု ၁၆ ခုအနက် ကိုးခုကို မြန်မာ့ရိုးရာ လှေလှော်အားကစားအဖွဲ့မှ ရယူပေးခဲ့သည်။ ပြိုင်ပွဲတွင် ရိုးရာလှေလှော်အားကစားနည်းမှ ပြိုင်ပွဲ(အမျိုးအစား) ၁၀ မျိုး ထည့်သွင်းကျင်းပရာ မြန်မာ့ရိုးရာလှေလှော်အဖွဲ့သည် ၁၀ ပွဲစလုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲကိုးခုတွင် ရွှေဆုဆွတ်ခူးပြီး တစ်ခုသာ ငွေတံဆိပ်ဖြစ်ခဲ့သည်။ မြန်မာ့ရိုးရာလှေလှော်အားကစားအဖွဲ့သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲ ၁၀ မျိုးစလုံးတွင်ဆုဆွတ်ခူးသည့် အားကစားအဖွဲ့အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၃၃ ယခု ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆီးဂိမ်းတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အိမ်ရှင် မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၃ မျိုးစလုံး အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၄၆၀ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၃ မျိုးမှ ရွှေတံဆိပ် ၄၆၀ ချီးမြှင့်မည်ဖြစ်သည်။

၄၆ ယခု ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် စုစုပေါင်း ၄၆၀ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြေးခုန်ပစ်အားကစားနည်း၌ ရွှေတံဆိပ် ၄၆ ခုဖြင့် အများဆုံးချီးမြှင့်သွားမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုလျက်-

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



လူပျောက်ကြော်ငြာ

မောင်ကောင်းဆက်ပိုင်(ခ)ပိုပို (၁၆)နှစ် ကျောင်းသားသည် ပျောက်သွားပါ၍ လက်ခံထားသူများ၊ တွေ့ရှိသူများဆက်သွယ်ပေးပါရန် ကျေးဇူးဆပ်ပါမည်။ မမကြီး စိတ်ပူနေသည်။ အမြန်ပြန်လာပါ။

ဖုန်း-၀၉ ၄၂၁၀၅၁၃၃၉၊ ၀၁-၂၀၀၆၇၉

အ နု ပ ည ာ သ တ င်း အ နု ပ ည ာ သ တ င်း အ နု ပ ည ာ သ တ င်း

အာကာသထဲတွင် ဖျော်ဖြေဦးမည့် လေဒီဂါဂါ

ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက ၂၀၁၅ ခုနှစ်တွင် Virgin Galactic အာကာသခရီးသွားကုမ္ပဏီ၏ ဝန်ဆောင်မှုဖြင့် အာကာသခရီးအတွင်း ဂီတဖျော်ဖြေပွဲတစ်ခုကို အမှန်တကယ်ကျင်းပသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လေဒီဂါဂါသည် အဆိုပါအာကာသခရီးစဉ်အတွင်း အာကာသယာဉ်ကမ္ဘာမြေဆွဲအားမရှိတော့သည့်အချိန်၌ ဂီတဖျော်ဖြေပွဲကို စတင်နိုင်ရန်စီစဉ်ထားကြောင်း၊ ပတ်ဝန်းကျင်လေထုကြောင့် အသံပိုင်းဆိုင်ရာများကိုလည်း တစ်လခန့်ကြိုတင်လေ့ကျင့်မှုများပြုလုပ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လေဒီဂါဂါသည် အာကာသယာဉ်၏ဂြိုဟ်ပတ်လမ်းအတွင်း ပထမဆုံးဂီတဖျော်ဖြေပွဲကျင်းပနိုင်သည့် တေးသံရှင် ဖြစ်ကောင်းဖြစ်လာနိုင်သော်လည်း အာကာသအတွင်းပထမဆုံးသီချင်းသီဆိုမှု ဖြစ်လာတော့မည်မဟုတ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် ထွက်ရှိမည့် Virgin Galactic အာကာသခရီးသွားကုမ္ပဏီ၏ အာကာသခရီးစဉ်တွင် လေဒီဂါဂါအပြင် အခြားသောနာမည်ကြီးအနုပညာရှင်များဖြစ်ကြသည့် ဘရတ်ပစ်ဒ်နှင့် အိန်ဂျလီနာဂျိုလီ၊ ဂျက်စတင်ဘီဘာနှင့် ကေတီပယ်ရီတို့လည်း လိုက်ပါရန် စာရင်းပေးထားကြပြီး လိုက်ပါစီးနင်းခအနေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ နှစ်သိန်းငါးသောင်း ကျသင့်မည်ဖြစ်ကြောင်းသိရသည်။

မျိုးစန္ဒာမောင်
စုစည်းသည်

Star Wars VII ၂၀၁၅ ဒီဇင်ဘာတွင်ထွက်ရှိမည်

ပရိသတ်များ အချိန်ကြာမြင့်စွာ စောင့်စားနေကြသည့် Star Wars ဇာတ်လမ်းတွဲ၏ သတ္တမမြောက်ဇာတ်လမ်းတွဲကို ဒစ်စ်နေးရုပ်ရှင်ထုတ်လုပ်ရေးမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ပြသသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင်ပြသမည့် အဆိုပါ ဇာတ်လမ်းတွဲသစ်သည် ဒစ်စ်နေးမှ ပိုင်ဆိုင်သည့် လူးကပ်စ် ရုပ်ရှင်ကုမ္ပဏီနှင့် ပထမဆုံးပူးပေါင်းရိုက်ကူးမည့် ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

ပထမဆုံးသော Star Wars ဇာတ်လမ်းတွဲကို ၁၉၇၇ ခုနှစ်က စတင်ပြသခဲ့ပြီး ပြီးခဲ့သည့် Star Wars ဇာတ်လမ်းတွဲခြောက်တွဲလုံးကို ဗြိတိသျှစတူဒီယိုများတွင် သွားရောက်ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ယင်းအပြင် ယခင် Star Wars ဇာတ်လမ်းတွဲများကို မေလတွင် စတင်ဖြန့်ချိခြင်းများရှိခဲ့သော်လည်း ယခုအသစ်ထွက်ရှိလာမည့် Star Wars ဇာတ်ကားကို ၂၀၁၅ ခုနှစ် ခရစ္စမတ်ပွဲတော်အကြို အားလပ်ရက်အတွက် ရည်ရွယ်ကာ ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ပိုင်ဆိုင်မှုစာအုပ် သက်တမ်းတိုး ကုန်ဆုံးရက်မတိုင်ခင် ပြုလုပ်နိုင်

ရန်ကုန် နိုဝင်ဘာ ၈

မော်တော်ယာဉ်ပိုင်ဆိုင်မှုစာအုပ် သက်တမ်းတိုးလာရောက်ပြုလုပ်ရာတွင် လ တစ်လ၏ ကုန်ဆုံးရက်တွင်သာ ပြုလုပ်၍ ရသည်မဟုတ်ဘဲ လဆန်းရက်များတွင်လည်း လာရောက်ပြုလုပ်နိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြင်သာ(ကညန)မှ ခရိုင်ဦးစီးမှူး ဦးစန်းယု၏ ပြောပြချက်အရ သိရသည်။

"ယာဉ်ပိုင်ဆိုင်မှုစာအုပ် သက်တမ်းတိုးလာရောက်ပြုလုပ်တဲ့အခါမှာ သက်တမ်းကုန်ဆုံးတဲ့ရက်မှာပဲ လာရောက် လုပ်ကိုင်နေကြတယ်။ အဲဒီကုန်ဆုံးရက်မတိုင်ခင် လဆန်းရက်တွေမှာလည်း လာရောက်ပြုလုပ်လို့ရပါတယ်။ ကုန်ဆုံးတဲ့ရက်မှာပဲ လာရောက်လုပ်ကြတော့ ယာဉ်ကြပ်တည်းမှုတွေနဲ့ လုပ်ငန်းတွေ မနိုင်မနင်းဖြစ်ပေါ်တယ်" ဟု ၎င်းက ဆက်၍ပြောသည်။

ယာဉ်ပိုင်ဆိုင်မှုစာအုပ်များ သက်တမ်းတိုးလာရောက်ပြုလုပ်ရာတွင် တစ်ရက်လျှင် အစီး ၂၅၀ မှ ၃၀၀ အထိ ရှိပြီး ကုန်ဆုံးရက်များတွင်သာ လာရောက်ပြုလုပ်သောကြောင့် ယာဉ်ပိုင်ဆိုင်မှုစာအုပ် သက်တမ်းတိုးလာရောက်ပြုလုပ်သည့်ယာဉ်များနှင့် အခြားယာဉ်နှင့် ပတ်သက်သောလုပ်ငန်းများ လာရောက်လုပ်ကိုင်သောယာဉ်များကြောင့် ယာဉ်ကြပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး မလိုလားအပ်သော လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။

ကေသိန်းဆွေ

ဒဂုံတက္ကသိုလ် – ကျုံးကြီးယာဉ်လိုင်းသစ်မကြာမီပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၈

ဒဂုံတက္ကသိုလ်-ကျုံးကြီးယာဉ်လိုင်းသစ်တစ်ခုကို မကြာမီပြေးဆွဲရန် စီစဉ်နေကြောင်း မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။

မထသ(အရှေ့ပိုင်းခရိုင်)၏ စီမံခန့်ခွဲမှုအောက်တွင် "မိုးကောင်းကင်" ဟူသော အမည်ဖြင့် ပြေးဆွဲရန် စီစဉ်ထားခြင်းဖြစ်ပြီး ရိုးရိုးလိုင်း အဖြစ်သာ ပြေးဆွဲပေးမည်ဖြစ်သကဲ့သို့ နိုဝင်ဘာ ၅ ရက်က ယင်းယာဉ်လိုင်းမှ ယာဉ်ခုနစ်စီး သဘာဝဓာတ်ငွေ့တပ်ဆင်ရန် ခွင့်ပြုချက်ရရှိထားကြောင်း သိရသည်။

"သဘာဝဓာတ်ငွေ့တပ်ဆင်ခွင့်ရပေမယ့် ကားကိုစစ်ဆေးတာရယ်၊ အိုးတွေရဲ့အရည်အသွေးကို စစ်ဆေးလုပ်ဆောင်တာတွေရယ်ကြောင့် MOGE ရဲ့ သတ်မှတ်ချက်နဲ့အညီ လုပ်ဆောင်ပြီးတဲ့အခါ ပြေးဆွဲခွင့်ရလာတော့မှာဖြစ်လို့ မကြာခင် ပြေးဆွဲပေးတော့မှာဖြစ်ပါတယ်"ဟု ၎င်းကရှင်းပြသည်။

ဒဂုံတက္ကသိုလ်-ကျုံးကြီးပြေးဆွဲသောလိုင်းများတွင် ယခင်က ၂၀၃၊ ၂၀၇၊ ၂၀၅ယာဉ်လိုင်းတို့ ရှိသော်လည်း ယခုနောက်ပိုင်း ၂၀၅ ယာဉ်လိုင်း၌ ယာဉ်စီးရေအနည်းငယ်သာ မြင်တွေ့လာရပြီး ၂၀၃၊ ၂၀၇ ယာဉ်လိုင်းတို့ မတွေ့ရတော့ကြောင်း ခရီးသည်များက ဆိုသည်။

ထက်ခိုင်(စမ်းချောင်း)

လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးအတွက် မော်တော်ယာဉ်များဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

Saloon (Toyota အမျိုးအစား) (၂၀)စီး
2009 Model နှင့် အထက်
Premio (X-Grade)/ Axio (X-Grade)

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန်	- ၁၁-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်ထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၅-၁၁-၂၀၁၃ ရက် ၁၆း၀၀ နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ	- ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၁၈၉၊ ၀၆၇-၅၉၁၁၇၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့
လွှတ်တော်ရုံး/ပြည်သူ့လွှတ်တော်ရုံး



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၆၆၀/က၊ မြေကွက်တည်နေရာအမှတ်(၆၆၀/က)၊ (၁၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးခင်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မြင့်ကွယ်လွန်သဖြင့် ဒေါ်နွဲ့နွဲ့မြိုင် [၉/မထလ(နိုင်)၀၁၈၁၆၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၉၉၁ (၃-၉-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ခင်အုန်းမြင့် [၁၂/ဥကတ(နိုင်)၀၉၇၈၄၅]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၆၈၁၅(၉-၉-၂၀၁၃)ကိုတင်ပြ၍ မြေပြောင်းလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရွှေရောင်လွှမ်းမည့် မြန်မာ့ခြင်းလုံး

နေပြည်တော်　နိုဝင်ဘာ　၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ခြင်းလုံးအသင်း လူရွေးချယ်ပွဲ (CHINLONE TEST MATCH)ကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အင်ဒိုးခန်းမ၌ ကျင်းပသည်။

မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ လူရွေးချယ်ရေးတွင် အတွင်းရေးမှူး ဦးရဲအောင်၊ မြန်မာနိုင်ငံဒိုင်ချုပ် ဦးကိုကိုအောင်တို့က မြန်မာ့လက်ရွေးစင်(က)အသင်းမှ အမျိုးသား/အမျိုးသမီးအဖွဲ့များ၊ လက်ရွေးစင်(ခ)အသင်းမှ အမျိုးသား/အမျိုးသမီးအဖွဲ့များ၊ အထက်မြန်မာပြည်ခြင်းလုံးအဖွဲ့၏ အမျိုးသား/အမျိုးသမီးအဖွဲ့များ၊ အောက်မြန်မာပြည်ခြင်းလုံးအဖွဲ့၏ အမျိုးသား/အမျိုးသမီးအဖွဲ့များအား စနစ်တကျယှဉ်ပြိုင်စေ၍ အကဲဖြတ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းသည် မိမိတို့ရိုးရာအားကစားနည်းဖြစ်၍ ရွှေတံဆိပ်ဆုရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာခြင်းလုံးနည်းပြက ပြောကြားခဲ့သည်။

ကျော်သူရ(နေပြည်တော်)

စပိန်အသင်း၏ခြေစမ်းပွဲများအတွက် ဒီယေဂိုကော်စတာပါဝင်လာမည်ဖြစ်၍ စပိန်အသင်းလူစာရင်းတွင် တိုက်စစ်မှူး တောရက်စ် ပါဝင်ခွင့်မရ

စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးသည် စပိန်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲများအတွက် ချယ်လ်ဆီးအသင်းတွင် ကစားလျက်ရှိသည့် တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်အား ရွေးချယ်ခဲ့ခြင်းမရှိဘဲ စပိန်နိုင်ငံသားအဖြစ်ခံယူထားသော ဘရာဇီးနွယ်ဖွား အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဒီယေဂိုကော်စတာအား အသင်းအတွက် ပါဝင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဘရာဇီးနိုင်ငံ၌ ကျင်းပမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် စပိန်အသင်းတွင် ပါဝင်ကစားရန် ဆန္ဒရှိနေကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ပြီး လက်ရှိတွင် ဂီနီယာ၊ တောင်အာဖရိက စသည့်အသင်းများနှင့် ခြေစမ်းကစားမည့် ပွဲစဉ်များတွင် စပိန်အသင်း၌ ပါဝင်လာမည်ဖြစ်သည်။ စပိန်အသင်းအနေဖြင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာအား အသင်းတွင် ပါဝင်ကစားခွင့်ပြုလိုက်ခြင်းကြောင့် ဒီယေဂိုကော်စတာသည် စပိန်အသင်းအတွက် ပါဝင်ကစားခွင့်ရရှိခဲ့သည့် (၅)ဦးမြောက် ဘရာဇီးနွယ်ဖွား ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

စပိန်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်ရွေးချယ်ခြင်းမခံခဲ့ရသော်လည်း အာဆင်နယ်အသင်းမှ မွန်ရီးယဲလ်၊ ကာဇိုလာ၊ မန်စီးတီးအသင်းမှ ဂျီးဆက်နာဗက်၊ နီဂရီဒိုနှင့် ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဂျူအန်မာတာတို့အား ခေါ်ယူထားခဲ့သည်။

စပိန်အသင်းအတွက် ရွေးချယ်ထားသော ကစားသမားများမှာ ဂိုး-ကာစီးယက်စ်(ရီးယဲလ်)၊ ဗဲလ်ဒက်(ဘာစီလိုနာ)၊ ရေနာ(နာပိုလီ)၊ နောက်တန်း-အာဘီလိုဝါ(ရီးယဲလ်)၊ ဂျူအန်ဖရန်တောရက်စ်(အက်သလက်တီကို)၊ အယ်လ်ဘီယိုးလ်(နာပိုလီ)၊ ရာမို့စ်(ရီးယဲလ်)၊ မွန်ရီးယဲလ်(အာဆင်နယ်)၊ မိုရီနို(ဆီဗီလာ)၊ အင်နီဂိုမာတီနက်ဇ်(ဆိုစီဒက်)၊ ကွင်းလယ်-ဘတ်စကွက်(ဘာစီလိုနာ)၊ ဂျာဗီမာတီနက်ဇ်(ဘိုင်ယန်)၊ မာတာ(ချယ်လ်ဆီး)၊ ကိုကီး(အက်သလက်တီကို)၊ ဖာဘရီဂတ်(ဘာစီလိုနာ)၊ ဂျီးဆက်နာဗက်(မန်စီးတီး)၊ အလွန်ဆို(ရီးယဲလ်)၊ ကာဇိုလာ(အာဆင်နယ်)၊ ရှေ့တန်း-ဒေးဗစ်ဗီလာ(အက်သလက်တီကို)၊ ရိုဒရီဂတ်ဇ်(ဘာစီလိုနာ)၊ နီဂရီဒို(မန်စီးတီး)နှင့် ဒီယေဂိုကော်စတာ(အက်သလက်တီကို)တို့ဖြစ်သည်။

စပိန်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များအဖြစ် ဂီနီယာအသင်းနှင့် နိုဝင်ဘာ ၁၆ ရက်တွင်လည်းကောင်း၊ တောင်အာဖရိကအသင်းနှင့် နိုဝင်ဘာ ၁၉ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်ပိုဒေါစကီး ဒီဇင်ဘာလတွင်အသင်းအတွက်ပါဝင်လာမည်

အာဆင်နယ်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ဂျာမနီကြယ်ပွင့် ပိုဒေါစကီးသည် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဩဂုတ်လကတည်းက အသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ဒီဇင်ဘာ ၈ ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်တိုက်စစ်မှူးပိုဒေါစကီးသည် ဩဂုတ် ၂၇ ရက်က ဖီနာဘာချီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး သီတင်းပတ်ရှစ်ပတ်မှ ၁၀ ပတ်အထိ အနားယူရမည်ဟု နည်းပြအာစင်ဝင်းဂါးက မျှော်လင့်ထားခဲ့သော်လည်း လက်ရှိတွင်မူ ဒဏ်ရာသက်သာစပြုလာပြီဖြစ်ခြင်းကြောင့် ဒီဇင်ဘာလတွင် ကစားမည့် အာဆင်နယ်အသင်း၏ ပွဲစဉ်များတွင် ပါဝင်လာမည်ဖြစ်သည်။

ရေစကြိုမြို့နယ်အသင်းပူဇော်ပွဲ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော်နှင့်တကွ ရေစကြိုမြို့နယ်အသင်းက ရန်ကုန်မြို့ရောက် ရေစကြိုမြို့နယ်ဖွား ကျောင်းတိုက်အသီးသီးမှ ၁၃၇၃ ခုနှစ်၊ ဓမ္မာစရိယဘွဲ့ရ၊ မဟာဝိဒူဘွဲ့ရ၊ ဝိဒူဘွဲ့ရ၊ ပထမကြီးတန်းအောင်၊ ပထမလတ်တန်းအောင်၊ ပထမငယ်တန်းအောင်၊ အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လျှုဒါန်းပူဇော် ဆွမ်းကပ်မည်ဖြစ်ပါ၍ ဆိုင်ရာ အောင်လက်မှတ်မိတ္တူအသီးသီးကို ယူဆောင်လျက် ကြွရောက်ချီးမြှောက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်။

ကြွရောက်ရန်ဌာန	-	တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ (၁၃)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မထသ-၅၂၊ ၂၀၉၊ ၂၁၀ အထူးစီး၍ ကျောက်လမ်းမှတ်တိုင်ဆင်းပါ။ မေတ္တာလိုင်း-၂၊ မထသ-၁၆ အထူး၊ ဂိတ်ဆုံးစီးပါ။
နေ့ရက်နှင့်အချိန်	-	၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ
ကြိုတင်အကြောင်းကြားဆက်သွယ်ရန်	-	အရှင်နရပတိ　ဖုန်း-၀၉-၅၅၀၆၆၈၇, ၀၉-၈၆၃၀၉၉၁
		အရှင်ပညာသီဟ　ဖုန်း-၀၉-၄၅၀၀၂၂၄၆၆, ၀၉-၇၃၁၅၂၈၈၂
		ဦးမြင့်ဆွေ　ဖုန်း-၀၉-၅၀၄၈၄၈၇

မုံရွာမြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းသား/ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ညစာစားပွဲဖိတ်ကြားလွှာ

မုံရွာ စက်မှုလက်မှုသိပ္ပံ ကျောင်းသား/ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့တွင် အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် လူကြီးမင်းကိုယ်တိုင် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပမည့်နေ့ရက်	။	။ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ပူဇော်ပွဲကျင်းပမည့်အချိန်	။	။ မွန်းလွဲ ၁း၀၀ နာရီ
ညစာစားပွဲ	။	။ ညနေ ၆း၀၀ နာရီ
ပူဇော်ပွဲကျင်းပမည့်နေရာ	။	။ ကန်တော်ကြီး Western Park Royal Restaurant (Jade Room)

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်၌ ဝါဆို၊ ဝါကပ်တော်မူကြ၍ပုရိမဝါမှ ထတော်မူကုန်ကြသော သံဃာတော်အရှင်မြတ်တို့နှင့် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ကြရာဝယ် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ် ဟောကြားတော်မူအပ်သော ကထိန်အနုမောဒနာ ပရိတ်မေတ္တာဘာဝနာတို့ကို နာယူကျင့်သုံးလိုပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှောက်တော်မူပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက်	-	(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၁၀နာရီ (တရားတော်နာယူပြီး ကျွေးမွေးဧည့်ခံပါမည်။)
နေရာ	-	မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၇၅၉၇

ကထိန်ဖြစ်မြောက်ရေးအဖွဲ့

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း) ၁၉၈၄ ခုနှစ်၊ ကျောင်းဆင်းသူငယ်ချင်းများ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ဒို့တစ်တွေ (၂၅)နှစ်မြောက် ငွေရတုတုန်းကလိုပဲ ယခု နှစ်(၃၀)ပြည့် ပုလဲရတု ရောက်လို့ ပြန်လည်ဆုံတွေ့ကြရအောင်၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် ညမှာ ရေဆင်း-စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ သင်တန်းခန်းမမှာ ဆုံကြပြီး ဒို့တွေကို ပညာသင်ကြားပြသပေးခဲ့ကြတဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ/ဆရာမတွေကိုလည်း အတူတူ ကန်တော့ကြရအောင်နော်---

ဒို့တစ်တွေ တိုင်ပင်စီစဉ်နေကြတယ် သူငယ်ချင်း--သူငယ်ချင်းကိုလည်း ပါဝင်စေချင်တယ်-နီးစပ်ရာ သူငယ်ချင်းတွေကိုလည်း တစ်ဆင့်ပြောပြပါဦး---ကန်တော့စေချင်တာနဲ့ ဆုံချင်တာအဓိကပါကွာ---ပြီးတော့ ဝမ်းသာပျော်ရွှင်ရမှာက သေချာတယ်ကွ၊ ငယ်မူငယ်သွေး ငယ်ငယ်အကြောင်းလေးများ သတိရစရာ ဒို့ကျောင်းတော်ကြီးရယ်၊ ရေဆင်းမြေရယ်၊ ဆရာတွေရယ် အားလုံးစုံကြရအောင် သူငယ်ချင်းတို့ကို လာစေချင်တယ်--ဆုံဖြစ်အောင် လာခဲ့ပါကွာ---

(ရန်ပုံငွေ ထည့်ဝင်မယ်ဆိုရင်တော့ ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံး ဆက်သွယ်လှူဒါန်းနိုင်ပါတယ်)

ဆက်သွယ်ရန်

ဦးအေးကိုကို ဖုန်း-၀၉-၅၃၈၀၄၂၄၊ ဦးလှမြင့်အောင် ဖုန်း-၀၉-၂၀၀၀၂၂၀၊
ဒေါ်သန်းကြွယ် ဖုန်း-၀၉-၂၁၃၁၈၁၄၊ ဦးသက်ဇင်မောင် ဖုန်း-၀၉-၅၀၇၀၇၈၂၊
ဦးသန်းစိုး ဖုန်း-၀၉-၅၁၃၄၆၀၇၊ ဒေါ်နီလာမော် ဖုန်း-၀၉-၅၃၄၀၅၈၀၊
ဦးကျော်စိုး ဖုန်း-၀၉-၅၁၄၂၃၆၇၊ ဦးအောင်နိုင်ဝင်း ဖုန်း-၀၉-၄၂၈၅၃၅၁၂၂၊
ဦးချို့ဝင်းလှိုင် ဖုန်း-၀၉-၅၁၃၄၆၀၉၊ ဦးအောင်မော် ဖုန်း-၀၉-၇၃၀၇၉၃၀၅၊
ဦးစိုင်းလိုင်းလိန် ဖုန်း-၀၉-၅၂၁၂၆၄၅၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၇၃၁၇၀၈၈၈၊
ဦးသက်ထွန်း ဖုန်း-၀၉-၄၉၁၅၄၂၄၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါဦးစီးဌာနနှင့် တက္ကသိုလ်များအတွက် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

၁။	မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၇၅)မျိုး
၂။	စက်မှုနှင့်သက်မွေးပညာဦးစီးဌာန	သင်ထောက်ကူပစ္စည်း(၁၈၄)မျိုး
၃။	အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန	
	(က) ရန်ကုန်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁၉)မျိုး
	(ခ) မန္တလေးနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁၃၃)မျိုး
	(ဂ) ပြည်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(င) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၂၇)မျိုး
	(စ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၂၀)မျိုး
	(ဆ) အထက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဇ) အောက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
၄။	အဏုမြူစွမ်းအင်ဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၂)မျိုး
၅။	ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး
၆။	အမျိုးသားဓာတ်ခွဲခန်း	သုတေသနလုပ်ငန်းသုံးပစ္စည်း(၇၀)မျိုး
၇။	ဇီဝနည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၁၉၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ ပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပဲခူး၌ ခရီးသည်တင်ယာဉ် တိမ်းမှောက်

ပဲခူး နိုဝင်ဘာ ၈

ပဲခူးအမှတ်(၁)မြို့မရဲစခန်းမှ မြောက်ဘက် လေးမိုင်ခန့်အကွာ တောင်ငူဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၅၃/၅-၅၃/၆)၌ နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်-ကျိုက်ထို အမှတ်(၆)ယာဉ်လိုင်း ဟိုင်းလတ်အဖြူရောင် န/---- ယာဉ်သည် မောင်းနှင်လာစဉ် အခင်းဖြစ်ပွားသောနေရာအရောက်၌ ကားလမ်းမပေါ်ရှိ ယာဉ်တစ်စီး ယိုဖိတ်ကျခဲ့သော စက်ဆီ-ချောဆီကွက်ကို ဖြတ်ကျော်မောင်းနှင်မိ၍ ယာဉ်ဘီးချော်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ကလေးတစ်ဦးအပါအဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ခရီးသည် ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့၍ ပဲခူးယာဉ်ထိန်းရဲတပ်ကြပ်ရဲဝင်းနိုင်၊ မြို့သစ်(က)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့်အဖွဲ့တို့က လိုအပ်သည်များကူညီပေးပြီး ဒဏ်ရာရလူနာ ၁၃ ဦးအား ရဲဆေးစာနှင့်အတူ ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။

(မင်းစစ်သူ)

ကျိုက်ထို၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဓားထိုးခံရ

ကျိုက်ထို နိုဝင်ဘာ ၈

ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဇော်သည် တာဝန်အရ သွားရောက်စဉ် မုက္ခမူကျေးရွာနေ စိုးဦးဆိုသူက ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားသည့်အမှုတစ်ခု နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာ ကွက်သစ်ပိုင်းနေ စိုးဦး(၃၆)နှစ် မြင်းလှည်းမောင်းသူနှင့် မုက္ခမူကျေးရွာ အနောက်ပိုင်းနေ လူငယ်တစ်ဦးတို့ စကားများကြောင်း ကြားသိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဇော်က အခြေအနေမှန်ကိုသိရှိရန် အခင်းဖြစ်နေရာသို့ ဆိုင်ကယ်ဖြင့် လိုက်သွားရာ ကွက်သစ်ပိုင်းမရောက်မီ မီးရထားလမ်းကူးဈေးတန်း၌ စိုးဦး၏ပထွေးတော်စပ်သူ ဦးစံမြအား ဆိုင်ကယ်ရပ်ပြီး ရန်ဖြစ်သည့် ကိစ္စအား မေးမြန်းနေစဉ် စိုးဦး ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဇော်အား "မင်းကဘာဖြစ်ချင်လဲ"ဟု ပြောဆိုပြီး အသင့်ယူဆောင်လာသည့်ဓားဖြင့် ထိုးရာ လက်ဖြင့်ကာလိုက်စဉ် ဝဲလက်ဖျံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိခဲ့သည်။ ဓားကိုင်ရမ်းကားသူ စိုးဦးမှာ တိမ်းရှောင်ထွက်ပြေးခဲ့သဖြင့် နိုဝင်ဘာ ၆ ရက် နံနက် ၃ နာရီတွင် ကျိုက်ထိုမြို့မရဲစခန်းသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဇော်က တိုင်ကြားခဲ့သဖြင့် ကျိုက်ထိုမြို့မ ရဲစခန်းက (ပ)၂၁၈/ ၂၀၁၃၊ ပြစ်မှုပုဒ်မ(၃၃၃) အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

လူသေအလောင်း မန်းချောင်းထဲမျောပါလာ

မင်းဘူး နိုဝင်ဘာ ၈

မင်းဘူးမြို့နယ် မန်းချောင်းအတွင်း၌ နိုဝင်ဘာ ၃ ရက်ည ၇ နာရီ ၄၅ မိနစ်ခန့်က အလောင်းတစ်လောင်း မျောပါလာကြောင်း သတင်းအရ စကုနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးဝေဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ (အမည်၊ လိပ်စာစုံစမ်းဆဲ)အသက် (၂၀)ခန့်အမျိုးသားအလောင်း တစ်လောင်းဖြစ်ပြီး နက်ပြာရောင်ဘောင်းဘီတိုနှင့် အပေါ်အင်္ကျီမပါ ပုပ်ပွလျက် ဝဲ၊ ယာလက်နှစ်ဖက်တွင် မြက်ပင်များဆုပ်ကိုင်ထားသော အနေအထားတွေ့ရပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရကြောင်း သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန် ဒုရဲအုပ်မျိုးဝေဦးက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ရာ မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်(၁၇/၂၀၁၃)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(မကွေးလှမြင့်)

ကလေးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၉၀ သိမ်းဆည်းရမိ

ကလေး နိုဝင်ဘာ ၈

ကလေးမြို့တွင် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၈၉၀ အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ ရဲတပ်ဖွဲ့စခန်းမှ ဒုစခန်းမှူးရဲအုပ်မြင့်စိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှဟန်နှင့် အဖွဲ့သည် သတင်းအရ ပင်လုံလမ်းမတော် ချမ်းမြေအောင်စည်ရပ်ကွက် နယ်မြေ(၄)ရှိ ရန့်သစ်လက်ဖက်ရည်ဆိုင်အနီး စောင့်ဆိုင်းနေစဉ် မနွယ်နွယ်ဦး ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အား စစ်ဆေးရာ 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ရှမ်းလေး(ခ) ဇော်ဇော်နိုင်ထံမှ တစ်ပြားလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် တစ်ဆင့်ရောင်းချရန်ယူလာခြင်းဖြစ်ကြောင်း သိရသဖြင့် ဆက်လက်ရှာဖွေဖမ်းဆီးခဲ့ရာ ရှမ်းလေး(ခ)ဇော်ဇော်နိုင်၊ ဂျိုပု(ခ)မန်ဗျက်ကျဲနှင့် ဝမ်ယူစိုင်တို့ထံမှ 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ နှင့် ဆေးပြားရောင်းရငွေကျပ် ၁၀၉၅၀၀ အား ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများထံမှ သိရသည်မှာ ယင်းဆေးပြားများအား တစ်ဖက် အိန္ဒိယနိုင်ငံ အိုက်တောမှတစ်ဆင့် ကျီခါး၊ တီးတိန်မှ ကလေးသို့ မော်တော်ယာဉ်ဖြင့်သယ်ယူ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးရဲတပ်ဖွဲ့၏စွမ်းဆောင်ချက်ကြောင့် တစ်ရက်တည်းဖြင့် 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၉၀၊ မူးယစ်ဆေးဝါးမှု နှစ်မှု၊ မူးယစ်ဆေးဝါးရောင်းချသူ လေးဦး၊ ဆေးပြားရောင်းရငွေကျပ် ၁၀၉၅၀၀ တို့အား အချိန်ပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သိန်းစိုး(ကလေး)

အသက်(၉၀)အရွယ်အဘွားအို မီးလောင်သေဆုံး

ငဖဲ နိုဝင်ဘာ ၈

မင်းဘူးခရိုင် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမြောက်ဘက် တစ်ဖာလုံခန့်အကွာ အောက်ချိုင့်ရှိ စိုက်ခင်းစောင့်တဲတွင် နိုဝင်ဘာ ၃ ရက် ည ၈ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါတဲ၌ တစ်ဦးတည်းနေထိုင်သည့် ဒေါ်လူတောက် (၉၀) နှစ်သည် ဖယောင်းတိုင်ထွန်း၍ အိပ်ပျော်သွားခဲ့ရာ ၁၀ ပေပတ်လည်ရှိ နှစ်ပင်တဲ၊ ဝါးကပ်ကာ၊ မြက်သက်ငယ်မိုး၊ ဝါးကြမ်းခင်းကို မီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေါ်လူတောက်မှာ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်၍ သေဆုံးသွားကြောင်း သိရသည်။

(မကွေးလှမြင့်)

ဦးရှုဆိုင်း[၁၄/ဝခမ(နိုင်)၀၀၆၆၁၂]နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်(၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၁)၊ တိုက်အမှတ်(၁၅)၊ အခန်း(၁)၊ မြေညီထပ်တိုက်ခန်းသည် ဦးအောင်ဖေ[၁၂/ရကန(နိုင်)၀၀၄၉၉၂] မော်ကွန်းဝင် ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ချီးမြှင့်ခံရသည့် မိသားစုများနေထိုင်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တရားဝင်ချထားပေးထားသော တိုက်ခန်းဖြစ်ပြီး ၅-၂-၂၀၀၂ ရက်တွင် ဦးအောင်ဖေ၏သမီးဖြစ်သူ ဒေါ်သန်းသန်းထွေး [၁၂/ရကန(နိုင်)၀၀၅၄၉၉]သည် ဦးရှုဆိုင်း [၁၄/ဝခမ(နိုင်)၀၀၆၆၁၂]ထံမှ ငွေကျပ်သိန်း(၂၀)ကို အတိုးဖြင့် ချေးယူရာ၌"နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်" ဟု ရယ်ဒီမိတ် ရိုက်ပြီး စာချုပ်တွင် နေ့စွဲ၊ အမည်၊ ငွေတန်ဖိုးများနေရာတွင် ကွက်လပ်ထားပြီး လက်မှတ်ထိုးကာတိုက်ခန်းကို အာမခံအဖြစ်ပေးထားရာ ဦးရှုဆိုင်းက ရယူထားပြီး ယခုအခါဦးရှုဆိုင်းသည် အဆိုပါတိုက်ခန်းကို ၎င်း၏ သဘောအလျောက်ရောင်းချပြီး ထွက်ပြေးရန်စီစဉ်နေကြောင်း ကြားသိရပါသည်။ ဦးရှုဆိုင်းသည် ဖော်ပြပါတိုက်ခန်းကို ဒေါ်သန်းသန်းထွေးမသိဘဲ သဘောမတူဘဲ ရောင်းဝယ်၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းပြုလုပ်ပါက လုံးဝတရားမဝင်ပါကြောင်းနှင့် ဦးရှုဆိုင်းအပေါ် တရားဥပဒေရှိသည့်အတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇေယျ **B.Sc, R.L(Advocate)** တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၀၉)
တိုက်(၈၃)၊ဧလွှာ(အေ)၊၄၄လမ်း၊(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၇၃၀၃၅၀၅၅

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အရှေ့မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ကညင်နီကုံးအရှေ့ကွင်း၊ ကွင်းအမှတ်(၄၂/ခ)ရှိ ဥယျာဉ်ခြံမြေအကျယ်အဝန်း (၂၀)ဧကနှင့် ၎င်းဥယျာဉ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ အမည်ပေါက်ဖြစ်သူ ဒေါ်ခင်မာပြုံးထံမှ ဆက်စပ်စာချုပ်အရ လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်ယဉ်သူဇာစိုး[၁၂/ရပသ(နိုင်)၀၃၅၆၆၄]ထံမှ ကျွန်တော်ဦးကျော်လှိုင် [၁၂/မရက(နိုင်)၁၂၅၇၂၉]နှင့် ကျွန်မ ဒေါ်အေးအေးသိန်း[၁၂/မရက(နိုင်)၀၇၁၈၅၃]တို့က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူကြသဖြင့် ရောင်းဖိုးငွေအနက် တစ်စိတ် တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပြောရေး ဆိုခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက ဥယျာဉ်ခြံမြေအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်လှိုင်[၁၂/မရက(နိုင်)၁၂၅၇၂၉]
ဒေါ်အေးအေးသိန်း[၁၂/မရက(နိုင်)၀၇၁၈၅၃]
ဖုန်း-၀၉ ၄၅၀၀၅၆၃၀၅

ပြည်တွင်းသတင်း

မြေပဲ၊ ငရုတ်နှင့် အခြားသီးနှံများစိုက်ပျိုးရန် တောင်သူများအား ဘဏ်ချေးငွေထုတ်ချေး

မင်းဘူး နိုဝင်ဘာ ၈

ဧရာဝတီမြစ်ရေကျဆင်းပြီးနောက် မြေနုကျွန်းများဖြစ်ပေါ်လျက်ရှိရာ တောင်သူများအနေဖြင့် ဆောင်းသီးနှံများဖြစ်သော မြေပဲနှင့်ပဲမျိုးစုံ၊ ငရုတ်နှင့် အခြားသီးနှံများစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိချိန် အောက်တိုဘာ ၃၀ ရက်မှစ၍ နိုဝင်ဘာလကုန်အထိ မင်းဘူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများထံ သီးနှံစိုက်ပျိုးရန် ဘဏ်ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

မင်းဘူးမြို့(ဘဏ်ခွဲ)မြို့နယ်မန်နေဂျာ ဦးဝင်းဇော်က ယခုနှစ်မင်းဘူးမြို့ရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှတောင်သူများအား အခြားသီးနှံစိုက်ပျိုးစရိတ် တစ်ဧကငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၁၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့အထိ ကျေးရွာအုပ်စုငါးအုပ်စုမှ လက်ပံတော၊ မန်းကျိုးနှင့် သဘော်ကျွန်းကျေးရွာအုပ်စုများရှိ တောင်သူအစုအဖွဲ့ ၆၀ မှ တောင်သူ ၅၆၆ ဦးအား ကျပ်သိန်း ၆၁၁ ဒသမ ၄၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်း ကျန်ကျေးရွာအုပ်စုများရှိ တောင်သူများအား နိုဝင်ဘာလအတွင်း အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ချေးငွေလာထုတ်သူတောင်သူတစ်ဦးက "စိုက်ပျိုးစရိတ်ထုတ်ချေးပေးတော့ ပစ္စည်းပေါင်၊ ငွေရှာစရာမလိုတော့ဘူးလေ၊ ယခု မြေနုကျွန်းတွေလည်း ပေါ်လာပြီဆိုတော့ ချေးငွေလေးနဲ့ စိုက်ပျိုးရတာ အဆင်ပြေသွားတာပေါ့" ဟု ပြောပြသည်။

(တင်ထွန်းဦး)

ဗထူးအားကစားခန်းမ အဆင့်မြှင့်တင်မွမ်းမံ

မန္တလေး နိုဝင်ဘာ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမကို ၂၀၀၀ ပြည့်နှစ်တွင်ပြုပြင်မွမ်းမံ လျှာထိုးကြမ်းခင်းများ ခင်းကျင်းခဲ့သော်လည်း နှစ်ကာလကြာရှည်ပြီး ခေါင်မိုးများ မိုးရေယိုစီးမှုကြောင့် ကြမ်းခင်းများဆွေးမြည့်ကာ ပျက်စီးနေသဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကြမ်းခင်းများ အသစ်လဲလှယ်ပြီး အားကစားရုံ အဆင့်မြှင့်တင်မွမ်းမံလျက်ရှိသည်။

အဆိုပါ အားကစားခန်းမတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော၊ လက်ဝှေ့၊ ရိုးရာခြင်း၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြန်မာ့ရိုးရာသိုင်း ပြိုင်ပွဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း အားကစားပြိုင်ပွဲများ၊ ရဲချုပ်ဖိုင်း အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်နှင့် အခြေခံပညာအားကစားပြိုင်ပွဲများ လက်ခံကျင်းပပေးခဲ့သည်။ ကြမ်းခင်းများပျက်စီးနေခြင်းကြောင့် ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ခြင်းမရှိ၍ မန္တလေးတိုင်းဒေသကြီးဂုဏ်ဆောင် ဗထူးမိုးလုံလေလုံအားကစားခန်းမကြီးကို ပြုပြင်မွမ်းမံခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ကသာမြို့တွင် လယ်ယာသုံးစက်ကိရိယာရေစုပ်စက်များ အခမဲ့ထုတ်ပေး

ကသာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေရရှိရန်ခက်ခဲသော တောင်သူများအတွက် ဆောင်းသီးနှံနှင့် နွေစပါးများစိုက်ပျိုးကြရာတွင် အဆင်ပြေချောမောစွာ စိုက်ပျိုးနိုင်ရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ ရေစုပ်စက်များပေးအပ်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကသာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်က ကသာမြို့နယ်အတွက် ရေစုပ်စက်ခြောက်လုံး၊ အင်းတော်မြို့နယ် အတွက် ငါးလုံး၊ ထီးချိုင့်မြို့နယ်အတွက် ငါးလုံးနှင့် ဗန်းမောက်မြို့နယ်အတွက် ငါးလုံး စုစုပေါင်းရေစုပ်စက် ၂၁ လုံးကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ လယ်ယာသုံးစက်ကိရိယာရေစုပ်စက်များကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေမှ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ရေစုပ်စက်တစ်လုံးလျှင် ငွေကျပ် လေးသိန်းတန်ကြေးရှိကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ထွန်ယက်ချိန် ခိုင်းနွားများ ခွာနာလျှာနာကြောင့် လယ်သမားများ အခက်တွေ့

ကန့်ဘလူ နိုဝင်ဘာ ၈

ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မိုးလယ်၊ မိုးနှောင်းကောင်းခဲ့သဖြင့် လယ်စိုက်ခင်းများအတွက် အဆင်ပြေသော်လည်း တောင်သူများ၏ ခိုင်းနွားများ တစ်ကောင်မကျန် ခွာနာလျှာနာဖြစ်နေခြင်းကြောင့် ထွန်ယက်ချိန်ရောက်နေပါသော်လည်း မထွန်ယက်နိုင်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ခိုင်းနွားများမှာ တစ်ကောင်မကျန် ခွာနာလျှာနာဝေဒနာများ ရက်ရှည်ခံစားနေကြရသည်။

"ဒါတိုင်းနှစ်တွေ ခွာနာလျှာနာ မကျရောက်ပါဘူး။ ဒီနှစ်ကျမှ ကျွဲတွေ၊ နွားတွေကပ်ဘေးဆိုက်တယ်။ နွားကလေးတောင် မကျန်ရအောင် ခွာနာလျှာနာတွေဖြစ်တယ်။ ရက်ပိုင်းနဲ့လည်း မသက်သာ၊ ကျုပ်နွားတွေဆို တစ်လကျော်ကြာခဲ့ပြီ၊ ပျောက်ကို မပျောက်နိုင်ဘူး"ဟု ဆောင်းမြေပဲစိုက်ရန် ထွန်ယက်ချိန်ရောက်နေသော်လည်း ကျွဲ၊ နွားခွာနာလျှာနာဖြစ်နေသောကြောင့် လုံးဝမထွန်ယက်နိုင်သေးသည်ကို တောင်သူတစ်ဦးက ပြောလိုက်ခြင်းပင်ဖြစ်သည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများရှိ တောင်သူများအနေဖြင့် နွားများခွာနာလျှာနာဖြစ်နေမှုကြောင့် အခက်တွေ့နေကြကြောင်း သိရသည်။

ကံတင်အောင်(ပထဝီဝင်)

ဆားလင်းကြီးမြို့၌ ပထမအကြိမ် မဟာဘုံကထိန်ပွဲကျင်းပ

ဆားလင်းကြီး နိုဝင်ဘာ ၈

ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းသောအားဖြင့် ရိုးရာအစဉ်အလာ ရှေးမူအတိုင်း တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကျောင်း၊ တစ်ကျောင်းတွင် တစ်ခါသာ လှူဒါန်းခွင့်ရသော မဟာဘုံကထိန်အလှူပွဲကို ဆားလင်းကြီးမြို့၏ ပထမအကြိမ်အဖြစ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကြီးကြပ်မှု၊ သာသနဟိတဘုံဆွမ်းလောင်းအသင်း၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၃ ရက် နံနက် ၅ နာရီခွဲတွင် ပင့်သံဃာ ၅၆ ပါးအား အရုဏ်ဆွမ်းလောင်းကျင်းပသည့်နေရာတွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပဒေသာပင်များကို မဲဖောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အစိုးရကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083(2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084(2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085(2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086(2013-2014)	27/8”x6.5lb/ft J55 EUE Tubing	(5000)Mtr	US$
(၅)	IFB-087(2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6)Items	US$
(၆)	IFB-088(2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5)Items	US$
(၇)	IFB-089(2013-2014)	Skid Mounted Single Pump Cementing Unit(With Engine Driven)	(1)Unit	US$
(၈)	IFB-090(2013-2014)	Welding Machine(400AMP)Mobile Type Diesel Engine Driven	(3)Units	US$
(၉)	IFB-091(2013-2014)	Portable Welding Machine & Accessories(200AMP DC)	(4)Units	US$
(၁၀)	IFB-092(2013-2014)	BOP Control Accumulator Unit	(1)Set	US$
(၁၁)	IFB-093(2013-2014)	6x8 R Mixing Pump	(3)Sets	US$
(၁၂)	IFB-094(2013-2014)	Stirred Fluid Loss Cell(Model-7120)	(1)Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light(Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil(PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5 KW Diesel Engine Driven Generating Set(3)Sets & 5HP 3Phase Induction Motor(1)No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော Meter Seal With Seal Wire များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်ရက် - ၁၅-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တောင်ကုတ်-သံတွဲ ၆၆ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့်ကျောက်ဖြူ GT-မဒဲကျွန်း(LNG Project) ၆၆ကေဗွီ ဓာတ်အားလိုင်း (၂၈)မိုင်တို့အတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။

ကွမ်းလုံ၌ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်း

ကွမ်းလုံ နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ မိုးရာသီ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နမ့်ဟူးကျေးရွာ ကွင်းအမှတ် (၁၂)၊ ဦးပိုင်အမှတ်(၅၂) တောင်သူ ဦးလီချန်းဟွာ၏ စံပြကွက် နှစ်ဧကတွင် နိုဝင်ဘာလ ၆ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ တစ်ဧကပျမ်းမျှ အထွက်နှုန်း (အခြောက်) ၂၂၀ ဒသမ ၅၅ တင်းထွက်ရှိခဲ့သည်။

ယခုနှစ်မိုးရာသီတွင် နမ့်ဟူးကျေးရွာ ကွင်းအမှတ်(၁၂)၌ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုစပါး ၃၅ ဧက စိုက်ပျိုးထားရှိပြီး စံကွက်ရိတ်သိမ်းမှတ်တမ်းတင် လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးခြင်းနှင့် သွင်းအားစုများ အပြည့်အဝ သုံးစွဲခြင်းတို့၏အကျိုးကျေးဇူးဖြင့် တစ်ဧက အထွက်နှုန်း မြင့်မားလာခြင်းတို့ကို တောင်သူများ လက်တွေ့သိမြင်လာကြပြီဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

သံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေ

မြစ်ကြီးနား နိုဝင်ဘာ ၈

ကချင်ပြည်နယ်အတွင်း ပျက်စီးနေသော လမ်း၊တံတားများပြုပြင်ခြင်းကို အလေးထားတာဝန်ယူတည်ဆောက်လျက်ရှိရာ မြစ်ကြီးနားနှင့် ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ အောင်မြင်သာ စံပြကျေးရွာအုပ်စုအနီးရှိ ဘေလီ သံပေါင်သစ်သားကြမ်းခင်းတံတား အမျိုးအစားအား အုတ်ကမ်းကပ်ခုံ သံကူကွန်ကရစ်ကြမ်းခင်းတံတားအမျိုးအစားအဖြစ် တည်ဆောက်ပြုပြင်ပြီးစီးခဲ့သည်။

အဆိုပါ တံတားမှာအရှည် ၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေဖြစ်ပြီး မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ချိုဦးက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ဒေသခံနှင့် ခရီးသွားများ ဆက်သွယ်သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

ပုံကျဈေးသည်များနှင့် အနေ့ယာဉ်မောင်း လုပ်သားအား ထောက်ပံ့ချေးငွေပေးအပ်

မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျဈေးသည်များနှင့် အနေ့ယာဉ် မောင်းအား ထောက်ပံ့ချေးငွေများပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က မြို့နယ်စည်ပင် ခန်းမ၌ ကျင်းပရာ အနေ့ယာဉ်မောင်းတစ်ဦးနှင့် ပုံကျဈေးသည် ၁၃၁ ဦး စုစုပေါင်း ၁၃၂ ဦးတို့အား စုစုပေါင်းချေးငွေကျပ် ၅၁၃၀၀၀ အား အတိုးနှုန်း နှစ်ရာခိုင်နှုန်းဖြင့် တတိယအကြိမ်ချေးပေးခဲ့ရာ ပုံကျဈေးသည် ကုန်စိမ်းရောင်းသူတစ်ဦးက “ဈေးထဲကနေ့ပြန်တိုးယူပြီး အရင်းလုပ်ရောင်းခဲ့ရတာလေ။ အခုနှစ်ကျပ်တိုးနဲ့ ချေးပေးတော့ ကိုယ့်လုပ်အားခအမြတ်ငွေ ကိုယ်အကုန်ရသလိုပါပဲ။ ဝမ်းသာပါတယ်။ အရင်းလည်းဆပ်မယ်။နောက်ထပ်ချေးမှာကိုလည်း မျှော်နေတယ်” ဟု ပြောသည်။

(တင်ထွန်းဦး)

ကွန်ပျူတာအော်ပရေတာများအတွက် ကျန်းမာရေး

ကွန်ပျူတာရှေ့ထိုင်ပြီး အချိန်ကြာကြာစာရိုက်ရသူများမှာ၊ မျက်လုံးကြွက်သားများအားကုန်ခြင်း၊ အညောင်းမိ၊ ခါးနာခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ချောင်းများနှင့် လက်ကောက်ဝတ်များနာကျင်ခြင်း စသည့် ဝေဒနာများ ဖြစ်လာစေပါတယ်။

ကွန်ပျူတာကို မိနစ် ၂၀ လောက်ကြည့်ပြီးတိုင်း အခြားတစ်နေရာသို့ မျက်နှာမူ၍ ပေ ၂၀ အကွာရှိ ပစ္စည်းတစ်ခုခုထံအကြည့်လွှဲပါ။ ဒီနည်းက မျက်လုံးအိမ်ထဲရှိမှန်ဘီလူးကို ပြေလျော့စေပါတယ်။

ကွန်ပျူတာကို မိနစ် ၂၀လောက်ကြည့်ပြီးတိုင်း မျက်လုံးအိမ် စိုစွတ်စေဖို့ မျက်တောင် အကြိမ် ၂၀ ခတ်ပေးပါ။ ဒီနည်းက ကွန်ပျူတာစိုက်ကြည့်ခြင်းကြောင့် မျက်စိခြောက်ခြင်းနှင့် အခြားနောက်ဆက်တွဲ မျက်စိဝေဒနာများမဖြစ်လာအောင် ထိန်းသိမ်းပေးပါတယ်။

ကွန်ပျူတာခုံမှာ မိနစ် ၂၀ လောက်ထိုင်ပြီးတိုင်း ခြေလှမ်း ၂၀ ထလျှောက်ပေးပါ။ ဒီနည်းက ခြေထောက်နဲ့ ခန္ဓာကိုယ်အောက်ပိုင်းမှာ သွေးများစုပုံမနေတော့ဘဲ ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးလည်ပတ်မှု ပြန်လည်မျှတလာစေပါတယ်။

အလုပ်ချိန်ပြီးပြီဆိုရင် လက်ကောက်ဝတ်ကို နာရီလက်တံလည်ပတ်သည့်လားရာအတိုင်း ၁၀ ကြိမ် စက်ဝိုင်းပုံစံလှည့်ပေးပါ။ ပြီးရင် နာရီလက်တံပြောင်းပြန် ၁၀ ကြိမ် စက်ဝိုင်းပုံစံလှည့်ပါ။ ဒီနည်းက လက်ချောင်းလက်ဆစ်များနဲ့ လက်ကောက်ဝတ်နာကျင်ခြင်းကို သက်သာစေပါတယ်။

တစ်နေ့တာအတွက် တာဝန်ချိန်ပြီးဆုံးသွားပါက လည်ပင်းကို ငြိမ်ငြိမ်ထားပြီး ခေါင်းကို ညာဘက်သို့ ၁၀ ကြိမ် ဖြည်းဖြည်းချင်းရွှေ့ပါ။ ပြီးရင် ဘယ်ဘက်သို့ ၁၀ ကြိမ် ဖြည်းဖြည်းချင်းရွှေ့ပါ။ ပြီးရင် ခေါင်းကို အပေါ်အောက် ၁၀ ကြိမ် ဖြည်းဖြည်းချင်းရွှေ့ပါ။ ဒီနည်းက ဇက်ကြောတက်ခြင်း၊ လည်ပင်းရိုးဆစ်များညောင်းညာခြင်း စသည့်ဝေဒနာများကို ချက်ချင်းသက်သာသွားစေပါတယ်။

ပေါက်ပေါက်

အစိုးရကြော်ငြာ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အထည်ချုပ်စက်ရုံမြေနေရာများတွင် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဖော်ပြပါလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အဆိုပြုလွှာများအား ၁၆-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်သို့ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အသေးစိတ်မေးမြန်းသိရှိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေးဌာန)၊ အထည်အလိပ်လုပ်ငန်း
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈။

[illegible] (Open Tender) [illegible]

စဉ်	[illegible]	[illegible]
(က)	[illegible](CE) (Kyat)	[illegible]
(ခ)	15(T)8/MR(E) (Euro)	Raw Material for Concrete Sleeper Production(4 Items) 3mm Ø x 3 Ply HT Steel Strand(957) M.Ton, Cast Iron Inserts (700000) Nos, Fibre Pad (500000) Nos, Nylon Liners (Inner & Outer) (1200000) Nos [illegible]

[illegible]
ဖုန်း-01-291985, 294352, 291984.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်းကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	HDPE Pipe & G.I Pipe	1 Lot	မြန်မာကျပ်ငွေ
(ခ)	Submersible Pump အပါအဝင် မြေအောက်ရေလုပ်ငန်းသုံးပစ္စည်းများ	1 Lot	မြန်မာကျပ်ငွေ
(ဂ)	Drag Bit, Rock Bit & DTH Hammer&Button Bit	1 Lot	မြန်မာကျပ်ငွေ
(ဃ)	RG Water Drilling Rig Spare Parts	1 Lot	မြန်မာကျပ်ငွေ
(င)	Flexible Pipe	40 Nos	မြန်မာကျပ်ငွေ
(စ)	4"PVC Pipe	200 Nos	မြန်မာကျပ်ငွေ
(ဆ)	Red Oxide	4000 gals	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၃ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုက္ကရိုဝေ့ဗ်ရေဒီယိုစက်ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။
- Gbe IP Microwave Radio Equipment-42 Hops

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ဝိ/-ကျပ်နှုန်းဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၂-၁၁-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန
(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၇၂၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥက္ကံ၊ မြေကွက်/ဦးပိုင်အမှတ်(၆၀က)၊ ဧရိယာ ၀.၂၃၉ ဧကရှိ ဦးမိုးမြင့်ဦး(ဇနီး)မအေးအေး အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည် ဦးမိုးမြင့်ဦး(ဇနီး)မအေးအေး၊ နိုင်ငံသားစိစစ်ရေးအမှတ်[၉/ပမန(နိုင်)၀၀၁၁၁၄]၊ [၉/ပမန(နိုင်)၀၁၂၁၃၇] အဖအမည် ဦးလှမြင့်၊ ဦးပွားလေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ ရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကော်ရှုခြင်းအန္တရာယ်ကင်းဝေးရေးစီစဉ်ဆောင်ရွက်လျက်ရှိ

မန္တလေး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ် ရဲစခန်းများအလိုက် မှုခင်းကျဆင်းရေးအတွက် ရပ်ကွက်/ကျေးရွာများတွင် ဟောပြောရာ၌ မှုခင်းကျဆင်းရေး၊ ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်နေသည့်အပြင် လူငယ်များကော်ရှုခြင်းအလေ့အထအမူအကျင့်များ ပပျောက်စေရေးအတွက် မိဘ၊ ဆရာ၊ ပြည်သူတို့က ပူးပေါင်းပါဝင်ပြီး လူငယ်များကော်ရှုခြင်းကိုတွေ့ရှိပါက ရဲတပ်ဖွဲ့သို့ အကြောင်းကြားစေခြင်း၊ ရဲတပ်ဖွဲ့မှလူငယ်များနှင့် ၎င်းတို့၏မိဘများအား ခေါ်ယူတွေ့ဆုံ၍ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်၍လည်းကောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများအား ဝိုင်းဝန်းထိန်းသိမ်း၍ ဆွေးနွေးပညာပေးဟောပြောဆောင်ရွက်ခြင်းဖြင့် လူငယ်များကော်ရှုခြင်းအန္တရာယ်မှ ကင်းဝေးစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်း လူငယ်များကော်ရှုခြင်းအန္တရာယ်မှကင်းဝေးရန်အတွက် ကော်ရောင်းသည့် ဆိုင်များဖြစ်သော အိမ်ဆောက်ပစ္စည်းဆိုင်၊ ကုန်မာဆိုင်၊ ရေပိုက်ဆိုင်၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များအား ကော်ဘူးများလာရောက်ဝယ်ယူပါက စိစစ်မေးမြန်းပြီး လုပ်ငန်းတွင် အမှန်တကယ်အသုံးပြုသူများကိုသာ ရောင်းချရန်နှင့် ကျောင်းသားနှင့် လူငယ်လူရွယ်များဝယ်ယူပါက မည်သည့်အကြောင်းနှင့်မျှ ရောင်းချခြင်းမပြုရန် အသိပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးမှုအနေဖြင့် ကျောင်းများတွင်မူးယစ်ဆေးဝါး၏အန္တရာယ်ဆိုးကျိုးများ၊ အိမ်သုံးဆေးအလွဲသုံးမှု၏အန္တရာယ်ဆိုးကျိုးများကို အသိပညာပေးဟောပြောပွဲများ ကျင်းပပေးလျက်ရှိပြီး ကော်ရှုသည့်လူငယ်များအား ကော်ရှုသည်ကိုတွေ့ရှိသော်လည်း အသိပညာပေးဟောပြောမှုသာပြုလုပ်နိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ကြေညာထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများစာရင်းတွင် ကော်ပါဝင်ခြင်းမရှိသဖြင့် ဥပဒေအရအရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) ကန်တော်လေးပတ်ဝန်းကျင်တွင် ကော်ရှုနေသည့်သတင်းအရ သွားရောက်စောင့်ကြည့်စုံစမ်းခဲ့ရာ အသက်(၁၈)၊ (၁၉)နှစ်အရွယ် လူငယ်သုံးဦးအား တွေ့ရှိရသဖြင့် ၎င်းလူငယ်သုံးဦးနှင့် မိဘအုပ်ထိန်းသူများအား ခေါ်ယူတွေ့ဆုံ၍ ကော်ရှုခြင်းမှာ ကောင်းကျိုးမရှိသည့်အပြင် ကျန်းမာရေးအား ထိခိုက်နိုင်ကြောင်း၊ ဦးနှောက်အတွင်းမူးဝေခြင်းဝေဒနာများခံစားရကြောင်း၊ မိဘအုပ်ထိန်းသူများကလည်း မိမိတို့အုပ်ထိန်းသည့်လူငယ်လူရွယ်များအား စောင့်ကြည့်သင့်သည်ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

လူငယ်များရှုသည့် ကော်များမှာ ပိုက်ဆက်ခြင်း၊ အသားကပ်ခြင်းတို့တွင်အသုံးပြုသည့် ကော်များဖြစ်ပြီး ၎င်းကော်များမှာ တစ်ဘူးလျှင် ငွေကျပ် ၁၂၀၀ ခန့်သာရှိ၍ ၎င်းကော်များကိုကြွပ်ကြွပ်အိတ်အတွင်းထည့်၍ ရှူရှိုက်သုံးစွဲခြင်းဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပထမအကြိမ်မန္တလေးတိုင်းဒေသကြီး လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ကိုယ်စားလှယ် ဦးသန်းဌေး၏မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားရာတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ထည့်သွင်းပြောကြားသွားသည်။

ဒီစီအီး(မန္တလေး)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးနှင့်ပတ်သက်သည့်အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီခန့်က အင်းစိန်မြို့နယ် အောင်ဆန်းအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး သတင်းစာ ဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဗဟိုမီဒီယာတာဝန်ခံဒါရိုက်တာ မောင်ယဉ်ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်း၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာပြည့်စုံ၊ မြို့နယ်တရားသူကြီး ဦးကျင်ဇကပ်၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဒေါ်တင်ဇာလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းသိန်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာဗိုလ်သံမဏိတို့က အသီးသီးပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ၁၀၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

(၆၈၄)

ဟားခါးမြို့နယ် သီးမစ်ဒေသ၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဟားခါး နိုဝင်ဘာ ၈

ချင်းပြည်နယ်၏ဒေသဆန်ဖူလုံရေးနှင့်စပါးထုတ်လုပ်မှုတိုးတက်လာရေးအတွက် (GAP)သိပ္ပံနည်းကျစိုက်စနစ် (၁၄) ချက်နှင့်အညီ စမ်းသပ်စိုက်ပျိုးခဲ့သော ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက ဟားခါးမြို့နယ် သီးမစ်ဒေသ၌ကျင်းပခဲ့ သည်။

အခမ်းအနားသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်ဒေသခံပြည်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့သည်။

ပုလဲသွယ်စပ်မျိုးစပါး၏ စံကွက်အထွက်နှုန်းကို သုည ဒသမ ၁၀ ဧက စံကွက်ကြီးဖြင့် စိစစ်ရိတ်သိမ်းခဲ့ရာ တစ်ဧက တင်း ၁၅၀ ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါးကို ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တွင် ၁၄၉ ဧက စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

(ချင်းပြည်နယ်ပြန်/ဆက်)

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၃)ဗဟန်း၊အဋ္ဌမတန်း(A)မှ ဂျူးချစ်စုအား ဂျူးဂျူးချစ်ဟု ပြောင်းလဲခေါ်ပါရန်။

ဂျူးဂျူးချစ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် လက်တွေ့ခန်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါပုံစံများကို ၁၁-၁၁-၂၀၁၃ ရက်မှ ၂၅-၁၁-၂၀၁၃ ရက်အထိ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၂-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁၃:၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၂၁၈၃ နှင့် ၀၅၉-၂၃၉၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ(၆၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး။ ။ တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက်မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန်။ ။ ၉-၁၂-၂၀၁၃ (၁၆:၀၀)နာရီ

တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၂နှင့် ၀၆၇-၄၀၉၃၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃)လ (၂၀၁၄ ခုနှစ် ဇန်နဝါရီလ မှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ကေဗွီ သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ နှစ်ထပ်ဓာတ်အားလိုင်း Foundation လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။ ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အနည်းဆုံးစီမံကိန်း(၃)ခု၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိရပါမည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	-	၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	-	၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တိုင်းရင်းဆေးပညာဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့တွင် "ရေဖြူမြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံဆောက်လုပ်ခြင်း ပေ(၄၀×၃၀×၁၂) အုတ်ညှပ်၊ သွပ်မိုး၊ ရေ၊ မီး၊ မိလ္လာအပါအဝင်"ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရန် စိတ်ဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန မှူးရုံး၊ တိုးချဲ့မြို့သစ်(တ)ရပ်ကွက်၊ ၁၃ လမ်း၊ ဝဲကျွန်း၊ ထားဝယ်မြို့

၃။ တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် - ၂၅-၁၁-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ (၁၆း၀၀)နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနရုံး ဖုန်း-၀၅၉-၂၃၄၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ)

အသိပေးနှိုးဆော်ခြင်း

ရွှေပြည်သာမြို့နယ်အတွင်းရှိ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ ဝါးတစ်ရာနှင့် သာစုကန်စက်မှုဇုန်များအတွင်း မြေနေရာဝယ်ယူထားသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့မြေကွက်များ၌ အမြန်ဆုံး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

စီမံခန့်ခွဲရေးကော်မတီ
ဆက်သွယ်ရန်ဖုန်း-၆၁၂၅၆၂၊ ၆၁၂၅၆၃

(၂)ထပ်တိုက်ဦးရာလူကို အမြန်ရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၃)လမ်း၊ အမှတ် (၁၃၂/က)၊ ပေ(၂၀×၆၀)၊ အဝီစိတွင်းရေနှင့် မီးမြင့်စက်ပါဝင်၊ နှစ်(၆၀)ဂရန်အမည်ပေါက်၊ ဈေးကျောင်းကားဂိတ်နီး၊ ဝေဇယန္တာလမ်းမကြီးကျောကပ်၊ ရတနာလမ်းနှင့်မေတ္တာလမ်းကြား၊ သိန်း ၁၂၈၀ (ညှိနှိုင်း)

ဖုန်း-၀၉-၅၁၁၀၉၉၅

ပြည်တွင်းရေးရာ

တန်ဖိုးစိစစ်အခွန်အခများထမ်းဆောင်ပြီးမှသာ အိမ်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေး

မန္တလေး နိုဝင်ဘာ ၈

မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်သွင်းလာသည့် အိမ်ခြံမြေအရောင်းအဝယ်စာချုပ်စာတမ်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က တန်ဖိုးစိစစ်သတ်မှတ်ပြီးသတ်မှတ်သည့် တန်ဖိုးအပေါ်ကျသင့်သည့်အခွန်အခများ ထမ်းဆောင်ပြီးမှသာလက်ခံ မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက အသိပေးကြေညာထားသည်။

မန္တလေးမြို့တွင် အောက်တိုဘာ ၃၁ ရက်ထိ မြေစာရင်းဦးစီးဌာနတွင် ယာယီစာချုပ်ချုပ်ဆိုကာ အိမ်ခြံမြေတန်ဖိုးစိစစ်ရေးကော်မတီသို့ တင်ပြ၍ တန်ဖိုးသတ်မှတ်ပြီး အခွန်တံဆိပ်ခေါင်းကပ်ကာ အရောင်းအဝယ်မှတ်ပုံတင်ပေးသည်။ ပြောင်းလဲလိုက်သောစနစ်အရ အိမ်ခြံမြေရောင်းဝယ်ရာတွင် အခွန်ငွေကိုထည့်သွင်းတွက်ချက်ရမည်ဖြစ်သဖြင့် အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက် အေးသွားနိုင်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)အဖွဲ့ဝင်တစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေတန်ဖိုးစိစစ်ရေးအဖွဲ့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ စီမံကိန်းဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားပြီး မြို့နယ်အလိုက် အိမ်ခြံမြေကာလတန်ဖိုးစိစစ်သတ်မှတ်ကာ အခွန်ထမ်းဆောင်စေပြီး မန္တလေးမြို့တော် စာချုပ်စာတမ်းရုံးမှ မှတ်ပုံတင်ဆောင်ရွက်ပေးကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

စားသုံးသူအကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

မြိတ် နိုဝင်ဘာ ၈

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးစခန်း (မြိတ်)မှ စခန်းထုတ်နုတ် Mobile Team အဖွဲ့သည် ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းများကို ခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို အရေးယူဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးအတွက် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့ စက်မှုဇုန်အဆောင်ကောင်းကုမ္ပဏီ ဆိပ်ခံတံတားများတွင် ပြည်တွင်း ပို့ကုန်၊ သွင်းကုန်များ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော သင်္ဘောများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ Mobile Team အဖွဲ့သည် သွင်းကုန်လိုင်စင်နှင့်အကောက်ခွန် ID ဖြင့် တင်ဆောင်လာကြသည့် ခိုင်လင်းစိုး(၅၄)သင်္ဘောတွင် ဒီဇယ်ဆီ ခုနစ်တန်နှင့် အချိုရည်ပါကင် ၃၀၀၊ ခေါက်ဆွဲခြောက် ပါကင် ၁၀၀၊ ဘာဒီကော်ဖီမစ်ထုပ် ပါကင် ၁၀၀၊ စိန်ဇင်ယော်အောင်သင်္ဘောတွင် ဒီဇယ်ဆီ တန် ၃၀၊ ဟင်ဂလန်သံပြား ခြောက်တန်တို့ကို တင်သွင်းလာသည့် IL-ID ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးခဲ့ကြပြီး ပို့ကုန်လိုင်စင်နှင့် အကောက်ခွန် ED ဖြင့် တင်ပို့မည့် ပြည်ဖြိုးထွန်း (၁၀) သင်္ဘောတွင် အေးခဲကဏန်း၊ အေးခဲကင်းမွန်၊ အေးခဲငါး၊ ပုစွန်ခြောက်၊ ငါးခြောက်စုစုပေါင်းတန်ချိန် ၁၁၆ ဒသမ ၁၉ တန်နှင့် အောင်ပြည့်ဖြိုး (၁)သင်္ဘောတွင် ငါးမျိုးစုံ ကိုးတန်၊ ကဏန်းအရှင် တစ်တန်၊ ကဏန်းချေပုန်း ၇ ဒသမ ၆ တန်တို့ကို EL-ED ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(ဇော်မျိုးနိုင်)

လာလော့ညှော့သည် ရှုလော့ညှော့သည်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် ပေပေါင်း ၃၆၀၀ ကျော်အမြင့်တွင် တည်ရှိပြီး ကမ္ဘာသိထင်ရှားသောစေတီတစ်ဆူဖြစ်ပါသည်။ ယခင်နှစ် စာရင်းများအရ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူနှစ်သိန်းခွဲခန့်ရှိပါသည်။ စေတီတည်ရှိရာ ရင်ပြင်တော်မှာ ကိုးဧကခန့်ကျယ်ဝန်းပြီး ၂၀၁၃-၂၀၁၄ ဘုရားပွဲတော်ရာသီကို ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၁၉-၁၀-၂၀၁၃ ရက်)တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ဂေါပကအဖွဲ့အနေဖြင့် စေတီတော်မြတ်ကြီး၏ ဘဏ္ဍာငွေများ အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များထံ အပ်နှံ၍လမ်းများဖောက်လုပ်ခြင်း၊ ထပ်ပိုးလှေကားများခင်းခြင်း၊ လမ်းများချဲ့ခြင်း စသည်တို့အပြင် ဘုရားဖူးလာပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ အာရုံပြုနိုင်ရေးအတွက် အခမဲ့တည်းခိုဆောင်များ၊ တည်းခိုဇရပ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ အခမဲ့အိမ်သာများ ထပ်မံဆောက်လုပ်ခြင်း၊ သောက်ရေများ၊ ရေသန့်စက်များထားရှိ၍ အခမဲ့သောက်ရေများရရှိအောင် စီမံဆောင်ရွက်ထားရှိပါသည်။

မည်သို့ အဆင်ပြေချောမွေ့အောင်စီစဉ်ဆောင်ရွက်သည်ဆိုစေဦးတော့ ဘုရားဖူးများထုနှင့်ထည်နှင့် လှိုင်းလုံးကြီးများပမာ တက်လာကြသောအခါတွင်မူ "လူနှင့်နေရာ" မျှတမှုမရှိသည့်အတွက် ရင်ပြင်တော်တွင်ဖြစ်သလိုနေထိုင် စားသောက်ရသည်ကို ကြည့်ရသည်မှာ များစွာကရုဏာဖြစ်ရပါသည်။ ခရီးပန်း၍ ရင်ပြင်တော်တွင်ဖြစ်သလို အိပ်စက်ကြရသော်လည်း ဘုရားကြီး၏ တန်ခိုးတော်ကြောင့် ဝေဒနာဆိုးဆိုးရွားရွားခံစားရသူမရှိပါချေ။

ရေသန့်စက်များအသုံးပြု၍ အခမဲ့သောက်ရေရရန် စီစဉ်ပေးထားပါသော်လည်း ဘုရားဖူးအချို့မှာ ထိုရေဖြင့်သွားတိုက်၊ မျက်နှာသစ်ခြင်း၊ ပန်းကန်များ ဆေးကြောခြင်းတို့ကို ဝမ်းနည်းဖွယ်တွေ့မြင်ရပါသည်။

မြေပြန့်မှာကဲ့သို့မဟုတ်ပါ။ ပေပေါင်း ၃၆၀၀ ကျော်အမြင့်ရှိ ဤရင်ပြင်တော်ပေါ်သို့ ရေရောက်ရှိရန်မှာ တောင်ခြေရှိ မိုးဘောချောင်းမှရေကို ရေတင်စက်ကြီးများအသုံးပြု၍ အဆင့်လေးဆင့်ခွဲကာ တစ်ဆင့်ပြီးတစ်ဆင့် တင်ယူရသော မိုးဘောချောင်းရေပင်ဖြစ်ပါသည်။ ထိုရေများကို ရင်ပြင်တော်တွင် ဂါလန်တစ်သိန်းဆံ့ရေလှောင်ကန်ကြီး နှစ်ကန်သို့ ပို့ဆောင်၍ ယင်းမှရင်ပြင်တော်ဌာနအသီးသီး၊ ဈေးဆိုင်အသီးသီးသို့ ဂေါပကအဖွဲ့၏အစီအမံဖြင့် ဖြန့်ဝေရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဈေးဆိုင်များ၊ သုံးစွဲသူဘုရားဖူးလာပြည်သူများအနေဖြင့် စည်းကမ်းတကျ သုံးစွဲရန်လိုအပ်ပါသည်။

အလားတူပင် အခပေးသန့်စင်ခန်းများ၊ ရေချိုးခန်းသုံးစွဲသူများအနေဖြင့်လည်း ရေခက်ခဲမှုရှိသည်ကို စဉ်းစားပေးသင့်ကြောင်း တင်ပြလိုပါသည်။ သဘာဝတောတောင်ရေမြေ၏အလှကို ခံစားလိုသောပြည်တွင်းပြည်ပ ဘုရားဖူးများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုမှာ ခေတ်ကာလအလျောက်ဆန်းသစ်လာသော အသင့်သုံးအချိုရည်ဘူးခွံများ၊ ရေသန့်ဘူးခွံများ၊ ကြွပ်ကြွပ်အိတ်များကို ဖြစ်သလိုစွန့်ပစ်နေကြသည့်အတွက် တောင်ခြေမှအပေါ်သို့ ပင့်တိုက်လာသောလေတွင် ကြွပ်ကြွပ်အိတ်များ လွင့်မျောပါလာခြင်း၊ ပျက်စီးမှုမရှိသောအချိုရည်ဘူးခွံများသည် အနိမ့်ပိုင်းရှိချောက်များ၊ ခြုံနွယ်များအောက်တို့တွင် စုပုံများပြားလာမှုကြောင့် ဂေဟစနစ်ကိုဆိုးရွားစွာပျက်စီးစေသည့်အတွက် ထားရှိသောအမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်လိုအပ်ပါသည်။

အထူးသဖြင့် ကွမ်းစားသူများအနေဖြင့် မိမိအညစ်အကြေးကွမ်းတံတွေးကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်းမှု ကုသိုလ်ယူသင့်ပါသည်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ စခန်းပေါင်း ၁၇ ခုနှင့် တောင် ၃၃ လုံးကို ဖြတ်သန်းပြီးနောက် ပေပေါင်း ၃၆၀၀ ကျော် အမြင့်သို့ရောက်သောအခါ တောတောင်ရေမြေတို့၏ သဘာဝအလှကို ခံစားရင်း မည်သည့်ဘုရားစေတီနှင့်မျှမတူ လွင့်မျောဆော့ကစားနေသည့် မိုးတိမ်များ၊ နှင်းမြူများ၊ တိမ်ဝှမ်းဆိုင်ကြီးများကြားမှ တစ်ဖက်ချောက်ထဲသို့ပြုတ်ကျအံ့ဆဲဆဲ ရသေ့ဦးခေါင်းနှင့်တူသော ရွှေစင်ရွှေတုံးကြီးနှင့်တကွ ဆံတော်ရှင်စေတီတော်မြတ်ကြီးကို အံ့ဩဖွယ်ရတ်တရက်ဖူးလိုက်ရသည့်အခိုက် ဘဝအမောတွေမှန်သမျှ ပြေပျောက်သွားရသောအရသာကို လက်တွေ့ခံစားလိုလျှင်ဖြင့်. .

လာလော့ညှော့သည် ရှုလော့ညှော့သည်။ အားပါးတရဖူးမြော်ရန် လာလှည့်လော့ဟူ၍ ဖိတ်ခေါ်လိုက်ရပါသည်။ ။

နီဗွာန်ဆော်(ကျိုက်ထို)

လူမှုရေး/စီးပွားရေးကြော်ငြာ

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း
အာစရိယပူဇော်ပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးဆရာကြီး၊ ဆရာမကြီးများ၊ သက်ကြီးကျောင်းသား၊ ကျောင်းသူဟောင်းကြီးများအား ပူဇော်ကန်တော့ရန်(၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (အမျိုးသားနေ့) နံနက် ၉း၃၀ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အထက(၂)ဒဂုံ၊ အထက(၃)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။ ကံစမ်းမဲအစီအစဉ် ပါရှိပါမည်။

အလုပ်အမှုဆောင်အဖွဲ့(၂၀၁၂-၂၀၁၃)
မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း
ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၃၀၁၁၇၀၇



ယတြာနိဘယ်အောင်

အဆင်မပြေမှုတွေထဲမှာ အခွင့်အလမ်းကောင်းတွေရှိနေပါတယ်။ စိတ်ဓာတ်ကျဆင်းမနေပါနှင့်၊ ကောင်းသောကံတရားများဖြင့် ကျော်လွှားပြီး အောင်မြင်မှုရယူပါ။ ကိုယ်ရေးလုံခြုံမှု အာမခံပါသည်။

ပျောက်ဆုံး

ကျွန်တော် ဦးမိုးမြင့်ဦး BST (4 TICKET)နှင့်AFF လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပါရန်။ **ဖုန်း-၀၁-၆၄၁၄၉၃**

ပြည်တွင်းရေးရာ

ကော့သောင်းမြို့ ဘုရင့်နောင်အငူ (ဝိတိုရိယအငူ) သန့်ရှင်းသာယာလှပရေးဆောင်ရွက်

ကော့သောင်း နိုဝင်ဘာ ၈

ကော့သောင်းမြို့ ဘုရင့်နောင်အငူ (ဝိတိုရိယအငူ)နှင့် ပတ်လမ်းသည် ပင်လယ်ကမ်းစပ်ရှုခင်းလှပ၍ လေကောင်းလေသန့်ရရှိသည့် ပတ်ဝန်းကျင်အနေအထားရှိသဖြင့် ပြည်သူများ နံနက်ခင်းအချိန် ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြုလုပ်ရန် ကောင်းမွန်ခြင်း၊ နေဝင်ဆည်းဆာအလှ ကြည့်ရှုရင်း အနားယူအပန်းဖြေရန် ကောင်းမွန်ခြင်း၊ ရပ်ဝေးမှ လာရောက် လည်ပတ်ကြသည့်ဧည့်သည်များ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးအရပ်ဒေသ၏ ကိုယ်စားပြုနေရာအဖြစ် အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ရန်ကောင်းမွန်သည့်နေရာတစ်ခု ဖြစ်သည့်အားလျော်စွာ ပြည်သူများဖြင့် ထာဝစဉ်စည်ကားနေသည့် ဝန်းကျင်ကောင်းတစ်ခုဖြစ်သည်။

ဘုရင့်နောင်အငူ(ဝိတိုရိယအငူ)နှင့် ပတ်လမ်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့၏ အစီအစဉ်ဖြင့် ပတ်လမ်းတစ်လျှောက် လမ်းဘေးပလက်ဖောင်းများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ အပန်းဖြေအနားယူရန် ကွန်ကရစ်ထိုင်ခုံများပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးများသွယ်တန်းပေးခြင်း၊ လမ်းဘေးဝဲယာအမှိုက်သရိုက်များ ကင်းစင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဘုရင့်နောင်အငူ (ဝိတိုရိယအငူ) အထိမ်းအမှတ်ရုပ်တု တည်ရှိရာ ပတ်လည်စတီးပိုက်လက်တန်းအကာများ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့လှပတင့်တယ်ရေးနှင့် အများပြည်သူ အကျိုးအလို့ငှာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ပြည်ပနိုင်ငံများသို့ အလုပ်သွားလုပ်မည့် မိန်းကလေးငယ်များအား မိဘများထံပြန်အပ်

ခင်ဦး နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာနေ ပြည်ပနိုင်ငံသို့ အလုပ်သွားလုပ်မည့် မိန်းကလေးငယ်(မိန်းမပျို) ခုနစ်ဦးအား ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှ ပြန်လည်ခေါ်ဆောင်ပြီး မိဘများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွာစဉ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးကြွယ်သည် ၎င်းကျေးရွာမှမိန်းကလေး ခုနစ်ဦး၊ ရှစ်ဦးခန့်မှာ ဂျော်ဒန်နိုင်ငံတွင် အလုပ်လုပ်ရန် နိုဝင်ဘာ ၄ ရက်တွင် အောင်ရတနာမှန်လုံကားဖြင့် ရန်ကုန်သို့လိုက်ပါသွားကြောင်း ဖုန်းဖြင့်သတင်းပေးသဖြင့် အောင်ရတနာဂိတ်မှူးထံ စုံစမ်းမေးမြန်းရာ ရန်ကုန်ကားမှာထွက်သွားပြီဖြစ်ကြောင်း၊ ရွှေဘိုမြို့တွင် ရန်ကုန်သို့ လိုက်ပါမည့်ခရီးသည်များအား ထပ်မံတင်ဆောင်၍ ထွက်ခွာမည်ဖြစ်ကြောင်း ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံ သတင်းပို့ရာ ရဲအုပ်အောင်ဇော်ထွန်းနှင့်အဖွဲ့က ရွှေဘိုကားကြီးဝင်း၌ အောင်ရတနာ(၉ခ/---)ယာဉ်ဖြင့် လိုက်ပါမည့်မိန်းကလေးသုံးဦးကို ထိန်းပေးထားကြောင်း ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှူးနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်လင်းဦးတို့အဖွဲ့က ရွှေဘိုမြို့သို့လိုက်ပြီး ထိန်းထားသော သုံးဦးအားပေးအပ်ရာ လက်ခံယူခဲ့ကြောင်း၊ ကျန်ရှိသော မိန်းကလေးများကို မေးမြန်းရာ စိန်ငွေလှိုင် မော်တော်ယာဉ်ဖြင့် ရန်ကုန်သို့ လိုက်ပါသွားကြောင်း၊ ထို့နောက် ရွာသာကြီးကျေးရွာသို့ ရောက်ရှိနေကြောင်း သိရသဖြင့် ဖုန်းဖြင့်ဆက်သွယ်၍မော်တော်ယာဉ်ကို ခေတ္တရပ်နားထားပေးပါရန် ပြောကြားပြီး ကားပေါ်ပါ မိန်းကလေး လေးဦးကို ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း၊အဆိုပါ မိန်းကလေး ခုနစ်ဦးသည်မိဘများကို ဘုရားဖူးသွားမည်ဟုပြောပြီး ရန်ကုန်မြို့ရောက်မှ ဂျော်ဒန်နိုင်ငံသို့သွားရန် အစီအစဉ်ရှိကြောင်း၊ ယခင်ကလည်း ရွာစဉ်ကျေးရွာမှ ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိ အဆင်ပြေနေပုံကို ဖုန်းဖြင့်ဆက်သွယ်ပြောကြားမှုအပေါ် ယုံကြည်ပြီး မိမိတို့သဘောဆန္ဒအလျောက်သွားကြခြင်းဖြစ်ကြောင်း၊ မိဘများကို မြေနီသျှုံရဲကင်းသို့ခေါ်ယူပြီးပြန်လည်အပ်နှံခဲ့ကြောင်းသိရသည်။**(ရောင်နီတင်ဝင်း)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဥရောပသမဂ္ဂကအဓိကရုဏ်းထိန်းချုပ်မှုသင်တန်းဖွင့်ပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဥရောပသမဂ္ဂ (EU) က အဓိကရုဏ်း ထိန်းချုပ်မှုသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးချစ်ဦး၊ အမှတ်(၃) ရဲတပ်ရင်းစုမှူး ရဲမှူးကြီး သက်လွင်၊ အမှတ်(၅) ရဲတပ်ရင်းစုမှူး ရဲမှူးကြီး ဇော်ခင်အောင်နှင့် ရဲအရာရှိကြီးများ၊ ဥရောပသမဂ္ဂ အဖွဲ့မှ သံအမတ်ကြီး Mr. Rolan Kobia၊ International Management Group မှ အထွေထွေမန်နေဂျာ Mr. Dimo Bicciato၊ Mr. Friedrich Schwidd၊ Mr. Saad Amrani နှင့် အရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိ ၂၅ ဦး၊ အခြားအဆင့် ၁၇၅ ဦး စုစုပေါင်း ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ အမှတ်(၈) ရဲတပ်ရင်းတွင် ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းက အဆိုပါ အစည်းအဝေးခန်းမ၌ အဓိကရုဏ်းထိန်းချုပ်ရေးနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြရာ အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ အမှတ်(၃) ရဲတပ်ရင်းစုမှူး ရဲမှူးကြီး သက်လွင်နှင့် ဥရောပသမဂ္ဂအဖွဲ့မှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄၀)**

ညီလမ်းညွှန်
ENGLISH Conversation Practice
Great Wall
DP Dream Paradise DP

Ruby Mart (Yangon)၏ (၁)နှစ်ပြည့် အထူးဈေးချိုရောင်းပွဲတော်မှ ကံထူးရှင်များစာရင်း

စဉ်	ကံထူးရှင်အမည်	ပေါက်မဲနံပါတ်	ဆုအမျိုးအစား
၁။	[illegible]	06324	SUZIKI ကား
၂။	ဦးထွန်းထွန်းအောင်	1959	SHARP 52" LC TV
၃။	[illegible]	06051	Hitachi Refrigerator 2 Door
၄။	ဒေါ်ယဉ်မြင့်	4370	Whirlpool Refrigerator 2 Door
၅။	ဦးဝင်းကိုနိုင်	5616	Farfalla Washing Machine
၆။	ကိုဝင်းမင်းထွန်း	1740	Midea Water Dispenser
၇။	[illegible]	5583	Midea Air Cooler
၈။	[illegible]	1886	Misushita Cool Humidifier
၉။	[illegible]	1269	Elba Tower Fan
၁၀။	ကျော်ဝင်း	2420	Windy 16" Stand Fan
၁၁။	[illegible]	0566	Windy 16" Stand Fan
၁၂။	[illegible]	3664	Windy 16" Stand Fan
၁၃။	[illegible]	1102	Fumiyama Rice Cooker
၁၄။	မဝါဝါနွယ်	3232	Fumiyama Electric Kettle
၁၅။	ဒေါ်ဝင်းမာ	0747	SKG Juicer
၁၆။	[illegible]	5339	Lucky Rice Cooker
၁၇။	[illegible]	2247	Lucky Rice Cooker
၁၈။	[illegible]	3091	Lucky Rice Cooker
၁၉။	ဒေါ်သန်းတင်	4963	LG EVD (DVD8688)
၂၀။	ကိုသန်းအောင်	4175	Emay Box Fan
၂၁။	[illegible]	2873	Nakita Slow Cooker
၂၂။	[illegible]	4029	Escort CookWarmer
၂၃။	[illegible]	06034	Escort Rice Cooker
၂၄။	[illegible]	4315	Escort Rice Cooker
၂၅။	[illegible]	2658	Flying Tiger Rice Cooker
၂၆။	[illegible]	3134	Flying Tiger Rice Cooker
၂၇။	[illegible]	3607	Flying Tiger Rice Cooker
၂၈။	[illegible]	3414	Hitachi Living Systems
၂၉။	[illegible]	5643	Caribbean Dry Iron
၃၀။	[illegible]	5346	Caribbean Steam Iron
၃၁။	[illegible]	0598	Allian Rice Cooker 300W

သထုံတွင် စိတ်ကြွမူးယစ်ဆေး သိန်းကိုးထောင်ကျော်ဖိုး သိမ်းဆည်းရမိ

သထုံ နိုဝင်ဘာ ၈

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်စေရေးအတွက် စီမံချက်များချမှတ်ကာဆောင်ရွက်လျက်ရှိရာ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကြိုတင်စုဆောင်းရရှိထားသော သတင်းအချက်အလက်များအရ နိုဝင်ဘာ ၆ ရက် ည ၉ နာရီခွဲက သထုံမြို့နယ် နောင်ဘိုကျေးရွာနေ မှိုင်းဝေ၏နေအိမ်အားဝင်ရောက်ရှာဖွေရာ နေအိမ်နောက်ဘက်မီးဖိုခန်းအတွင်းရှိ ငရုတ်ဆုံအောက်မှပလတ်စတစ်အိတ်အဖြူဖြင့် ထုပ်လျက် WY စာတန်းပါပန်းရောင်စိတ်ကြွမူးယစ်ဆေး အပြား ၄၀ နှင့် ငွေစက္ကူရောရာ ကျပ် ၇၀၀၀၀ အားတွေ့ရှိပြီး ဆက်လက်ရှာဖွေရာ နေအိမ်အောက်ထပ်စတိုခန်းအတွင်း ဓာတ်မြေဩဇာအိတ်များအတွင်း မြှုပ်ထားသည့် အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်လျက် တစ်ထုပ်လျှင် ၂၀၀၀ ပါ အထုပ်နှစ်ထုပ်ပေါင်း ၄၀၀၀ တွေ့ရှိသဖြင့် သက်သေများရှေ့တွင် မူးယစ်ဆေးဝါးများနှင့်အတူ ရောင်းဝယ်ရာတွင်အသုံးပြုခဲ့သော ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မှိုင်းဝေအားစစ်ဆေးချက်အရ သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ထီတမူကျေးရွာတွင် ဝှက်ထားကြောင်းသိရသဖြင့် မှိုင်းဝေ၏ယောက်ဖတော်စပ်သူ ကျော်လွန်း(ခ)ဖားငဲအားစစ်ဆေးရာ ရော်ဘာခြံအတွင်းဝှက်ထားကြောင်း လိုက်လံပြသ၍ရှာဖွေရာ မြေကြီးအတွင်း မြှုပ်ထားသော ကျောက်ဆူးတံဆိပ်ပါကော်ပုံးအပြာရောင်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပါ အထုပ် ၉၂ ထုပ် ဆေးပြား ၁၈၄၀၀၀ စုစုပေါင်း ၁၈၈၀၄၀ ပြား ကာလတန်ဖိုး ငွေကျပ် ၉၄၀၂၀၀၀၀၀ အားသက်သေများရှေ့တွင် စနစ်တကျသိမ်းဆည်းပြီး လက်ဝယ်တွေ့ရှိသူ မှိုင်းဝေ၊ ကျော်လွန်း(ခ)ဖားငဲ့ သထုံမြို့နန်းခဲရပ်ကွက် မြသပိတ်ဘုရားလမ်းတွင် နေထိုင်သူ ဇော်မင်းအောင် (ခ) ခေါင်းကြီး၊ ဖာပွန်မြို့နယ် ကမမောင်းကျေးရွာတွင်နေထိုင်သူ ထွန်းလှအောင်(ခ)အီစာ၊ နောဝီထကျေးရွာမှ စောဘီနိုး ပေါင်း ငါးဦး**(အောက်ပုံ)**အား သိမ်ဆိပ်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများဆက်လက်ဖော်ထုတ် လျက်ရှိကြောင်းသိရသည်။ **(သက်ဦး-သထုံ)**

ရေတားတမံကျိုး၍ ဒေသခံများသွားလာရေးခက်ခဲ

ရေတာရှည် နိုဝင်ဘာ ၈

ရေတာရှည်မြို့အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ အင်ဒိုင်းကျေးရွာရေစင်လမ်းပိုင်းရှိ ရေတားတမံသည် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် စစ်တောင်းမြစ်တစ်ဖက်တစ်ချက်ရှိ ကျေးရွာများတွင် နေထိုင်ကြသည့် ဒေသခံများ သွားလာရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက်က စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် အင်ဒိုင်းကျေးရွာနှင့် အရှေ့ရေစင်လမ်းပိုင်းရှိ ရေတားတမံအား အရှည်ပေ ၁၂၀၀ ခန့်ရှိ ရေများဖြတ်ကျော်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် တမံမှာ အရှည်ပေ ၃၀၀ ခန့် ကျိုးကျသွားခဲ့၍ လယ်ယာမြေဧက ၂၀၀၀ ခန့် ရေဝင်နစ်မြုပ်ခဲ့သည်။ အဆိုပါ ရေတားတမံကျိုးကျမှုကြောင့် မြစ်အရှေ့ဘက်ကမ်းရှိ သစ်ချဆိပ်၊ ရွှေသောင်ကျေးရွာ၊ အနောက်ဘက်ကမ်းရှိ နှောပင်ကျေးရွာ၊ အင်ဒိုင်းကျေးရွာများမှာ သွားလာရေးခက်ခဲလျက်ရှိသည်။ "အမြန်ဆုံးပြုပြင်မှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့က စက်ယန္တရားတွေပို့ပေးမယ်၊ သကြားစက်က စက်သုံးဆီထုတ်ပေးမယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်ကပြောသည်။ **(၅၇၈)**

တနင်္သာရီမြို့နယ်မှ ဖရဲသီးများ မြိတ်ဈေးကွက်သို့ တင်ပို့

မြိတ် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ကျေးရွာများမှ ဖရဲစိုက်တောင်သူများသည် ဖရဲသီးများကို မြိတ်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ တနင်္သာရီမြို့နယ် တကူ၊ မော်တုံးနှင့် ခုံမော်ကျေးရွာတို့၌ ဖရဲအများအပြား စိုက်ပျိုးကြပြီး မြိတ်မြို့နယ် သရမဲကျေးရွာနှင့် ကျောက်ဖြူတောင်ကျေးရွာတို့တွင်လည်း ထိုင်ဝမ် ၈၅၅ ဖရဲမျိုးများကို စိုက်ပျိုးကြသည်။

တနင်္သာရီမြို့နယ်အတွင်း တကူ၊ မော်တုံးနှင့် ခုံမော်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး တနင်္သာရီမြို့ထက် မြိတ်မြို့တွင် ပို၍ အရောင်းသွက်သဖြင့် လာရောင်းရခြင်းဖြစ်ကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချသူများလည်းရှိပြီး ယခုအခါ ဈေးကောင်းရရှိကြောင်း တကူကျေးရွာ ဖရဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ အဆိုပါ ဖရဲသီးများကို ကုန်းလမ်းနှင့် ရေလမ်းဖြင့် မြိတ်မြို့သို့ တင်သွင်းကြပြီး မြိတ်မြို့ ဖရဲဈေးကွက်၌ အရွယ်အစားအလိုက် အသေးတစ်လုံးလျှင် ကျပ်၂၀၀၀ ရှိပြီး အကြီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိ ဈေးကောင်းရကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

Since 1986
KMD
Computer Centre
(မြေနီကုန်းစင်တာ)
(UK)အသိအမှတ်ပြု ကွန်ပျူတာ သိပ္ပံဘွဲ့များကို အထူးပညာတော်သင်ဆု ဖြင့် KMD တွင်တက်ရောက်နိုင်သည်။
NCC education
20 - Nov - 2013 (Mon to Fri)
11:00am - 2:30pm
တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်ပါသည်။
- 331, Pyay Rd., Myaynigone, Sanchaung Tsp.
Tel: 527436, 534170, 502233. 700895, 381035, 391286, 391287.
စာရင်းပေးသွင်းနိုင်ပါပြီ။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းနှင့်ဌာနမှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းအား မူလနေထိုင်သူ၊ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစိန်ထွန်း [၁၂/မရက(နိုင်)၀၇၉၄၅](မှ)	ဒေါ်သင်းသင်းဝါ [၁၂/ဒဂတ(နိုင်)၀၂၀၁၈၇]	အမှတ်(၅၂၅/၅၂၇)၊ အခန်းအမှတ်(၂၈)၊ ကုန်သည်လမ်း ကျောက်တံတား
၂။	ကန်ထရိုက်တာဦးမြင့်သိန်းLC-၂၀၇ [၁၂/ပဘတ(နိုင်)၀၂၁၉၈၉](မှ)	ဒေါ်နော်ဇာလွင် [၈/မကန(နိုင်)၀၀၁၂၇၆]	အမှတ်(၃၀၅)၊ ၆လွှာ(ယာ) မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်
၃။	ဦးအောင်တင် TKI-၁၂၃၀၈၇ (မှ)	ဒေါ်ရီရီထွေး(ALN-၁၁၇၃၀၀) [၉/အမရ(နိုင်)၀၈၃၆၉၉]	အမှတ်(၂၇)အခန်းအမှတ်(၂) လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်
၄။	ဒေါ်သန်းသန်းဦးဒါရိုက်တာ ရှိုင်းဆောက်လုပ်ရေး(မှ) ဒေါ်မီမီအောင် [၁၂/ကတတ(နိုင်)၀၁၀၃၅၃](မှ)	ဒေါ်အေးစန္ဒာမြင့် [၁၂/ဒပန(နိုင်)၀၀၇၈၄၆]	အမှတ်(၁၇၃/၁၇၉)၊ အခန်းအမှတ်(5F)၊ ၃၈လမ်း၊ ကျောက်တံတား
၅။	ကန်ထရိုက်တာဦးမြင့်သိန်းLC-၂၀၇ [၁၂/ပဘတ(နိုင်)၀၂၁၉၈၉](မှ) ဦးမောင်အေး [၁၂/မဘတ(ပြု)၀၀၀၃၆၂]	ဦးမျိုးမင်းဦး [၁/မကန(နိုင်)၀၈၃၃၉၆]	အမှတ်(၁၁၇/၁၁၉)၊ ၇လွှာ (ယာ)၊ လမ်း(၃၀)၊ ပန်းဘဲတန်း
၆။	ဒေါ်မော်စမ်းယု [၁၂/ကမတ(နိုင်)၀၀၉၅၆၂](မှ)	ဒေါ်သိန်းသိန်းဦး [၁၁/စတန(နိုင်)၀၃၉၅၆၅]	တိုက်(၃)၊ အခန်းအမှတ်(၂၄)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၇။	ဦးသီဟဌေး [၇/ပတန(နိုင်)၀၇၉၁၇၉](မှ) ဦးဝင်းနိုင် [၁၄/ကလန(နိုင်)၀၅၉၉၃၈](မှ)	ဒေါ်ခိုင်နုထွေး [၈/မကန(နိုင်)၁၁၈၁၆၈]	တိုက်(၅)၊ အခန်းအမှတ်(၁၄) ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၈။	ဒေါ်သင်းသင်းလှိုင် [၁၄/ဟသတ(နိုင်)၀၄၅၉၄၄](မှ)	ဒေါ်ခင်ဖြူဖြူအောင် [၁၃/ပတယ(နိုင်)၀၄၅၄၅၁]	တိုက်(၉)၊ အခန်းအမှတ်(၂၆) လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်
၉။	ဒေါ်သန်းသန်းဦးဒါရိုက်တာ ရှိုင်းဆောက်လုပ်ရေး(မှ) ဒေါ်ခင်မာရွှေ [၁၂/ကတတ(နိုင်)၀၁၃၇၂၉](မှ)	ဒေါ်နန်းအေးမြ(ခ)သင်းသင်းခင် [၁၃/လရန(နိုင်)၁၃၆၅၂၂]	အမှတ်(၁၈၁/၁၈၅)၊ အခန်းအမှတ်(7A)၊ (၇)လွှာ(ဝဲ)၊ ၃၈လမ်း၊ ကျောက်တံတား
၁၀။	ဦးအောင်ကျော်မိုး [၇/ညလပ(နိုင်)၀၀၀၇၃၉](မှ) ဒေါ်စန်းစန်းမြင့် [၁၂/မဂတ(နိုင်)၀၆၇၆၀၁] ဒေါ်မိုးမိုးသက်(ကွယ်လွန်) [၁၂/မဂတ(နိုင်)၀၉၃၅၆၇] ဒေါ်အိအိသက် [၁၂/မဂတ(နိုင်)၁၀၂၂၄၄] ဒေါ်ခင်မျိုးသက် [၁၂/မဂတ(နိုင်)၁၀၂၂၄၃] (မှ)	ဒေါ်စန်းစန်းမြင့် [၁၂/မဂတ(နိုင်)၀၆၇၆၀၁] ဒေါ်အိအိသက် [၁၂/မဂတ(နိုင်)၁၀၂၂၄၄] ဒေါ်ခင်မျိုးသက် [၁၂/မဂတ(နိုင်)၁၀၂၂၄၃]	အမှတ်(၁/၃)၊ အခန်းအမှတ်(၇)၊ ပထမထပ်၊ ၁၁၉-လမ်း မင်္ဂလာတောင်ညွန့်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ခွေးရောင်းမည်
Alsation 2 လ
Doberman 3 လ
Shih Tzu 2 လ
Ph:09-420267148

ဒဂုံမြို့သစ်
ဆိပ်ကမ်းနှင့်အရှေ့ပိုင်းရှိမြေကွက်များဝယ်လိုသည်။
ဖုန်း-၀၉-၄၃၀၉၁၅၂၇

အိမ် / ခြံမြေရောင်းရန်
အမှတ် (၅၁၃)သမိုင်းဘူတာရုံ(၄) လမ်းထိပ်၊
(ထောင့်ကွက်)မရမ်းကုန်း(၁)ရပ်ကွက်ပေ(၂၀'x၅၀')
ဖုန်း- ၀၉-၅၀၁၉၅၄၀၊ ၀၉-၇၃၁၃၂၉၉၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၀၊ မြေကွက်အမှတ်-၃၄၃ ဟုခေါ်တွင်သော ဒေါက်တာမိုးမိုးခိုင်အမည်ပေါက် ပေ၄၀×ပေ၆၀အကျယ်ရှိ ပါမစ်အမျိုးအစားမြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မိမိကြီး[၁၂/စခန(နိုင်)၀၁၀၉၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးဇော်မင်း LL.B — **အထက်တန်းရှေ့နေ(စဉ်-၂၈၅၁၄)**

ဦးတင်ထွန်း H.G. P, LL.B(Advocate) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀/၉၁)**

အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၈၀၈၈၄

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်းမြို့)

အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမျိုးအောင်-ဒေါ်တင်[illegible]တို့၏ ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း သည် ၂-၁၁-၂၀၁၃ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း-

[illegible]

[illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၅၈၃-ခ)(အလျား၂၀ပေ×အနံ၆၀ပေ) မြေကွက်ရရှိသူ အမည်ပေါက် ဦးတင်စိုးထံမှစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးရှိန်လင်းလွင်(ဘ)ဦးတင့်လွင်မှတ်ပုံတင်အမှတ်[၁၂/သကတ(နိုင်)၁၃၃၇၄၆]ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ(ခ)ဦးကျော်ဆွေ

အသက်(၆၄)နှစ်

ဧရာဝတီယူနိုက်တက် FCအသင်း၏ ဘောလုံးသမားအောင်ကျော်မျိုး၏ ဖခင်ဦးမြင့်ဆွေ အသက်(၆၄)နှစ်သည် ၁၂. ၁၀. ၂၀၁၃ရက်တွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း။

အသင်းပိုင်ရှင်များနှင့်
ဧရာဝတီယူနိုက်တက်FC

ဝမ်းနည်းကြေကွဲခြင်း

ဦးဖေသိန်း

အသက်(၇၃)နှစ်

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်၊ ဝါရင့်အားကစားကလောင်ရှင် ဦးဖေသိန်းသည် ၂၂. ၁၀. ၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

အသင်းပိုင်းရှင်များနှင့်
ဧရာဝတီယူနိုက်တက် FC

သွေးသည် အသက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်တင်(Albert)

အသက်(၈၀)

မွေးမိဘများနှင့်မခြား ကျွေးမွေးစောင့်ရှောက်၊ ဆုံးမပေးခဲ့သော ကျေးဇူးရှင် (မာမီ-ဒေါ်ဒေါ်ရစ်ကိုဘန်း)၏ ချစ်လှစွာသောခင်ပွန်း(ဦးလေး-Albert) ဦးခင်မောင်တင်သည် ၄. ၁၁. ၂၀၁၃ရက် နံနက် ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ကီးကီး)စောကျော်ဌေးရင်နှင့် ဇနီးနော်မာနေထူး
သမီး Cadet Pilot ခူးခူဖေါ်(APFT- Malaysia)၊
သား စောရစ်ကီချစ်ရင်ထူး Grade 4(A)အ. ထ. က(၂) ကမာရွတ်

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ လူနေရပ်ကွက်အမှတ်-၁၄/၃၊ မြေကွက်အမှတ်- ၁၃၆/၂၊ (အလျားပေ၃၀×အနံပေ၅၆)၊ ဧရိယာ(၁၆၈၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့၏ အမည်ပေါက်ဖြစ်သူ ဦးဝင်းခိုင်[၁၂/ဗဟန(နိုင်)၀၁၃၂၁၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးပိုင်(LL.B, D.B.L, D.M.L) **ဒေါ်တင်တင်ညို(LL.B, D.B.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၈၈) **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၉)**
အမှတ်-၁၀/၁၂၊ ပထမထပ်၊ အခန်း-၁၀၄(အီး)၊ ၃၅လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၅၉၆၃၉၊ ၀၉-၇၃၁၀၈၀၂၂

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့်(ခ)ဦးဖိုးလွဲ

အသက်(၈၂)နှစ်

KBZFC၏လက်ထောက်နည်းပြ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးအောင်ထွန်းထွန်း၏ ဖခင် ဦးအောင်မြင့်(ခ)ဦးဖိုးလွဲသည် ၂၃. ၁၀. ၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အသင်းပိုင်ရှင်များနှင့်
ဧရာဝတီယူနိုက်တက်FC

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(-)၊ မြေတိုင်းရပ်ကွက် အမှတ်(ဈ)၊ မြေကွက်အမှတ်(၄၈၄ ၁/၂) အကျယ်အဝန်း(အလျား၂၀ပေ×အနံ၆၀ပေ)ရှိ ဦးမြင့်သိန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဧရာ(၂)လမ်း၊ အမှတ်(၄၈၄)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်သော ဒေါ်စန်းမြင့် [၁၂/ဥကမ(နိုင်)၀၂၂၄၃၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ လက်ရောက်ရယူ၍ အပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုးထွန်း(ထီးချိုင့်)
(LL.B(Q),D.B.L)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအတိုင်ပင်ခံ
LINO MASTER LAW FIRM
အမှတ်(၂၂၉)၊ ပထပ်(ယာ)၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃

မဖြူဖြူမြင့်[၁၀/မလမ(နိုင်)၁၄၁၉၀၀]နှင့်အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၇၅/အေ)နေ မဖြူဖြူမြင့်သည် မွေးစားမိခင်ဖြစ်သူ ဒေါ်အုံးကြည်၏ ဆိုဆုံးမစကားကိုနားထောင်ခြင်းမရှိဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပြီးအိမ်နှင့်လည်းဆက်သွယ်ခြင်းမရှိပါသဖြင့် ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ အမွေစားအမွေခံ မွေးစားသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်းနှင့်နောက်နောင်တွင် မဖြူဖြူမြင့်အနေဖြင့် ဒေါ်အုံးကြည်နှင့်လုံးဝပတ်သက်ခွင့်မရှိတော့ကြောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့် (LL.B, H.G.P)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ခမီလမ်း။ ကွင်းရပ်၊ မော်လမြိုင်မြို့။
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇော်မိုး[၁၂/မဂတ(နိုင်)၀၉၂၂၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း အပိုင်(၁၁)၊ ဂျိုးဖြူလမ်း၊ ခလောက်ကွန်ဒိုင်ကျေးရွာနေ ဦးဆူလတန်၏ ဇနီးဖြစ်သူ ဒေါ်စကီနာဘီဘီ (LSN-၂၄၈၅၅၆)ကိုင်ဆောင်သူမှ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ကွင်း အမှတ်(၅၃၅/ဒီ) ဦးပိုင်အမှတ်(၂၂-၁၉/၂)၊ ဧရိယာ(၄. ၀၄)ဧကရှိမြေကွက်ကို မိမိမှရောင်း ချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဦးဇော်မိုးမှ စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ထိုစရန်ငွေပေးချေဝယ်ယူခြင်းနှင့်ပတ်သက် ၍ကန့်ကွက်လိုပါက အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သိန်း	**ဦးခင်ဇော်လတ်**	**ဒေါ်သက်သက်မာ**
(စဉ်-၁၂၇၆)	**(စဉ်-၃၀၁၈၆)**	**(စဉ်-၃၁၀၀၅)**
B.A, Law(LL.B)	**(LL.B, C.B.L),WIPO(Switzerland)**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး**	**အထက်တန်းရှေ့နေ**

ရုံးခန်း-အမှတ်(၅၂)၊ ၁၅၇လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၃၁၉၈၉၊ ၀၉-၄၃၀၁၂၉၂၇၊ ၀၉-၅၁၁၁၆၂၇

ဒေါ်မေယု[၁၁/သတန(နိုင်)၀၅၁၆၂၄]နှင့်အများသိစေရန်ကြေညာခြင်း

ဦးစိန်ဝင်း(ခ)SM အီစမိုင်အင်[၁၂/ကတတ(နိုင်)၀၂၁၉၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဦးစိန်ဝင်းနှင့်ဒေါ်မေယု[၁၁/သတန(နိုင်)၀၅၁၆၂၄]တို့သည် ၁၉၉၄ ခုနှစ်တွင် တရားဝင်ပေါင်းသင်း လက်ထပ်ထိမ်းမြားခဲ့ကြပြီး သား ၂ ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်ခဲ့ရာ ၂၀၁၁ ခုနှစ်ခန့်တွင် ကျွန်ုပ်မိတ်ဆွေမှ နိုင်ငံရပ်ခြားခရီးထွက်သွားစဉ် ဒေါ်မေယုမှ အိမ်ထောင်ရေးဖောက်ပြန်ခဲ့ပြီး လက်ဝတ်လက်စား ပစ္စည်းများယူဆောင်၍ နေအိမ်မှ ထွက်သွားခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ သား ၂ ဦးအား ကြည့်ရှုစောင့်ရှောက်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ အချိန်မှစ၍ ဒေါ်မေယုသည် ကျွန်ုပ်မိတ်ဆွေနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့်ဒေါ်မေယုနှင့် ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဒေါ်မေယုမှ ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်း၊ မိသားစုအား အနှောင့် အယှက်ပြုမူခြင်းများပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်သိန်း	**ဒေါ်မွန်မွန်စိုး**	**ဒေါ်ယဉ်ယဉ်အောင်**
(စဉ်-၅၃၃၈)	**(စဉ်-၂၈၄၁၅)**	**(စဉ်-၃၀၉၈၄)**
B.A,R.L,D.B.L,D.I.L	**LL.B**	**LL.B, D.B.L, D.I.L, D.M.L**

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ်(၁၅၇)၊ ဒုတိယထပ်၊ A/3၊ ၂၈ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊
Ph:095076158, 0973093182, 09-43128906

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်၊ (၁)လမ်း အမှတ်(၅၀/က)နေ ဦးသန်းဇော်[၁၂/ဥကတ(နိုင်)၀၁၃၅၃၉]၏သား မောင်မျိုးသူရဇော်(ခ)ကောင်ကောင်[၁၂/ဥကတ(နိုင်)၁၇၈၂၅၈] သည် မိဘတို့ဆိုဆုံးမမှုကို မနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါ) (မေးမြန်းခြင်းသီးခံပါ)

ဖခင်ဦးသန်းဇော်

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ဈေးကြီးရပ်ကွက်၊ အရှေ့ပိုင်းနယ်မြေ(၁)နှင့်နယ်မြေ(၂)ရှိ စရီကာမာချီယမွန် မယ်တော်ဘုရားကျောင်းဂေပါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သက္ကလမြို့ရှိ စရီကာမာချီယမွန် မယ်တော်ဘုရားကျောင်းတည်ရှိရာ သက္ကလမြို့အရှေ့ပိုင်းနယ်မြေ(၁)နှင့် နယ်မြေ(၂)ရှိ စရီကာမာချီယမွန်မယ်တော်ဘုရားကျောင်း မြေများကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ခန့်မှစ၍ ဂေါပကအဖွဲ့အဆင့်ဆင့်မှ ဘိုးစဉ်ဘောင်ဆက်ထိန်း သိမ်းထားရှိကာ နှစ်စဉ်မယ်တော်ဘုရားပွဲတော်ကို မြို့မိမြို့ဖများ နာယကလူကြီးများနှင့် ဘုရား ကျောင်းဂေါပကအဖွဲ့တို့၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပွဲတော်ကျင်းပ ပြုလုပ်ခြင်း တရားဝင်အလှူခံထွက်ရှိခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့လက်ရှိဂေါပကအဖွဲ့မှ တရားဝင်ဆောင်ရွက်ခဲ့ကြသော်လည်း ထိုဘုရားကျောင်းနှင့်မသက်ဆိုင်သော ရပ်နီးရပ်ဝေးလူတစ်စုမှ မယ်တော်ဘုရားကျောင်းအမည်အား အကြောင်းခံ၍ သီးခြားပွဲတော်ကျင်းပရန်အတွက် တရားမဝင်အလှူငွေများအခြားဒေသတို့တွင် လိုက်လံကောက်ခံခြင်း မယ်တော်ဘုရားကျောင်းဝင်းအတွင်း မဖွယ်မရာပြုမူခြင်းများပြုလုပ်နေပါသဖြင့် ယင်းကိစ္စအတွက်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် လက်ရှိဂေါပကအဖွဲ့မှ စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ထိုလူတစ်စု၏ စီစဉ်လုပ်ဆောင်ခဲ့မှုများမှာလည်း လက်ရှိဂေါပကအဖွဲ့နှင့် မည်သို့မျှမသက်ဆိုင်ကြောင်းနှင့်စရီကာမာချီယမွန်ဘုရားပွဲတော်အတွက် အလှူငွေကောက်ခံရာတွင် လက်ရှိ ဂေါပကအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကောက်ခံခြင်းမပြုရန်နှင့်ထိုကဲ့သို့ခွင့်ပြုချက်မရှိဘဲ သီးခြား အလှူငွေကောက်ခံခြင်း၊ စရီကာမာချီယမွန်မယ်တော်၏ အမည်အား အကြောင်းပြု၍ မဖွယ်မရာကိစ္စများပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စရီကာမာချီမယ်တော်ဘုရားပွဲတော်ကိုလည်း နှစ်စဉ်ကျင်းပမြဲသတ်မှတ်ရက်အတိုင်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးရာဂျူး(ဥက္ကဋ္ဌ)
စရီကာမာချီယမွန်မယ်တော်
ဘုရားကျောင်းဂေါပကအဖွဲ့၊ သက္ကလမြို့၊
ကဝမြို့နယ်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူချိုဇော်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၀၉၃၇)
အမှတ်(၆/၇၄)၊ အုန်းနဲ့၊
ကဝမြို့နယ်။

၂၉-၁၁-၂၀၁၃ရက်စွဲဖြင့် ဒေါ်တင်တင်အိ၏ ကြော်ငြာချက်အပေါ် ဒေါ်သီတာမြင့်မှပြန်လည်ရှင်းလင်းခြင်း

ဒေါ်တင်တင်အိနှင့် ဦးစိုးဝင်းသည် ၁၂. ၁၂. ၂၀၀၉ ရန်ကုန်တိုင်းတရားရုံး(တရားမ) ဒုခရိုင်တရားသူကြီး(၂)ရှေ့တွင်တရားဝင် ကွာရှင်းပြီးဖြစ်လျက် ဦးစိုးဝင်းကို ခင်ပွန်းဟု လိမ်လည်ကြေညာခြင်းဖြစ်သည်။

ဦးစိုဝင်းက ဦးတင့်နိုင်ကို မွေးစားသည့်စာချုပ်ကို ၁၂. ၁. ၂၀၀၃ရက် ကြေးမုံသတင်းစာမှ ရုပ်သိမ်းပြီးဖြစ်သည်။ ဒေါ်သီတာမြင့်ကို မွေးစားခြင်းသည် ဥပဒေနှင့်အညီထုံးနည်းတကျမှတ်ပုံတင်အရာရှိ ရှေ့တွင် ဆောင်ရွက်ခြင်းဖြစ်၍ သတင်းစာပါ စကားရပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို စော်ကားရာရောက်ပါသည်။

ဦးစိုးဝင်းနာမကျန်းစဉ် တူမဖြစ်သူ ဒေါ်စန်းမြင့်က ပဲခူးသာယာအေးရွာ၌ခေါ်ယူစောင့်ရှောက်နေရာမှ ဒေါ်တင်တင်အိက လာရောက်ခေါ်ဆောင်သွားပြီးကွယ်လွန်ခြင်းဖြစ်ပါသည်။ ဦးတင့်လှိုင်က အနောက်ပိုင်းခရိုင်တရားရုံးတွင် ဦးစိုးဝင်းကိုယ်တိုင်နှင့် ဒေါ်သီတာမြင့်တို့ အပေါ် တရားစွဲဆိုခြင်းဖြစ်သည်။ဦးစိုးဝင်းကွယ်လွန်ပြီးမှ တရားစွဲခြင်းမဟုတ်၍ သတင်းစာပါစကားရပ်များသည် လိမ်လည်ဖော်ပြခြင်းဖြစ်သည်။

ဦးတင့်လှိုင်နှင့်ဒေါ်သီတာမြင့်တို့သည် အမှုဖြစ်ပွားနေသည့်အတွက် (၂)ဦးအတူပူးပေါင်း၍ မည်သည့်ကိစ္စကိုမှ ဆောက်ရွက်ခြင်း မရှိဘဲလျက် သတင်းစာတွင်မမှန်မကန်လိမ်လည် ကြော်ငြာခြင်းဖြစ်သည်။

စာရွက်စာတမ်းများ မစစ်ဆေးဘဲအလွယ်ကြော်ငြာခြင်းအတွက် ဒေါ်တင်တင်အိနှင့် ၎င်း၏ လွှဲအပ်ခြင်းခံရသူများအားလုံးတွင် တာဝန်ရှိသည်။ ထိုကြော်ငြာကို (၁)ပတ်အတွင်းနောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းရန်ဖြစ်ပါသည်။ မရုပ်သိမ်းပါကတာဝန်ရှိသူများအားလုံးအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်သီတာမြင့်
[၁၂/ပဇတ(နိုင်)၀၀၆၉၁၁]

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇-လမ်း၊ အမှတ်(၂၂၅)၊ ပ-ထပ်(ယာ)နေ ဦးထွန်းတင်၏သား ဦးကျော်ဟန် [၁၂/ ကတတ(နိုင်)၀၀၉၃၅၁]နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇လမ်း၊ အမှတ်(၂၂၅)၊ ပ-ထပ်(ယာ)နေ ဦးငွေကိုင်၏သမီး ဒေါ်အေးအေးခိုင်[၁၂/ကတတ(နိုင်)၀၀၉၃၆၆]တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိပါသဖြင့် ၁-၁၁-၂၀၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိဒေါ်အေးအေးခိုင်၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် နောက်နောင်ဒေါ်အေးအေးခိုင်နှင့်ပတ်သက်သည့်အရှုပ်အရှင်း ကိစ္စအဝဝကို ဦးကျော်ဟန်မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်ဟန်၏လွှဲအပ်ညွှန်ကြားချကအရ-

ဒေါ်နိုင်နိုင်ရွှေ(LL.B, D.B.L) **ဦးရဲဝဏ္ဏ(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၆) **အထက်တန်းရှေ့နေ(စဉ်-၃၈၃၁၀)**
အမှတ်(၁၀/၁၂)၊ အခန်းအမှတ်(၁၀၄/ဈ)၊ ၃၅လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၆၁၆၃၀၊ ၀၉-၇၃၁၇၂၉၂၆

မြို့ရွာတစ်ခွင် သာစေချင် မီး တွင်မပေါ့နှင့်

တစ်နှစ်ပြည့်အလွမ်း

(၉-၁၁-၂၀၁၂)ရက်မှ (၉-၁၁-၂၀၁၃)ရက်နေ့

ဒေါ်ခင်ဆွေအေး@Annie

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငွေစာရင်း-ငြိမ်း)

ခင်-- မင်သူပေါ်များ။

ဆွေ-- မျိုးများကို စောင့်ရှောက်။

အေး--- ချမ်းတဲ့ ဘုံဘဝရောက်ရှိနေသည့်

ချစ်သောအစ်မကြီး ဒေါ်ခင်ဆွေအေး(ခ)မမနီ "တစ်နှစ်ပြည့်"သော်လည်း လွမ်းမပြေပြီ။

ချစ်ညီမ-ချိုချိုမာ(ဒုတိယညွှန်ကြားရေးမှူး)
တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်နှင့်
မောင်နှမ၊ တူ၊ တူမ၊ မြေးများ

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အခန်းအမှတ်(၄၀၁၊ ၄၀၂)၊ ဝါးတန်းကွန်ဒို၊ ခြံအမှတ်(၇)၊ ကလီရိပ်သာလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကျင်အေး(ခ)တန်ရော့ဗ္ဗာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝမ်းကြည်-ဒေါ်စောလုတို့၏ဖခင်ဖြစ်သူ ဦးပီတာလူးသည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ
ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အခန်းအမှတ်(၄၀၁၊ ၄၀၂)၊ ဝါးတန်းကွန်ဒို၊ ခြံအမှတ်(၇)၊ ကလီရိပ်သာလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကျင်အေး(ခ)တန်ရော့ဗ္ဗာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝမ်းကြည်-ဒေါ်စောလုတို့၏ဖခင်ဖြစ်သူ ဦးပီတာလူးသည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဌာနမှူးနှင့်ဝန်ထမ်းများ
ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)

၄ နှစ်ပြည့် လွမ်းဆွတ်သတိရအောက်မေ့ခြင်း

ဒေါ်အဲန်နှာ

(၉-၁၁-၂၀၀၉ မှ ၉-၁၁-၂၀၁၃)

ချစ်သောမေမေ--

အေးချမ်းငြိမ်သက်စွာ ခရစ်တော်၌ အိပ်ပျော်သွားခဲ့တာ ဒီနေ့ဆိုရင် (၄)နှစ် ရှိပါပြီ။

မေမေရဲ့ ဆိုဆုံးမမှုတွေ-- စိတ်ကောင်းစေတနာရှိမှုတွေကို သားသမီးတွေရဲ့ ရင်ထဲမှာ-- နာရီစက္ကန့်အမျှ မေ့မရနိုင်ဘဲရှိနေပါတယ်-- မေမေ။

မေမေအတွက် ရည်မှန်းပြီးပြုခဲ့သမျှ အလှူတွေအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော် ခွန်အားပြည့်ဝစွာဖြင့် ထာဝရဘုရားသခင်၏ကောင်းကင်ဘုံမှာ ချစ်သောမေမေ ကောင်းချီးမင်္ဂလာအဖြာဖြာ ခံစားနိုင်ပါစေ။

ချစ်ခင်ပွန်း	**- ဗိုလ်မှူးသိန်းဌေး(ငြိမ်း)**
ချစ်သမီးကြီး	**-မနန်းသိန်းပွင့် (B.Com)** **နန်းရွှေစဉ် ရတနာရွှေဆိုင်၊ ပဲခူးမြို့။**
ချစ်သမီးငယ်	**-မအိမွန်သိန်း B.Sc (IC)** **MSS Marine & Offshore Pte: Ltd.** **Singapore (Accounts Officer)**
ချစ်သားငယ်	**-ဒေါက်တာထက်ဝေသိန်း(B.V.Sc) -မမေသဇင်ဖူး** **အာရှကျားစားတော်ဆက်နှင့်** **ထက် သုံးဘီးဆိုင်ကယ်ရောင်းဝယ်ရေး၊** **ပဲခူးမြို့။**
ချစ်ညီမလေး	**-မအေးအေးကြည်**
ချစ်မြေးလေး	**-Aron**

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊စက်မှုဝန်ကြီးဌာန)ဒေါ်တင်အုန်းမြင့်(အထပြ-ငြိမ်း)တို့၏ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်းမြို့) လ/ထ အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း) (ဆောက်လုပ်ရေး) အသက်(၉၂)နှစ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု၊ ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးသောင်းညွန့်

အသက်(၈၅)နှစ်

ဦးဝင်းမြင့်-ဒေါက်တာဒေါ်မေဝင်းမြင့်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့၏ဖခင်ကြီးသည် ၁-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(NLD)ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ(နေပြည်တော်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဘဘ ဦးဌေးဦးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကကြီးကြီး ဒေါ်နီနီဝင်းတို့၏ ချစ်လှစွာသော မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဌေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သမီး ထက်ဥရွှေရည်

တစ်နှစ်ပြည့်အလွမ်း

အနန္တမိခင် ဒေါ်အေးအေးသန်း

(၈-၁၂-၂၀၁၂ မှ ၈-၁၂-၂၀၁၃)

တစ်ဦးတည်းသား အမေ့အား ဒို့တွက် အနှိုင်းမဲ့ရင်ခွင် စားထိုးမဝင်၍
နှစ်စဉ်နှစ်တိုး ဇွန် ၂၉ ကို မကြုံချင်သော-- အိုအမေ
ခုခါ အမေ--
ဘဝဇာတ်အိမ် ပွဲသိမ်းချိန်မို့
ဘယ်ရပ်ဌာဏီစံလေသည်မှန်း
မျှော်ကာလွမ်းသည် အမေ-- မငိုပါနဲ့တော့
အမေ့အတွက် ရည်စူး၊ ကုသိုလ်ထူးကို ကောင်းရာဘုံမှ သာခုခေါ်-

ချစ်သမီးများ၊ ချစ်မြေးများ

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အုန်းမြင့်(အထပြ-ငြိမ်း)တို့၏ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်းမြို့) လ/ထ အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း) (ဆောက်လုပ်ရေး) အသက်(၉၂)နှစ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MICS ဝန်ထမ်းဟောင်းများ

ဦးစိုင်းမောင်စိန်(မူဆယ်မြို့) (B.Ag-၁၉၇၅)

ဥက္ကဋ္ဌ၊ ခရိုင်သာသနနုဂ္ဂဟအဖွဲ့

MDထုန့်မောဝ်ကုမ္ပဏီလီမိတက်

အသက်(၆၃)နှစ်

မူဆယ်မြို့၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်ရပ်ကွက်နေ ဒေါ်နန်းခမ်းကျန်၏ချစ်လှစွာသော ခင်ပွန်း ဦးစိုင်းမောင်စိန်သည် ထိုင်းနိုင်ငံ BUMRUNGRAD ဆေးရုံတွင် ၃၀-၁၀-၂၀၁၃ရက်၊ ဒေသစံတော်ချိန် ည ၈း၁၅နာရီ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၅-ခုနှစ်ဆင်း
စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရသူငယ်ချင်းများ

ကျေးဇူးတင်ရှိခြင်း

ဒေါ်လှအုန်း အသက်(၆၀)

တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန

စစ်တွေတက္ကသိုလ်

နာရေးကိစ္စအဝဝအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော စစ်တွေတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာနမှ အင်ဂျင်နီယာချုပ်နှင့်ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်မန်နေဂျာ(စစ်တွေ)နှင့်ဝန်ထမ်းများအားလည်းကောင်း အမှတ်(၁) ရဲစခန်း(စစ်တွေ) မှရဲမှူးကြီးနှင့် အမှုထမ်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သဂ်ဟတို့အားလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးသာဝ

အသက်(၉၂)နှစ်

ဦးသန်းအောင်-ဒေါ်စန်းစန်းမော်(ဒို့တာဝန်မိသားစုကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင် ဦးသာဝသည် ၃၀-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေမေတ္တာ
အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးသာဝ

အသက်(၉၂)နှစ်

ဦးသန်းအောင်-ဒေါ်စန်းစန်းမော်(ဒို့တာဝန်မိသားစုကွန်ကရစ်လုပ်ငန်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၏ဖခင်ဖြစ်သူ ဦးသာဝသည် ၃၀-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက်၆း၀၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

win
အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးသာဝ

အသက်(၉၂)နှစ်

ဦးသန်းအောင်-ဒေါ်စန်းစန်းမော်(ဒို့တာဝန်မိသားစုကွန်ကရစ်လုပ်ငန်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၏ဖခင်ဖြစ်သူ ဦးသာဝသည် ၃၀-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့)နံနက်၆း၀၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
ရွှေမဲကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးသာဝ

အသက်(၉၂)နှစ်

ဦးသန်းအောင်-ဒေါ်စန်းစန်းမော်(ဒို့တာဝန်မိသားစုကွန်ကရစ်လုပ်ငန်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင် ဦးသာဝသည် ၃၀-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဲဗား
အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ညွန့်(ပဲခူး) အသက်(၉၀)

အမှတ် ၁၂၀၊ ၂၅ လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူး၊ ဦးတင်လှ-ဒေါ်စောခင်တို့၏မိခင် ဒေါ်ခင်ညွန့်သည် ၃၁-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြင့်နောင်၊ ဘာဘူ၊ စိုးညွန့်၊ လှကြည်၊
မျိုးထွန်း၊ ရွှေစိန်၊ ဝင်းလှိုင်၊ ကြည်ကြည်အေး
အေးအေးမာ၊ ဖြူဖြူဝင်း၊ ဘီဘီဝင်း
မော်လမြိုင်ကောလိပ်ကျောင်းသူ/သားဟောင်းများ(ပဲခူး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း) (၇၆)နှစ်

ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ ခြံအမှတ်(၅၉)၊ သုမင်္ဂလာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းနေ Captain ညီညီ-ဒေါ်တင်ဝင်းဝင်းသန်း၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်မောင်သန်း(ငြိမ်း)(အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်မိုးဦးတို့၏ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင် ဗိုလ်မှူးကြီး တင်ဦး (ငြိမ်း)သည် ၃-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ရေနံဓာတ်ငွေ့ရည်အုပ်စု
ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာသစ်အရှေ့အောင်ဆန်း၊ ညောင်တပင်လမ်း၊ အမှတ်(၆၀၁-A)နေ (ဦးတင်ဝင်းညို)၏ဇနီး၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဦးဝင်းနိုင်-ဒေါ်ခင်အေးဝင်းညို(အန်တီဆူး)တို့၏ချစ်လှစွာသော မိခင်၊ ဗိုလ်ကြီးဇေယျာထွန်းညို(ငြိမ်း)-မနှင်းနန္ဒာလှိုင်၊ မခိုင်ဇာဖြူ(မေဖြူဖြူ)တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အန်တီလုလုနှင့်
The Rich Gems မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ထွေး (၆၆)နှစ်

အောင်သပြေရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ကျေးရွာနေ (ဦးစွမ်-ဒေါ်အေးကြည်)တို့၏ သမီးထွေး၊ ဒေါ်ကြည်လှိုင်၊ (ဦးသိန်းဟန်)၊ (ဦးသောင်းဟန်)၊ ဒေါ်ခင်ရှိန်တို့၏ ညီမထွေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း ရပ်ကွက်၊ အမှတ်(၅၅၀)နေ (ဦးစိုးလွင်)(တိမ္မေးကု)၏ဇနီး၊ ဦးကျော်စိုးမိုး၊ ဒုတိယ ဗိုလ်မှူးကြီးဇော်ဝင်းအောင်-ဒေါ်ဝါဝါဝင်း၊ ဦးထွန်းညွန့်ရွှေ-ဒေါ်နီနီစိုး၊ ဒေါက်တာ အာကာသန့်စင်-ဒေါ်မိုးသန္တာတို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၈-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၆း၃၅ နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကြည်မြင့် (၆၃)နှစ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(လသာမြို့နယ်)

အမျိုးသားစာပေဆုရှင် (ဘာသာပြန်သုတ)

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်ပု)တို့၏သား၊ ဦးထွန်းအောင်ကျော်၏ ညီ၊ ဒေါ်စီစီ၏မောင်၊ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်နွယ်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်မြမြ၊ ဦးခင်ဇော်-ဒေါ်ခင်မေနုတို့၏အစ်ကို ၊ အမှတ်(၅၄)၊ ပြည်တော်အေး လမ်း၊ လမ်းထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မင်းမင်းဦး၏ခင်ပွန်း၊ ကိုအောင်မြတ်စိုး-မဇာခြည်အောင်၊ ကိုဇာနည်မြင့်တို့၏ဖခင်၊ မြေးနှစ်ယောက် တို့၏အဘိုး၊ မောင်အောင်ကျော်မြတ်၊ မောင်စည်သူဇော်တို့၏ဦးလေး လသာ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားစာပေဆုရှင် (ဘာသာပြန် သုတ) ဦးကြည်မြင့်သည် ၇-၁၁-၂၀၁၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၉-၁၁-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပါမည်။

ကျန်ရစ်သူမိသားစု

ကိုကြည်စိုး (၄၅)နှစ်

(မဟာတံဆိပ်ရိုက်လုပ်ငန်း) (အထက-၁၊ ဗဟန်းကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးအေး မောင်-ဒေါ်စိန်ဝင်း (မဟာတံဆိပ်ရိုက် လုပ်ငန်း)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်ဘီ)တို့၏သားသမက်၊ မစန်းစန်းထွေး၏ ခင်ပွန်း၊ ကိုသိန်းတိုး၊ မခင်သီတာစိုးတို့၏အစ်ကိုသည် ၈-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၆၆-၆၈/၅-ခ)၊ ရေတာရှည်လမ်းဟောင်း၊ ကြားတောရ ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ရှုလင်း (၇၇)နှစ်

(ကညွတ်ကွင်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ မေဓာဝီလမ်းမကြီး၊ အမှတ် (၂၃၄)နေ (ဦးထွန်းငွေ-ဒေါ်သန်း)တို့၏ သမီးကြီး၊ (ဦးတင်ဦး)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်စန်းစန်းဦး(အထက်တန်းပြ ဆရာမ၊ အထက-၂၊ လမ်းမတော်)၊ ဦးအောင်မြင့်(ကျန်းမာရေးမှူး၊ ငြိမ်း)- ဒေါ်နွဲ့နွဲ့ဦး(ခ)ဒေါ်သစ်သစ်ဦး (အထက် တန်းသူနာပြုဆရာမ၊ ၅၀/ဒေသန္တရ ကျန်းမာရေးဌာနခွဲ၊ မ/ဒဂုံ)၊ ဒေါ်မာ မာဦး(သူနာပြုဆရာမကြီး၊ ကလေးဆေးရုံ ကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဇင်မျိုးအောင်(ကမ္ဘာ့ဇာဘဏ်ခွဲ၊ သင်္ဃန်းကျွန်း-၁)၊ မောင်ထက်လင်းစိုး (B.Tech 2nd Civil နည်းပညာတက္က သိုလ်၊ သန်လျင်)တို့၏ အဘွားသည် ၈-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၃ နာရီ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းမကြီး၊ အမှတ်(၁၁၁၆)နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၁၀-၁၁-၂၀၁၃(တနင်္ဂနွေ နေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မ/ဒဂုံ နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွင့်ခေါင်ကျော်(ခ) ဦးလမ်းဗိုလ် (၅၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် နေ (ဦးအောင်ကျော်-ဒေါ်စိန်ရှင်)တို့၏ သား၊ (ဦးကြင်သိန်း)-ဒေါ်ညွန့်တို့၏ သားသမက်၊ ဦးမြင့်စိုး၊ ဦးထွန်းလှ (ကပရ)-ဒေါ်မြင့်မြင့်စန်းတို့၏ ညီ/မောင်၊ ဦးချစ်ချစ်-ဒေါ်အေးအေးသိန်း[ပင်မ အလုပ်ရုံ(တောင်)]တို့၏ အစ်ကို၊ မြောက် ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၅၄၀)၊ သုနန္ဒာလမ်းမကြီးနေ ဒေါ်ခိုင် ခိုင်ဝင်း(အလက-၈၊ မြောက်ဥက္ကလာ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ချမ်းငြိမ်း အောင်၏ဖခင်သည် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅း၄၀ နာရီ တွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၉-၁၁-၂၀၁၃(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၃-၁၁-၂၀၁၃(ဗုဒ္ဓဟူး နေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဆွေမြင့် အသက်(၆၀)

(အထပြ-ငြိမ်း)

(အထက-၄၊ မင်္ဂလာတောင်ညွန့်)

ရန်ကုန်မြို့၊ အမှတ်(၁၇၀)၊ ပထပ်၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသောင်းတင်-ဒေါ်တင်ကြည်)တို့၏ သမီးငယ်၊ (ဦးသက်တင်-ဒေါ်သန်းသန်း) တို့၏ သမီးချွေးမ၊ ဦးသိန်းထွဋ်(တရား လွှတ်တော်ရှေ့နေ)၏ဇနီး၊ (ဦးဂျေတင်)- ဒေါ်နွဲ့နွဲ့တင်၊ (ဦးမျိုးမြင့်)-ဒေါ်မြညွန့်၊ ဦးလှမြင့်-ဒေါ်ခင်မလေး၊ ဦးအောင်မြင့်- ဒေါ်တင်ဝင်းတို့၏ ညီမ၊ ဦးဝင်းမြင့်- ဒေါ်သက်မာစိုးညွန့်တို့၏ အစ်မ၊ ဦးပိုင်သူ - ဒေါ်ထက်ထက်အောင်၊ (ဦးအောင်အောင်ကို)၊ ကိုအောင်ပြည့်ဖြိုး တို့၏ ချစ်လှစွာသောမိခင်သည် ၈-၁၁- ၂၀၁၃(သောကြာနေ့) နံနက် ၁း၃၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁- ၂၀၁၃ ရက် ညနေ ၃ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

ဆရာဦးသန်းအောင် (၅၈)နှစ်

(အထက-၃၊ မရမ်းကုန်း)

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက် မြို့နယ်နေ (ဦးချုံ-ဒေါ်သိန်းရွှေ)တို့၏ သားထွေး၊ (ဦးအောင်သိန်း-ဒေါ်ကြင် လှိုင်)တို့၏ သားသမက်၊ (ဦးမြင့်ဆွေ- ဒေါ်ခင်စန်းရီ)၊ ဒေါ်တင်ဝင်း၊ ဦးဖိုးလုံး- ဒေါ်ငွေရီတို့၏ ညီ/မောင်၊ ဒေါ်သန်း သန်းဝေ၏ အစ်ကို၊ ဦးကြင်စိန်-ဒေါ်ခင် လှနွယ်၊ ဦးဝင်းထိန်-ဒေါ်ဝင်းရီ၊ ဦးမောင် ဆန်း-ဒေါ်ခင်မေဝင်းတို့၏ ညီ/မောင်၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ကိုးမိုင်၊ စော်ဘွားလမ်း၊ အမှတ် (၁၉)နေ မောင်ထက်ဝေယံမင်း၊ မသဲစုနိုင် တို့၏ ဖခင်၊ ဆရာမဒေါ်သန်းသန်းဝင်း (ထ-၃၊ မရမ်းကုန်း)၏ ချစ်လှစွာသော ခင်ပွန်းသည် ၈-၁၁-၂၀၁၃(သောကြာ နေ့) နံနက် ၇း၅၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀- ၁၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးကောင်းလှဖြူ (ကြည်း-၃၃၇၈) အသက်(၈၇)နှစ်

စစ်တွေမြို့နေ (ဦးသထော်ဦး-ဒေါ်စံ လှဖြူ)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးစံထွန်းအောင်-ဒေါ်ကျက် ရုံးဖြူ)တို့၏သားသမက်၊ ဒေါ်အုံးကြာဖြူ ဦးစောလှဖြူ-(ဒေါ်မခင်)၊ ဦးကျော်ထွန်း- ဒေါ်တင်ရီ၊ ဦးသာဒိုး-ဒေါ်မြရွှေ၊ ဒေါ် သာနုဖြူ-ဦးမောင်နီ၊ ဒေါ်မြညွန့်-(ဦးဘ သန်း)၊ ဒေါ်မြသန်း-ဒေါက်တာဦးလှဖော်၊ ဦးငွေအောင်-ဒေါ်မြစန္ဒာ၊ ဒေါ်မြဝိုင်း၊ ဦးဇေဌအောင်-ဒေါက်တာကြည်ကြည် သာတို့၏ အစ်ကိုကြီးသည် ၈-၁၁- ၂၀၁၃ (သောကြာနေ့) နံနက် ၁၁ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁- ၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။[အမှတ်(၂)တပ်မတော် ဆေးရုံကြီးမှ ကားများ နံနက် ၁၀း၃၀ နာရီထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်စမ်းရီ(ခ) စီစီလျာကိုဇင်(ဒါးပိန်) (၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်း၊ တိုက်အမှတ်(၅)၊ အခန်း အမှတ်(၁၁)နှင့် ဒေါပုံမြို့သစ်၊ ရတနာ သီရိလမ်း၊ အမှတ်(၂၈၅)နေ [ဦးကိုဇင် [အထက်တန်းလေ ယာဉ်လက်ထောက်၊ UBA(BAC)]၏ ဇနီး၊ ဦးမောင်မောင် ဇင်-ဒေါ်ခင်ခင်ဝင်း၊ (ဦးစောတယ်နီစင်- ဒေါ်ခင်မြမြဇင်)၊ ဦးဝင်းဇင်(ခ)ဦးထွန်း မင်း-ဒေါ်ဖြူဖြူဇင်၊ (ဦးညီညီဇင်)၊ ဦးလှ အေး-ဒေါ်ကြူကြူဇင်၊ ဦးဇော်မင်းဇင်- ဒေါ်မြမြဝင်း၊ ဦးအောင်သီ-ဒေါ်ခင်မာ လာဇင်၊ (ဦးဘို မြင့်ဇင်)-ဒေါ်စိုးစိုးကြည်၊ ဦးမင်းမင်းဇင်-ဒေါ်မာလာ၊ ဦးဇော် ဇော်အောင်-ဒေါ်အေးအေးဇင်တို့၏ မိခင်၊ မြေး ၁၉ ယောက်၊ မြစ်ခြောက် ယောက်တို့၏ချစ်လှစွာသော ဘွားဘွား ကြီးသည် ၇-၁၁-၂၀၁၃(ကြာသပတေး နေ့) မွန်းလွဲ ၂နာရီတွင် ဗဟိုရ်စည် အထူးကုဆေးရုံ၌ ခရစ်တော်တွင်အိပ် ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (အမှတ်-၂၈၅၊ ရတနာ သီရိလမ်း၊ ဒေါပုံမြို့သစ်နေအိမ်မှ ကား များ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမြင့်ခိုင်(ဒေးဒရဲ) အသက်(၇၀)

(မန်နေဂျာ-ငြိမ်း၊ မြန်မာ့အာမခံလုပ်ငန်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၂၁)၊ ဦးဖိုးလမ်း၊ စမ်း(တောင်)ရပ်ကွက်နေ (ဦးနာကပ္ပ-ဒေါ်ခင်မေ)တို့၏ သား၊ (ဦးဖေမောင်-ဒေါ်စိန်လှ)တို့၏ သား သမက်၊ ဦးစိုးဝင်း-ဒေါ်တင်မြင့်၊ ဦးမြတ် ဆွေ-(ဒေါ်ခင်မြ)တို့၏ မောင်၊ ဦးတင့် ခိုင်-ဒေါ်ကျင်အေးတို့၏ အစ်ကို၊ ဒေါ်ခင် သန်းနွယ်(မြန်မာ့အာမခံ-ငြိမ်း)၏ခင်ပွန်း၊ မအေးမြတ်မိုး (Accountant, MGS Engineering)၊ မောင်အောင်ဇေယျ တို့၏ဖခင် ဦးမြင့်ခိုင်သည် ၈-၁၁-၂၀၁၃ ရက် နံနက် ၁၁နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀- ၁၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမြင့်အောင် (၆၄)နှစ်

(ဒေါ်လာမြင့်အောင်)

(ဗိုလ်ချုပ်ဈေး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ အမှတ်(၁၀၀/၁၀၂)၊ အထက် ပုဇွန်တောင်လမ်းမကြီး၊ ချမ်းသာပလာဇာ၊ အခန်းအမှတ်(၀၃-၀၃)နေ (ဦးမောင် ကြည်-ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်ခင်သန်း၏မောင်၊ ဒေါ်ဆယ်တင်၏ ခင်ပွန်း၊ မကေသီဦး၏ ဖခင်သည် ၈- ၁၁-၂၀၁၃(သောကြာနေ့) နံနက် ၉ နာရီ တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၁၀-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ဈေးမှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြည်ညွန့်(စစ်ကိုင်း) (၈၃)နှစ်

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်နာယက

ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန

အင်အားဂျာနယ် အယ်ဒီတာချုပ်

စစ်ကိုင်းမြို့နေ (ဦးလင်း-ဒေါ်ခင်)တို့၏ သား၊ (ဦးဖိုးကြည်-ဒေါ်အေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြေနီကုန်း ကျောင်းလမ်း၊ အမှတ်(၂၃)နေ ဒေါ်အေးမြင့် (ကထိက-ငြိမ်း၊ မနုဿဗေဒ၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးချစ်လှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ကြည်ကြည်သန်း(အကောက်ခွန်- ငြိမ်း)တို့၏ဖခင်၊ မောင်သန့်ဇင်ထွန်း၊ မနှင်းသီရိ၊ မောင်နေမျိုးသီဟတို့၏အဘိုး သည် ၇-၁၁-၂၀၁၃ရက် နံနက် ၀၀း၁၅ နာရီတွင် ကောင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးဗိုလ်လောင်း တက္ကသိုလ်သို့ ခန္ဓာကိုယ်လှူဒါန်းခဲ့ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် အလှူဒါယိကာမကြီး

ဒေါ်ခင်ကြည် (၉၇)နှစ်

